

ACE
မောင်နှင်းဆွေ
စိုးပြိုလက်သီး
ပထမတွဲ
ကုလုံ၊ဏော်၊ချွန်တို့

ပထမအကြိမ်
၁၉၉၀၊ ဖေဖော်ဝါရီလ
စာမူခွင့်ပြုအမှတ် ၁၈/၉၀{၁}
မျက်နှာဖုံးနှင့်ရေခံခွင့်ပြုအမှတ် ၀၀၁/၉၀{၁}
တန်ဖိုး ကျပ်သုံးဆယ့်နှစ်တိတိ
အုပ်ရေ ၁၀၀၀ အုပ်
မျက်နှာဖုံးပန်းချီ မျိုးသန့်အောင်
ကာလာခွဲ ပေါက်စီ(သန်းစိုး)
မျက်နှာဖုံးရိုက် သမီးနှင့်သား
ပုံနှိပ်သူ ဦးရွှေစိုး {၀၃၀၅၅}

သမီးနှင့်သားပုံနှိပ်တိုက်
၄၀•ဝတ်ကျောင်းလမ်း၊ရေကျော်၊ရန်ကုန်

ထုတ်ဝေသူ မောင်နှင်းဆွေ(မြ ၀၉၈၃)
ပန်းလက်ဆောင်စာပေ
၃၃၊ ကျောင်းလမ်း၊ မင်္ဂလာတောင်ညွန့်၊
ရန်ကုန်မြို့



# မောင်နှင်းဆွေ

## မိုးဖြိုလက်သီး
(ပထမပိုင်း)

မိုးဝေပန်း စာပေမှတစ်ဆင့်ဖြန့်ချိသည်

# အခန်း (၁)

ဆောင်းနှောင်းကာလ။

ရာသီဥတုမှာ သာယာလျက် ရှိသည်။ အအေးဓာတ် လျော့ပါးစ ကာလမို့ နေသာစထိုင်သာ ရှိသောကာလဟု ဆိုရမည်။ နေရာတိုင်းတွင် နှင်းရေခဲများကိုလည်း မတွေ့ရတော့ပါ။

သို့သော် သစ်ပင်ပန်းမာလာတို့အား စိုစိုပြည်ပြည် ရှိနေချေ၏။

■ ■ ■

ယနေ့အား ရှောက်မာအတွက် ထူးခြားလှသော နေ့တစ်နေ့ဟု မဆိုသာပါချေ။ ဖြစ်ရိုးဖြစ်စဉ်အတိုင်း ကြုံတွေ့ရသော နေ့တစ်နေ့ပင် ဖြစ်ပါလေ၏။

သို့သော်....

ရှောက်မာအတွက် ကံအခက်ဆုံး နေ့တစ်နေ့ဟု ဆိုရပေမည်။

သုံးလအတွင်း ကံအကောင်းဆုံးသော နေ့တစ်နေ့ဟု ဆိုနိုင်ပေသည်။

အကြောင်းကား....

သူသည် တိုက်ပွဲသုံးပွဲ ဆင်နွှဲခဲ့သည်။ သုံးပွဲစလုံး သူ နိုင်ခဲ့သည်။

သို့သော် ဓားချက်တစ်ချက် အထိခံလိုက်ရသည်။ သေလောက်သောဒဏ်ရာ မဟုတ်သဖြင့် သူ အောင်ပွဲခံခဲ့သည်ဟု ဆိုရမည်ပင်။

သူသည် အရက်အလွန်အကျွံ သောက်ထားသော်လည်း ယခုတိုင် မမူးသေးပါချေ။ သူ့ကိုယ်သူ ကောင်းကောင်း ထိန်းနိုင်သေးသည်။ ခြေလှမ်းမှန်မှန်နှင့် လမ်းလျှောက်နိုင်သေးသည်။

ရှောက်မာသည် မူးနေသော်လည်း လမ်းကိုမှန်မှန်လျှောက်လျက် ရှိသည်။

ထိုသို့ လမ်းကို မှန်မှန်လျှောက်နေနိုင်သည်မှာ သူ့အတွက် ထူးခြားနေသည်ဟု ဆိုရပေမည်။

အရက်လည်း သောက်ထားသည်။ ဓားဒဏ်ရာလည်းရထားသည်။

မည်သူမဆို လမ်းပေါ်တွင် လဲနေပေမည်။





ရှောက်မာက မူးနေသော်လည်း မလဲပါ။ ဇွဲခြံ့ရုပင် သူ့လမ်းသူ လျှောက်နေသည်။ ရှောက်မာထိသော ဓားချက်က မပြင်းလှပါချေ။

သို့သော် ထိုဓားချက်ကို အခြားလူတစ်ယောက်သာ ခံရပါက အသက်နှင့်ကိုယ် အိုးစားကွဲသွားနိုင်သည်။

သို့သော် ရှောက်မာက သက်လုံကောင်းသည်။ လျင်မြန်၏။ အရှောင်အတိမ်းသွက်သည်။ ထို့ကြောင့် သူသည် ဓားထိသွားသော်လည်း ချက်ကောင်းကို အထိမခံရခြင်း ဖြစ်သည်။

ယခု သူ ဓားချက်ထိသည်မှာလည်း တမင် အထိခံလိုက်ခြင်း ဖြစ်သည်။ နန်လောက်ဝူက ဓားစွမ်းဘယ်လောက် ထက်သည်ကို သိလို၍ လေ့လာရင်း တမင် အထိခံလိုက်ခြင်း ဖြစ်သည်။

သို့မဟုတ်ပါက ထိုဓားချက်ကို သူ ကောင်းစွာ ရှောင်တိမ်းသွားမည်သာဖြစ်၏။

ရှောက်မာသည် ဓားကို ကြောက်သူ မဟုတ်။ ဓားကို မကြောက်၍လည်း သိုင်းလောကတွင် ကျင်လည်နေသူ ဖြစ်သည်။

သို့သော် ဓားခုတ်ခံရသည့် အရသာကမူ မြိုးမြိုးမြက်မြက် ရှိနေပါသည်။ သူ့ဒဏ်ရာက ယခုတိုင် သွေးထွက်နေသေးသည်။

သို့တိုင် ရှောက်မာကမူ သူ့အသက် မသေသဖြင့် အတော်ကို ကျေနပ်နေလေသည်။

အသက်သည် အဓိက ဖြစ်၏။ လူသည် အသက်မသေသေး၍ ဆက်လက်လှုပ်ရှားနိုင်မည်။

မိမိရန်သူကို အလဲ စားချေခွင့် ရှိနေသည်၊ သို့အတွက် ရှောက်မာသည် ကျေနပ်နေခြင်း ဖြစ်သည်၊

ရှောက်မာသည်သေရမည်ကို ကြောက်တတ်သူကား မဟုတ်၊ ဆင်းရဲသည်ကို ကြောက်တတ်သူလည်း မဟုတ်၊ ဒဏ်ရာရမည်ကို ကြောက်တတ်သူလည်းမဟုတ်။

သို့သော် သူ ဒဏ်ရာရသောအခါ ခံရခက်သော ဝေဒနာ၊ သူ မသိယောင် ပြုနေသည်၊

ထိုအခါ ရှောက်မာသည် ခံရခက်သာလာ၏၊ သူ့စိတ်ကို သူ ပျော်အောင် ကြိုးစား၍နေ၏၊

ထိုအခါ သူ ပျော်သလိုလို ဖြစ်လာသည်၊

■ ■ ■

လသာည ဖြစ်သည်၊

ရှည်လျားသော လမ်းမပေါ်တွင် လူသူ ကင်းမဲ့ တိတ်ဆိတ်နေသည်။

မီးရောင်ကား မရှိတော့၊ လူချမ်းသာများ၏ နေအိမ်များမှ ဝင် မီးပုံများ ငြိမ်းလျက် ရှိနေပြီ ဖြစ်သည်၊

လသာည ဖြစ်သဖြင့် လမ်းမကြီးပေါ်တွင် လရောင် ဖြာကျလျက် ရှိသည်၊

လရောင်ဆမ်းသော လမ်းပေါ်တွင် ရှောက်မာသည် တစ်ကိုယ်တည်း လျှောက်လျက်ရှိသည်။

လရောင်သည် စိတ်ကို သာယာကြည်နူးစေ၏၊

ရှောက်မာသည် သူ့အဖြစ်အပျက်များကို မေ့ကာ အလိုလို ပျော်လာ၏၊





ရှောက်မာ အလိုလိုပျော်လာသဖြင့် နှုတ်ခေါက်၍ လမ်းကို လျှောက်နေမိသည်။

ထိုအချိန်တွင်....

မြင်းလှည်းတစ်စီး လမ်းမကြီးအတိုင်း ခရီးဖြင်း နှင်လာသော၊ မြင်းလှည်းကား သားနားလှသည်၊

ထို့ပြင်....

လှည်းဆွဲသောမြင်းသည် သန်မာထွားကျိုင်းလှသည်၊ မြင်းချော မြင်းသန်ကြီး ဖြစ်သည်၊

လှည်းထိန်းသည်က ကျာပွတ်ကို တရှမ်းရှမ်းမြည်အောင် ဝှေ့ယမ်း၍ မြင်းကို မောင်းနှင်လာ၏၊

မြင်းလှည်းပေါ်တွင် လူခြောက်ယောက် ပါသည်၊

လူအားလုံး အနက်ရောင် ဝတ်စုံကို ဝတ်ထားကြသည်၊ ထိုသူများသည် စကားလုံးဝမပြော ငြိမ်သက်၍ လိုက်ပါလာကြသည်၊

ရှောက်မာသည် မြင်းလှည်းသံ ကြားသော်လည်း ထိုမြင်းလှည်းကို လုံးဝ ဂရုမစိုက်ချေ၊

သူ့လမ်းသူ လျှောက်နေသည်။

သူ့အသွင်က အေးအေးဆေးဆေးပင်။

မြင်းလှည်းက ရှောက်မာအနီး၊ အရောက်တွင် ရုတ်တရက် ရပ်တန့်သွားသည်။

သို့သော် ရှောက်မာက လုံးဝဂရုမစိုက်ချေ။ သူ့လမ်းသူ ဆက်၍လျှောက်နေ၏၊

မြင်းလှည်းပေါ်မှ လူခြောက်ယောက် ခုန်ဆင်းလာကြသည်။

ရှောက်မာရှေ့ ပြေးသွားပြီး ရှောက်မာရှေ့တွင် ပိတ်ရပ်လိုက်ကြသည်။

သို့သော် ရှောက်မာက ဂရုမစိုက်။ ကြောက်လည်းမကြောက်။ ခပ်တည်တည်ပင် ထိုသူများကို ပြန်ကြည့်နေလိုက်သည်။

ထိုသူများကလည်း ရှောက်မာကို မခန့်လျှပ်သည့် အသွင်နှင့် ကြည့်လျက်ရှိသည်။

'နေရာတကာမှာ လူစွာလုပ်ပြီး ရန်ဖြစ်နေတဲ့ ရှောက်မာဆိုတာ မင်းပဲလား'

တစ်ယောက်က မေးသည်။

'ဟုတ်တယ်၊ ဘာလဲ မင်းတို့ကရော ငါ့ကို ရန်ရှာချင်လို့လား၊ ရတယ်၊ အေး...နောက်မှတော့ နောင်တမရစေနဲ့'

သူ့ရှေ့မှ လူခြောက်ယောက်တို့က ဝိုင်းရယ်လိုက်ကြ၏။

'ဘာလဲ မင်းတို့က ငါ့ကို ရန်ရှာတာလား၊ ရန်စတာလား'

ထိုအခါ တစ်ယောက်က....

'တို့က ရန်ရှာတာ မဟုတ်ပါဘူး၊ ရန်စတာလဲ မဟုတ်ပါဘူး'

'တို့က မင်းကို လာခေါ်တာပါ၊ တို့နဲ့ လိုက်ခဲ့ပါ'

'မင်းတို့ခေါ်တိုင်း ငါက လိုက်ရမှာလား'

'မလိုက်လို့ မဖြစ်ဘူး'

တစ်ယောက်က ခပ်တည်တည် ပြောသည်။





ရှောက်မာက အတော် စိတ်ပျက်သွားသည်။ လောလောဆယ် သူသည် အချင်းလည်း မများလို၊ ရန်လည်း မဖြစ်လိုပါချေ။

သူသည် သက်ပြင်းတစ်ချက်ချပြီး ရှေ့ကို ဆက်လျှောက်သည်။

အနက်ရောင် ဝတ်စုံရှင်များက ရှေ့မှ ပိတ်ရပ်လိုက် ပြန်သည်။

'မင်းတို့လွန်ပြီထင်တယ်'

'တို့ မလွန်ပါဘူး၊ တို့က ရန်စဖို့လာတာလဲ မဟုတ်ပါဘူး၊ မင်းတစ်ခုခု ဖြစ်သွားမယ်ဆိုရင်တောင် တို့ဆရာကြီးက လိုလားမှာ မဟုတ်ဘူး၊ တို့ဆရာကြီးက မင်းကို ကောင်းကောင်းမွန်မွန် ခေါ်လာဖို့ အသေအချာ မှာလိုက်တာပါ၊ မင်းကို ကောင်းကောင်းမွန်မွန် ခေါ်သွားမှာပါ'

ထိုသူက ပြောပြောဆိုဆို အနက်ရောင် ပဝါတစ်ထည်ကို ထုတ်လိုက်သည်။

'မင်းတို့ ဆရာကြီးက ဘယ်သူလဲ'

'ဒါတော့ တွေ့ရင် သိမှာပေါ့'

'မင်းလက်ထဲက ပဝါက ဘာလုပ်ဖို့လဲ'

'မင်းမျက်နှာကို စည်းသွားဖို့ပေါ့'

'ဘာဖြစ်လို့ ငါ့မျက်နှာကို စည်းသွားရမှာလဲ'

'မင်းမျက်နှာကိုစည်းသွားတော့ မင်းဘာမှမမြင်ရတော့ဘူးပေါ့'

'ငါက လမ်းမှတ်မိမှာစိုးလို့ အခုလိုလုပ်တာလား'

'ဟုတ်အယ်'

'ငါက မလိုက်ဘူးဆိုရင်ကော'

'ဟား ဟား ဟား'

အနက်ရောင်ဝတ်စုံအုပ်စုက ဝိုင်းရယ်လိုက်ကြသည်။

'မင်း ဘာအယ်မလိုက်ဘဲနေလို့ရမယ် ထင်သလား'

'ဒါက ငါ့ဆန္ဒအပေါ်မှာ မူတည်ပါတယ်'

အနက်ရောင်ဝတ်စုံရှင်တစ်ယောက်က လှမ်းဘေးရှိ သစ်ပင် တစ်ပင်ကို လက်သီးနှင့်ထိုးလိုက်သည်။ သစ်ပင်က ပေါင်လုံး ခန့်ရှိ၏။

'ဖြောင်း'

သစ်ပင်ခါးလယ်မှ ကျိုးထွက်သွားသည်။

'ဟာ....အယ်ဟုတ်ပါလား'

ရှောက်မာက ပြောလိုက်သည်။ ထိုသူက သူ့ညာလက်သီး ကို ဘယ်လက်ဖဝါးနှင့်ပွတ်ရင်း....

'တို့နဲ့အသာတကြည်လိုက်ခဲ့ရင် ကောင်းမယ်'

'ဟား ဟား ဟား'

'ဘာရယ်တာလဲကွ'

'ဒါလောက်အစွမ်းပြရုံနဲ့ ငါ့ကိုခေါ်လို့ရမယ် ထင်သလား'

'မင်းက ငါ့အစွမ်းကို ဒါအကုန်ပဲလို့ထင်လို့လား'

'မင်းက ဒီထက်ဘာများစွမ်းသေးလို့လဲ'

ထိုအခါ အနက်ရောင်ဝတ်စုံရှင်က ကျိုးသွားသောသစ်ပင် ငုတ်တိုကို ပြေးကန်လိုက်သည်။

'ဖြောင်း'





သစ်ငုတ်တိုမှာ အမြစ်များပေါ်ကာ လဲကျသွား၏။

'ဘယ်ဆိုးလို့လဲ'

'ငါ့အကြောင်းသိပြီမဟုတ်လား'

'ခြေထောက်မနာဘူးလား'

'ငါ့ခြေထောက်က သစ်ပင်ထက်မာတယ်'

'မင်းမဆိုးပါဘူး'

'ကဲ စကားရှည်မနေနဲ့တော့၊ စကားရှည်ရင် ခေါင်းနာသွား လိမ့်မယ်'

'ဘာနာမှာလဲ'

'မင်းအသားနာမှာ မင်းတစ်ကိုယ်လုံး အဆားနာမှာကို ပြောတာ'

'ကောင်းတာပေါ့'

'ဘာကောင်းတာလဲ'

'မင်းတို့နဲ့ တစ်ပွဲဘစ်သမ်းစမ်းရရင် ကောင်းမယ်ဆိုတာကို ပြောနေတာ'

'ဒီလိုလား ဒါဖြင့်လဲရတယ်'

အနက်ရောင်ဝတ်စုံရှင်က ပြောပြောဆိုဆို ရှောက်မာသို့ လက်သီးတစ်လုံးပစ်သွင်းလိုက်သည်။

'ဝှီး'

ရှောက်မာက အသာတိမ်းရှောင်လိုက်သဖြင့် လက်သီးမှာ ရှောက်မာမျက်နှာဘေးမှ လွဲချော်သွား၏။

တစ်ဆက်တည်းပင် ရှောက်မာ ထိုသူ့ထံသို့လက်သီးတစ် လုံး ပစ်သွင်းလိုက်၏။

'ခွပ်'

'အား'

ထိုသူ မျက်နှာကိုလက်ဝါးနှင့်အုပ်ကာ လဲကျသွားတော့သည်။

ထိုသူမှာ နှာခေါင်းရိုးကျိုးသွားပြီး သွေးများ နှာခေါင်းမှ လျှံထွက်လာသည်။

နောက်တစ်ယောက် ခုန်ဝင်လာပြန်၏။

'ဝုန်း'

'ဒုတ်'

'ဖြောင်း'

'အား'

ဒုတိယလူမှာ ရှောက်မ၏ဒူးခေါင်းတွက်ကြောင့် နံရိုးများကျိုးသွားသည်။

'ဝှီး'

လက်သီးတစ်လုံးကို ရိပ်ခနဲ မြင်လိုက်ရသဖြင့် ရှောက်မသည် ငုံ့ရှောင်လိုက်သည်။ တစ်ဆက်တည်း ထိုသူကိုလှည့်ကန်လိုက်သည်။

'ဖောင်း'

'အီး'

ထိုသူမှာ ဆီးခုံကိုအုပ်ကာ ပုံကျသွား၏။





နောက်နှစ်ယောက် ပြိုင်တူပြေးဝင်လာပြန်သည်။ ရှောက်မှာ ထိုလူနှစ်ယောက်ကြားသို့ ခုန်ဝင်သွားသည်။

'ဖုန်း'

'ဒုတ်'

'ခွပ်'

'အိုး'

'အား'

လူတစ်ယောက်၏နံကြားထဲသို့ ရှောက်မ၏ခြေများ ပြေးဝင်သွားသည်။ ကျန်တစ်ယောက်၏မျက်နှာပေါ်သို့ ရှောက်မ၏လက်သီးတစ်လုံး တန်းဝင်သွားသည်။ ထိုလူနှစ်ယောက် မချိမဆန့်အော်ညည်းကာ ပုံလဲကျသွား၏။

လမ်းပေါ်တွင် အတုံးအရုန်းလဲကျနေသော လူငါးယောက် ပြန့်ကြဲလျက်ရှိသည်။

ကျန်တစ်ယောက်က ရှောက်မကိုအကြောင်သားကြည့်နေသည်။

ထိုသူမှာ ရှောက်မကိုကြည့်ပြီး ကြောက်ရွံ့တုန်လှုပ်နေပုံရသည်။

သူ့မျက်နှာမှာ ဇောချွေးများပြန်လျက်ရှိသည်။ မျက်နှာမှာ သွေးဆုတ်နေသကဲ့သို့ ဖြူဖပ်ဖြူရော် ဖြစ်နေသည်။

'ကဲ...ငါ့ကိုအတင်းခေါ်ချင်ကြသေးသလား'

ထိုသူက ခေါင်းကိုသွက်သွက်ခါယမ်းလိုက်သည်။
'ငါမပါရင် မင်းတို့ဘာဖြစ်သွားမလဲ'
'ဆ...ဆရာကြီးက စိတ်...စိတ်ဆိုးမှာပေါ့'
'စိတ်ဆိုးရင် မင်းတို့ကိုဘာလုပ်မလဲ'
'အ...အ...အပြစ်ရမှာပေါ့'
'ဘယ်လိုအပြစ်မျိုးပေးမှာလဲ'
'နှိပ်စက်ခံရမှာပေါ့'
'ဘယ်လိုနှိပ်စက်ခံရမှာလဲ'
'ဒါတော့မပြောတတ်ဘူး'
'မင်းတို့ဆရာကြီးက ဘယ်သူလဲ'
'ဒါကိုပြောလို့မဖြစ်ဘူး၊ တွေ့ရင်သိပါလိမ့်မယ်'
'ကဲ...ငါမင်းတို့နောက်လိုက်မယ်'
'ဗျာ'
'ငါ မင်းတို့နောက်ကိုလိုက်မယ်လို့ပြောတာ၊မင်းနားမကြားဘူးလား'
'ကြား...ကြားပါတယ်'
အနက်ရောင်ဝတ်စုံရှင် ဝမ်းသာသွားပုံရသည်။ မျက်နှာမှာကြည်လင်လာသည်။
ရှောက်မာ မြင်းလှည်းဆီသို့လျှောက်သွားသည်။
အနက်ရောင်ဝတ်စုံရှင် နောက်မှလိုက်လာသည်။





မြင်းလှည်းအနီးရောက်သောအခါ....
'မပေးမလား'
'ဘာပေးရမှာလဲ'
အနက်ရောင်ဝတ်စုံရှင်က ရှောက်မာစကားကို နားမလည်သလို ပြန်မေးသည်။
'မင်းလက်ထဲကပဝါစကို ပြောတာပေါ့၊ မျက်လုံးကိုစည်းဖို့ပေါ့'
'ဟုတ်ကဲ့ ဟုတ်ကဲ့'
အနက်ရောင်ဝတ်စုံရှင်က ပဝါဖြင့် သူ့မျက်လုံးကိုပြန်စည်းမည့် ဟန်ပြင်လိုက်သည်။
'မင်းမျက်လုံးစည်းဖို့ မဟုတ်ဘူး၊ ငါ့မျက်လုံးကိုစည်းဖို့ပြောတာကွ၊ မင်းတို့ ငါ့မျက်လုံးကိုစည်းခေါ်သွားဖို့ ရည်ရွယ်ထားတယ် မဟုတ်လား'
အနက်ရောင်ဝတ်စုံရှင်မှာ အံ့သြလွန်း၍ ပါးစပ်အဟောင်းသားဖြစ်နေသည်။
ရှောက်မာ၏မျက်လုံးကိုလည်း ပဝါဖြင့်မစည်းရဲဖြစ်နေပေသည်။
'ပေးစမ်း'
ရှောက်မာကိုယ်တိုင် ပဝါကိုဆွဲယူလိုက်သည်။ သူ့မျက်လုံးကို သူ့ဟာသူစည်းလိုက်သည်။

ထို့နောက် မြင်းလှည်းပေါ်တက်ထိုင်လိုက်သည်။
'ဒီပဝါက ဘယ်ကောင်းပါလား၊ ဘာမှမမြင်ရဘူး'
ရွှေကျော်မှာ တစ်ကိုယ်တည်းရေရွတ်လိုက်သည်။



## အခန်း (၂)

ရွှေကျော်မာသည် သူတစ်ပါးအစေမခိုင်းလာလျှင် ဘယ်တော့မှ လုပ်တတ်သူမဟုတ်။

သို့သော် သူ့သဘောနှင့်သူ လုပ်ချင်ရာလုပ်တတ်သူ ဖြစ်သည်။

ယခုလည်း....

သူ့ကို ဘာကြောင့် ခေါ်သည်ကို စိတ်ဝင်စားသဖြင့် သူ့သဘောနှင့်သူ လိုက်ခဲ့ခြင်းဖြစ်သည်။

သူ မြင်းလှည်းပေါ်တွင် အဘန်ကြာမျှ ထိုင်မိသောအခါ....

'ရှောက်ရင်ပြော ဒီကြားထဲမှာတော့ အနှောင့်အယှက် မပေးနဲ့၊ အနှောင့်အယှက်ပေးရင်တော့ မင်းရဲ့ခေါင်း ကြေမွသွားမယ်'

ရှောက်မာက သူ့ ဘေးမှ လူကို ပြောလိုက်သည်။

'ဟုတ်ကဲ့...ဟုတ်ကဲ့၊ ဘာမှ အနှောင့်အယှက် မပေးပါဘူး၊ ရောက်ရင် ပြောပါမယ်'

'ကောင်းပြီ၊ ဒါပဲ'

ပြော ပြီး ရှောက်မာ မှိန်းနေလိုက်သည်၊ မကြာမီ သူ အမေ့ ခနဲ အိပ်ပျော်သွားတော့သည်။

သူ့ကို ဘယ်သူမှ အနှောင့်အယှက် မပေးဝံ့။

ရှောက်မာသည်လည်း ကြာကြာမအိပ်လိုက်ရပါ၊ သူ ဖြတ်ခနဲ နိုးလာချိန်တွင် မြင်းလှည်းသည် ခြံဝင်းကြီးတစ်ခုထဲသို့ ချိုးကွေ့ဝင်နေပြီဖြစ်သည်။

ရှောက်မာသည် အတွေ့အကြုံ နည်းသူ မဟုတ်ပါချေ၊ သို့သော် ယခုကဲ့သို့ သားနားခံ့ညားလှသော နေရာမျိုးသို့ တစ်ကြိမ်တစ်ခါမျှ မရောက်ဖူးပါချေ။

သူသည် အိပ်ရာက မထနေသည်သားကို တွေးနေမိသည်၊

ခြံကြီးက ကြီးကျယ်လှကဲ့သို့ ခြံကြီးထဲမှ အိမ်ကြီးကလည်း ထည်ဝါလှသည်။

မြင်းလှည်း ရပ်လိုက်သည်နှင့် အနက်ရောင်ဝတ်စုံရှင်က မြင်းလှည်းပေါ်မှ ကပျာကယာ ဆင်းသည်၊

မြင်းလှည်းထိန်းလည်း မြင်းလှည်းပေါ်မှ ဆင်းလာလေသည်။

အနက်ရောင်ဝတ်စုံရှင်က ရိုကျိုးသော အသွင်နှင့် တံခါးဖွင့်ပေးသည်။

'မျက်စိကို အဝတ်နဲ့ စည်းထားဖို့ လိုသေးလား'





ရှောက်မာက မေးလိုက်သည်။

လှည်းထိန်းနှင့် အနက်ရောင်ဝတ်စုံရှင်မှာ ဘာမှ မပြောဘဲ တစ်ယောက်မျက်နှာတစ်ယောက် ကြည့်နေကြသည်။

ရှောက်မာသည်လည်း ဘာမှ မပြောတော့ချေ။

သူ့မျက်လုံးကို ပဝါဖြင့် စည်းထားလိုက်သည်၊ ထိုသို့ ဘာမှ မမြင်ရအောင် မျက်စိကို စည်းထားသည်က ပို၍ စိတ်ဝင်စားစရာ ကောင်းသည်ဟု ထင်၏။

ရှောက်မာသည် စွန့်စားရသည်ကို ဝါသနာပါသကဲ့သို့ စိတ်ကူးယဉ်သမားလည်း ဖြစ်သည်။

လှပသော ချောမွေ့သော အလှန်ချစ်စရာကောင်းသော ပျိုဖြူချောသည် ညဉ့်နက်သန်းခေါင်အချိန်တွင် လုလင်ပျိုအား သူ၏ အခန်းသို့ ဖမ်းဆီးခေါ်သွားတတ်သည်၊

ထိုကိစ္စမျိုးမှာ ပုံပြင်ထဲ၌သာ ဖတ်ရသော ကိစ္စမျိုးဖြစ်၏၊ တကယ့်လက်တွေ့တွင်အား ဖြစ်နိုင်စရာမရှိဟု ထင်မှတ်ချင်စရာပင် ဖြစ်၏။

သို့သော်....

ရှောက်မာသည် အလွန်တရာချောမော လှပသူကား မဟုတ်ပါ။

သို့ရာတွင် ရှောက်မာက အသက်ငယ်သည်၊ ကျန်းမာသန်စွမ်းသည်၊ ယောကျ်ားပီသသော ရုပ်လက္ခဏာရှိသည်၊

လူတစ်ယောက်က ရှောက်မာကို တုတ်တစ်ချောင်းထိုးပေးသည်။

ရွှောက်မာသည် တုတ်ချောင်းကို ကိုင်လျက် ခေါ်သွားနောက်မှ လိုက်သွားသည်။

လမ်းကွေ့လမ်းကောက်ကို လျှောက်၍သွားရသည်။

အတန်ကြာသောအခါ မွှေးရနံ့များ သင်းပျံ့သော အခန်းတစ်နေရာသို့ ရောက်လာ၏။

မွှည်သည့်ရနံ့ဆိုသည်ကို ရွှောက်မာမသိ၊ ထိုရနံ့မျိုးကို တစ်ကြိမ်တစ်ခါမျှလည်း မရှူရှိုက်ဖူးပါ။

ရွှောက်မာ မျက်စိတွင် စည်းထားသော အဝတ်ကို ဖွင့်လိုက်သည်။

ရွှောက်မာသည် နတ်မိမယ်ကဲ့သို့ လှပသော အမျိုးသမီးကို တွေ့ရပါစေဟု စိတ်ကူးယဉ်ကာ ဆုတောင်းနေမိသည်။

ယင်းအချိန်မှာပင် လေတိုးသံနှစ်ချက် ကြားလိုက်ရသည်။ လက်နက်နှစ်ခု ရှေ့နောက်ခွဲကာ ရွှောက်မာထံသို့ အရှိန်ပြင်းပြင်းနှင့် တိုက်ခိုက်လာကြောင်း ရွှောက်မာ သိလိုက်သည်။

ရွှောက်မာသည် ငယ်ငယ်ကတည်းကပင် လူတကာနှင့် ရန်ဖြစ်ခဲ့သည်။

သိုင်းပညာ တတ်မြောက်သောအခါ အပွဲပွဲနွှဲခဲ့ရသည်။

သူက သူများကိုတော့ ရန်မစ၊ မတရားမလုပ်။ သူ့ကို ရန်စလာလျှင် သူ့ရှေ့တွင် မတရားလုပ်လာလျှင်တော့ ငြိမ်မနေတတ်။

ယင်းသို့ဖြင့် ရွှောက်မာသည် လူတကာနှင့် ရန်ဖြစ်တတ်သူ ဖြစ်ခဲ့သည်။





ယခု သုံးလအတွင်း၌ နွှဲခဲ့ရသော ရန်ပွဲကပင်လျှင် သာမန်လူတစ်ယောက် တစ်သက်တာ ဆင်နွှဲရသော ရန်ပွဲထက် အဆပေါင်းများစွာ ပိုနေပြီဖြစ်သည်။

ရွှောက်မာသည် အရက်လည်း ကြိုက်တတ်၏။ အကောင်းစားအရက်ဖြစ်သော ဝါးရှက်စိမ်း သို့မဟုတ် အလတ်စားဖြစ်သော တာ့ဆိုဆိုသော အရက်မျိုးအပြင် အလွန်ဈေးပေါသော အရက်ဖြူကိုလည်း သောက်တတ်သည်။

ရန်ဖြစ်ရာတွင်လည်း ထိုးနည်းလည်းကောင်းပင်။

မည်သူနှင့်မဆို ရန်ဖြစ်သည်။ မတရားလျှင် မင်းညီမင်းသားဖြစ်ဖြစ် အနီးတုတိုက်ခိုက်တတ်သည်။ နောက်ခါလာ နောင်ခါဈေးဟု သဘောထားတတ်သူပင်။

တစ်ဖက်ရန်သူကို တိုက်ခိုက်လျှင်လည်း သေစေကြွေကြွေ သဘောထားကာ နိုင်အောင် တိုက်ခိုက်တတ်သည်။

ထို့ကြောင့် ရွှောက်မာသည် အဆင့်မြင့် သိုင်းပညာတတ်ထားသည့်အပြင် သတ္တိလည်းကောင်း ဇွဲအားလည်းကြီးသဖြင့် သူ့ကို ယှဉ်ပြိုင်နိုင်သူ ရှားလာရတော့သည်။

ယခုလည်း....

လေတိုးသံ ကြားသည်နှင့် သူ့ကို ညှပ်ပူးညှပ်ပိတ် တိုက်ခိုက်မှန်း သိလိုက်သည်။ ထိုသူနှစ်ယောက်မှာ နှယ်နှယ်ရရ မဟုတ်မှန်းလည်း သိလိုက်၏။ ထိပ်သီးသိုင်းသမားဖြစ်သည့်အပြင် တိုက်ခိုက်ရာတွင် ရက်စက်ကြမ်းကြုတ်လှကြောင်း ရိပ်မိလိုက်၏။

ရွှောက်မာက စိတ်ညစ်နေသူပင်။

စိတ်ညစ်လွန်း၍ သူ့ကို ရိုက်နှက်ချင်နေ၏။

သို့သော် သူ မသေချင်ပါ။

သူသည် သူ့ကို စိတ်သောကရောက်အောင် ပြုမူသူကို မေ့မှ ရ၊ ထိုသူကို တွေ့ချင်လှ၏။ တွေ့ချင်လွန်း၍ သူသည် လောက တွင် ဆက်လက်နေထိုင်လိုသော ဆန္ဒရှိနေခြင်းပင်။

သူ တွေ့ချင်သူမှာ အလွန်ရုပ်ချော၍ အလွန်စိတ်မှာသော မိန်းကလေးဖြစ်၏။

ထိုမိန်းကလေးသည် အလွန်စိတ်မာသော်လည်း ဆွဲဆောင်မှု အားကောင်းသည်။

ယောကျ်ားတို့ စိတ်သောက ရောက်ရပြီဆိုလျှင် မိန်းမတစ် ယောက်ကြောင့် ဖြစ်သည်ကို အတူးပြောစရာ လိုမည်မထင်ပါ။

စူးရှပြင်းထန်သည့် လေရှိန်သည် ဒူး၊ ခကျွာပြင်နှင့် ခါးဆီ သို့ တန်းဝင်လာ၏။

တိုက်ကွက်က ကြမ်းတမ်း၏။

အသုံးပြုသော လက်နက်က ထက်မြက်လှသည်။
ကြောက်ဖွယ်လည်း ကောင်းလှသည်။
မျောက်မကဲသည့် ခြေသံ့တစ်ကောင် ဟိန်းဟောက်သကဲ့သို့ ဒေါသကြီး အော်ဟစ်ပစ်လိုက်၏။





တစ်ဆက်တည်း သူသည် ထခုန်လိုက်၏။
သို့သော် သူသည် နောက်ဘက်မှ တိုးဝင်လာသော လက် နက်ကို မရှောင်နိုင်။
'ခွမ်...'
ချွန်ထက်သော ဓားသွားက သူ့တင်ပါးထဲ စိုက်ဝင်လာ သည်။
ထိုနေရာသည် သေနိုင်သော နေရာမဟုတ်၊ သူ ဂရုမစိုက်။
သူသည် ရှေ့မှ တိုးဝင်လာသော ရန်သူထံ ခုန်ဝင်သွား သည်။
တစ်ဆက်တည်း ရန်သူ့မျက်နှာပေါ်သို့ လက်သီးတစ်လုံး ပစ်သွင်းလိုက်၏။
'ခွမ်...'
'အား...'
သူ၏ မှန်းဆချက်မှာ တည့်တည့်မတ်မတ် ထိမှန်သွား၏။ ရန်သူတစ်ယောက် လဲကျသွား၏။
သို့တိုင် သူ့မျက်နှာပေါ်တွင် စည်းသော ပဝါကို ဖြည်ချိန် မရ။
ရန်သူတစ်ယောက် သူ့ထံ ပြေးဝင်လာ၏။
'ဝှီး...'
လက်သီးတစ်လုံးက သူ့နားရွက်နားမှ ဖြတ်သွား၏။ ရှေ့က် မာ၏ ပြင်းထန်သော လက်သီးများက ရန်သူ၏ကိုယ်ပေါ်သို့ မိုးသီးမိုးပေါက်များ ကျသွားသည့်အလား ကျရောက်သွား၏။
'ဒုတ်ဒုတ်...'

‘ခွမ်….’

‘အိုး…’

ရန်သူတစ်ယောက်မှာ အော်ရင်း လဲကျသွားပြန်၏။

ရှောက်မာ ကျေနပ်သွားသည်။ သူသည် ခိုးကြောင်ခိုးဝှက် တိုက်ခိုက်သူများကို အလွန်မုန်းသူဖြစ်၏။

သူ့တင်ပါးတွင် စိုက်ဝင်သော ဓားမှာ ပြုတ်မကျသေးဘဲ တန်းလန်းကြီးဖြစ်နေ၏။

ဓားသွားက အသားထဲ အတော်နစ်ဝင်သွားပုံရ၏။

နာကျင်သည့်ဒဏ်ကိုလည်း ခံစားနေရသည်။

သို့သော် ရှောက်မာ မမှုပါ။

ရှောက်မာ တင်ပါးတွင် စိုက်နေသော ဓားကိုလည်း မနုတ်အား။

မျက်နှာပေါ်မှ ပဝါကိုလည်း မဖြည်အား။

သူ့ဘေးဘက်မှ ရန်သူတစ်ယောက် ဝင်လာပြန်၏။

သူသည် ခေါင်းကို ငုံ့ကာ ချာခနဲ လှည့်လိုက်သည်။

တစ်ဆက်တည်း လက်သီးတစ်လုံးမှာ ရန်သူ့ကိုယ်ပေါ်သို့ ရောက်သွား၏။

သူ့ခေါင်းပေါ်မှ လက်နက်တစ်စုံတစ်ရာ ဖြတ်သွားသည်ကိုလည်း သူသိလိုက်ပါ၏။

‘ဝှစ်….’

‘ဒုတ်….’

‘အား…’

‘ဝုန်း…’





အော်ညည်းသံ၊ ကြီးမားသော ခန္ဓာကိုယ်ကြီး ပြိုလဲကျသွားသံကို ကျေနပ်ဖွယ် ကြားလိုက်ရသည်။

သူ့အား ခိုးကြောင်ခိုးဝှက် အလစ်ဝင် တိုက်ခိုက်သူတို့မှာ အဆင့်မြင့်သိုင်းသမားများဖြစ်ကြောင်း သူ သိနေရပြီ။

သို့တိုင် ရှောက်မာအား မှုသူမဟုတ်။

ကျန်နှစ်ယောက်ကို တိုက်ခိုက်ရန် မှန်သွင်းလိုက်၏။

‘ယား….’

ရှောက်မာ မခန့်အပြည့်နှင့် အော်ဟစ်ကာ ရန်သူနှစ်ဦးထဲ နိုးဝင်သွားသည်။

ထိုအခါ လက်ကျန် ရန်သူနှစ်ယောက်မှာ တိမ်းရှောင်၍ တစ်ချိုးတည်း ထွက်ပြေးသွားတော့သည်။

‘ဟား…ဟား….ဟား’

ရှောက်မာမှာ အားပါးတရ ရယ်မောလိုက်သည်။

သူ့ကို အတင်းဝင်တိုက်ခဲ့သော ရန်သူများ ထွက်ပြေးသွားသဖြင့် သူ အလွန်ဝမ်းသာသွား၏။

သူ့တင်ပါးမှ ဓားကို နုတ်ကာ ရှေ့တည့်တည့်ဆီသို့ ပစ်ပေါက်လိုက်၏။

‘ဒုတ်…’

ဓားသွားမှာ နံရံကို သွားရောက်စိုက်ဝင်နေသည်။

ယခုမှ သူသည် မျက်နှာပေါ်တွင် စည်းထားသော ပဝါနက်ကို ဖြည်လိုက်သည်။

သူ့ရန်သူများ တစ်ယောက်မျှ မမြင်တွေ့ရတော့ပါ။
သူ့ရန်သူ မည်သူမည်ဝါဆိုသည်ကို မသိလိုက်ရ။
သို့သော် ကိစ္စမရှိ။
ရန်သူမှာ ဘယ်သူပဲဖြစ်ဖြစ် သူ့အနိုင်ရဖို့သာ အရေးကြီး
သည် မဟုတ်ပါလား။



## အခန်း (၃)

ပတ်ဝန်းကျင်ကို အသေအချာ ကြည့်လိုက်မိသောအခါ ရှောက်မစ အလွန်ပင် အံ့ဩသွားရသည်။

သူ့မျက်စိကိုပင် မယုံကြည်နိုင်အောင် ဖြစ်သွားရသည်။

သူသည် အလွန်သားနားသော အခန်းတစ်ခုထဲသို့ ရောက်နေသည်။

တအံ့ကြီးရည်ဘတ် သူဌေးကြီးများနေသော အခန်းကဲ့သို့ပင် သားနားသည်။

ပစ္စည်းပစ္စယ ခွန်သမျှ သစ်လွင်တောက်ပနေသည်။

ကြီးမားသော မီးပုံးကြီးများ ကြောင့် အခန်းထဲမှာ ထိန်လင်းနေသည်။

အခန်းထဲတွင် လူရိပ်လူယောင်ကို မတွေ့ရချေ။

ပြတင်းပေါက်တစ်ပေါက် ပွင့်နေသည်။

ရှောက်မာ ပြတင်းပေါက်ဆီသို့ လျှောက်သွားပြီး အပြင်ဘက်ကို ကြည့်လိုက်သည်။

အပြင်ဘက်တွင် မှောင်နေသည်။

ရှောက်မာအား လုပ်ကြံခဲ့သူများသည် ပြတင်းပေါက်မှ ခုန်ချကာ ထွက်ပြေးသွားပုံရသည်။

အပြင်ဘက်တွင်လည်း လူရိပ်လူယောင် မတွေ့ရ။

လူသံမကြားရ။

ညသည် တိတ်ဆိတ်ငြိမ်သက်နေ၏။

ညဥ့်လေထဲတွင် ပန်းရနံ့များက မွှေးထုံကြိုင်သင်းနေလေသည်။

ရှောက်မာ တစ်နေရာတွင် အေးအေးလူလူ ထိုင်ချလိုက်သည်။

သူသည် သူ့ကို ရန်မူသူတို့ကို ရှာဖွေ တိုက်ခိုက်ရန်လည်း ဆန္ဒမရှိတော့ပါချေ။

ထိုနေရာမှ ရှောင်ထွက်သွားရန်လည်း စိတ်မကူးပါ။

ရန်သူပေါ်လာပြန်လျှင်လည်း ကြုံသလို ရင်ဆိုင်ရန် ဆုံးဖြတ်ထားသည်။





ထို့ကြောင့် သူသည် အကောင်းဆုံးနေရာကို ရွေး၍ ထိုင်ချလိုက်ခြင်း ဖြစ်သည်။

ဝတ်စုံနက်တို့၏ ဆရာကြီးဆိုသည်မှာ မည်သူဖြစ်မည်နည်း။
သူ့ကို ဘာကြောင့် ခေါ်လေသနည်း။
ထိုအချက်ကို သိချင်နေသည်။

ဝတ်စုံနက်များက သူ့ကို နှစ်ကြိမ် တိုင်တိုင် လုပ်ကြံခဲ့သည်။
သူ့ကို လုပ်ကြံလို၍ တမင် ခေါ်လေသည်လား။
သို့ဆိုလျှင် တပ်မံ လုပ်ကြံစေဦး၊ လုပ်ကြံနိုင်သည်။

လုပ်ကြံချင်သလို လုပ်ကြံပါစေ။ ရှောက်မာက တုံ့ပြန်ရန် အသင့်ဖြစ်နေသည်။

ရှောက်မာ လက်သီးကိုသာ အားကိုးသည်။

သူသည် လက်သီးအားကိုးနှင့် ဦးနှောက် မသုံးတတ်သူဟု မိတ်ဆွေတစ်ယောက်က ဝေဖန်ဖူးသည်။

ဟုတ်ကောင်း ဟုတ်မည်။

သူသည် စဉ်းစားတွေးခေါ်ရမည့် အလုပ်မျိုးကို မလုပ်ချင်သူ ဖြစ်သည်။

သူ့ကို ရန်မူလာလျှင် သို့မဟုတ် သူ့ရှေ့တွင် မတော်မတရားပြုသည်ကို တွေ့လာလျှင် သူ့လက်သီးက ဆုံးမပေးမည်သာ ဖြစ်၏။

ရှောက်မာ ကိုယ်တိုင်က မဒေါ်မတာရှား မလုပ်တတ်ပါ၊

ထို့ကြောင့် သိုင်းလောကတွင် ရှောက်မာကို သမားဝိ လက်သီးရှင်ဟု နာမည်ပေးထားကြသည်။

သိုင်းလောကတွင် နာမည်တစ်လုံးရဖို့ ဆိုသည်က မလွယ်။

ရှောက်မာက နာမည်တစ်လုံး ရထားသူပင် ဖြစ်သည်။

ရှောက်မာ ရွေးထိုင်သော နေရာက အလွန်ကောင်းသော်လည်း သူ၏ တင်ပါးတွင် ဒဏ်ရာရထားသဖြင့် ထိုင်လိုက်သည်နှင့် နာကျင်သွားရသည်။

စောစောက ထိမှန်ခဲ့သည့် ဓားချက်က အတော်ပြင်းထန်ပုံရသည်။

သို့သော် ရှောက်မာ တင်းခံ၍ ထိုင်နေသည်။
ရှောက်မာသည် ဗိုကြည့်သည်ကြည့် ကြည့်လိုက်သည်။
အရက်ရှိမရှိ ရှာဖွေကြည့်လိုက်ခြင်း ဖြစ်သည်။
ထိုအချိန်တွင် စကားပြောသံကို စတင်ကြားလာရသည်။
အိမ်ထဲတွင် တံခါးနှစ်ခု ရှိသည်။
တစ်ခုက ရှေ့ဘက်တွင် ရှိသည်။
တစ်ခုက နောက်ဘက်တွင် ရှိသည်။
စကားသံက နောက်ဘက်တံခါးမှ ထွက်ပေါ်လာခြင်း ဖြစ်သည်။





'အခန်းဒေါင့်က ဗီရိုထဲမှာ အရက်ရှိတယ်၊ ရှိသမျှ စုံနေတာပဲ၊ ဒါပေမယ့် အရက်မသောက်တာဘဲ ကောင်းတယ်'

အသံရှင်မှာ အမျိုးသမီးငယ်တစ်ဦး၏ အသံဖြစ်ပြီး အသံက အလွန်ပင် ကြည်လင် လာယာသည်။

ဆွဲဆောင်မှုအားလည်း ကောင်းသည်။

'ဘာဖြစ်လို့လဲ'

ရှောက်မာက သိချင်ဇောနှင့် ပြန်မေးလိုက်လေသည်။

'ဘာဖြစ်လို့လဲဆိုတော့ အရက်ပုလင်းတိုင်းလိုလို အဆိပ်ခတ်ထားနိုင်တယ်၊ ဘယ်အမျိုးအစားပဲဖြစ်ဖြစ် အဆိပ်အနည်းငယ်တော့ ပါကောင်း ပါနိုင်တယ်'

ရှောက်မာ ဘာမှ ဆက်မပြောတော့ပါ၊
ထိုင်ရာမှထပြီး ဗီရိုဆီ လျှောက်သွားသည်။
ဗီရိုကို ဖွင့်ကာ အရက်ပုလင်းကို ဆွဲထုတ်လိုက်၏။

ထို့နောက် အဖုံးကို ဖွင့်ပြီး ပုလင်းနှင့် ပါးစပ်ကို တေ့ကာ အရက်များကို တကျိုက်ကျိုက် မော့သောက်နေတော့သည်။

အရက်တစ်ပုလင်းလုံး တက်တက်စင်အောင် ပြောင်သွားသည်။

အရက်တွင် အဆိပ်ပါမပါ မသိရ။

မည်သည့် အရသာရှိမှန်းကိုလည်း မသိလိုက်ပါ။
တံခါးပေါက်မှ အမျိုးသမီးငယ်က သက်ပြင်းရှိုက်ကာ....

'ဒါလောက် ကောင်းတဲ့အရက်ကို ဇီလိုပုံစံနဲ့ သောက်ရသလား၊ လူမိုက်ဂျိုးစားတာနဲ့ ဘာထူးတော့မှာလဲ၊ တအယ့်ကို နှမြောစရာ ကောင်းတာပဲ'

'လူမိုက်ဂျိုးစားတာ မဟုတ်ဘူး၊ လိပ်က ဂျိုးစားတာ'
'အဟင်း....ဟင်း....ဟင်း'
'လက်စသတ်တော့ ရှင်က လိပ်ဖြစ်နေတာကိုး'

'ဟား....ဟား....ဟား'
ရှောက်မာက အားပါးတရ ရယ်မောလိုက်သည်။

လူမိုက်နှင့် လိပ် ဘာများ ထူးခြားသနည်း။
ထိုအချက်ကို ရှောက်မာလည်း မသိပါ။

ထိုအမျိုးသမီးငယ်သည် အတော်ပင် စိတ်ဝင်စားစရာ ကောင်းသည်။

စိတ်ဝင်စားစရာ ကောင်းခဲ့သော အမျိုးသမီးငယ်နှင့် ဆုံရလျှင် အရက်နည်းနည်းပါးပါး သောက်သင့်သည်ဟု ထင်လေသည်။

သို့မဟုတ်ပါက တစ်ကိုယ်တည်း စစ်တုရင်ရွှေ့နေရသကဲ့သို့ ငြီးငွေ့ဖွယ်ရာ ကောင်းသည်ဟု ရှောက်မာ တွေးမိ၏။





ရှောက်မာ နေရာမှထလိုက်ပြန်သည်။
ဗီရိုထဲမှ အရက်တစ်ပုလင်း ထပ်ယူသည်။
သည်တစ်ကြိမ်တွင်မူကား နေရာတွင် အကျအန ပြန်ထိုင်သည်။

အရက်ကို ဖြည်းဖြည်းသောက်သည်။

ထိုအချိန်တွင် တံခါးနောက်ကွယ်မှ အမျိုးသမီးငယ်က....

'တံခါးပေါ်မှာ အပေါက်တစ်ခုရှိတယ်၊ ကျွန်မ ရေချိုးနေတယ်၊ မူးလာရင် ချောင်းမနေနဲ့နော်' ဟု ပြောသည်။

ရှောက်မာ အရက်ပုလင်းကို ချက်ချင်းချလိုက်သည်။
တံခါးပေါ်မှအပေါက်ကို ရှာသည်။

မကြာပါ။ ရှောက်မာ တံခါးပေါ်မှအပေါက်ကို တွေ့သွားသည်။

အမျိုးသမီးတစ်ယောက် ရေချိုးနေသည်ကို အခန်းတံခါးပေါ်တွင် အပေါက်ရှိနေပါက မည်သည့် ယောကျ်ားမဆို ထိုအပေါက်ကို ရှာတွေ့မည်သာ။

အပေါက်မရှိပါကလည်း အပေါက်တစ်ခု ဖြစ်လာအောင် ဖန်တီးမည်သာဖြစ်၏။
ယုတ်စွအဆုံး ခေါင်းနှင့်ဝင်ဆောင့်မှ အပေါက်ဖြစ်မည်ဆိုပါကလည်း ခေါင်းနှင့်ဝင်ဆောင့်မည်သာဖြစ်၏။

3

ရှောက်မာသည် မျက်လုံးတစ်ဘက်ကို အသုံးပြုကာ ချောင်းကြည့်လိုက်သည်။

မြင်ကွင်းကို မြင်တွေ့လိုက်ရရုံနှင့် ရှောက်မာ ရင်တဒိတ်ဒိတ် ခုန်လာရသည်။

အခန်းထဲတွင် အမျိုးသမီးငယ် တစ်ယောက်တည်းမဟုတ်၊ နှစ်ယောက်တိတိရှိသည်။ အားလုံးချောမောလှပသူများ ဖြစ်ကြပြီး ခန္ဓာကိုယ်အချိုးအစားကလည်း ပြေပြစ်ချောမောလှပကြသည်ချည်းဖြစ်၏။

သူတို့သည် ကြီးမားသောရေကန်ကြီးထဲတွင် ရေစိမ်နေကြသည်။

သို့သော် တစ်ယောက်သောအမျိုးသမီးငယ်ထံမှ ထူးခြားနေ၏။

သူမက သူတစ်ပါးထက်လည်းပိုလှသည်။ ထူးခြားသည်မှာ ဂါဝန်ရှည်ကိုဝတ်ပြီး ရေချိုးနေခြင်းပင်။

ဂါဝန်ရှည်မှာ ပိုးသားအနက်ရောင်ဖြစ်၏၊ သူမ၏ လှပသော မျက်နှာနှင့် ကျော့ရှင်းသော လည်တိုင်ကိုသာ မြင်တွေ့နေရသည်။

ရှောက်မာသည် ထိုအမျိုးသမီးငယ်ကိုသာ ကြည့်နေမိသည်။





ထိုအမျိုးသမီးငယ်သည် သူနှင့်စကားပြောခဲ့သော အမျိုးသမီးငယ် ဖြစ်လိမ့်မည်ဟုထင်၏။

သူ့အထင်မမှားပါ။ ဂါဝန်ရှည်ဝတ်ပြီး ရေချိုးနေသော အမျိုးသမီးငယ်က ထပ်၍ပြောသည်။

'ရှင် ချောင်းကြည့်ချင်တယ်ဆိုရင်လဲ ကျွန်မ ဘာမှမဘာဘီနိုင်ဘူး၊ တစ်ခုတော့ရှိတယ်၊ အထဲဝင်မလာနဲ့၊ တံခါးမ မင်းတုတ် ထိုးမထားဘူး၊ တွန်းလိုက်တာနဲ့ပွင့်သွားလိမ့်မယ်'

ရှောက်မာ တံခါးကိုမတွန်းဘဲ ခန္ဓာကိုယ်နှင့် လှည့်ဝင်ဆောင့်လိုက်သည်။

'ဝုန်း....'

'အို....'

'ဟာ....'

'ဟယ်....'

တံခါး ဝုန်းခနဲပွင့်သွားပြီး ရှောက်မာ ရေကန်ထဲရောက်သွားသည်။

စင်စစ် သူ ရေကန်ထဲဆင်းချင်၍ ထိုသို့ပြုမူလိုက်သည်မဟုတ်ပါ။ အရှိန်လွန်ပြီး ကျသွားခြင်းသာ ဖြစ်၏။

ရေကန်ထဲရောက်သွားသောအခါ ရှောက်မာ အပြင်မပြန်ချင်တော့ပေ။

အဘယ်ကြောင့်ဆိုသော် အမျိုးသမီးငယ်တစ်ဦးနှင့်ရောပြီး ရေချိုးနိုင်သော အခွင့်အရေးမှာ ရတောင့်ရခဲ အခွင့်အရေး ဖြစ်နေသောကြောင့်ပင်။

အမျိုးသမီးငယ်တစ်စုမှာ အာမေဍိတ်သံကိုယ်စီ ထွက်သွားကြသော်လည်း စိတ်မဆိုးကြ။

ခိုးခိုးခစ်ခစ် ရယ်မောနေကြသည်။

ယင်းအဖြစ်မှာ အမျိုးသမီးငယ်တစ်စုအတွက် ပထမဆုံး အကြိမ်ဖြစ်သောအကြိမ် ဟုတ်ကောင်းမှ ဟုတ်မည်။

သို့သော် ဂါဝန်ရှည်နှင့်အမျိုးသမီးက ရှောက်မာကို ကန့်ကွက်စကားဆိုလာသည်။

'ရှင့်တစ်ကိုယ်လုံး ညစ်ပတ်နေတာပဲ၊ ဒီကန်ထဲ ဘာဖြစ်လို့ ဆင်းလာရတာလဲ'

'ညစ်ပတ်နေလို့ ရေချိုးတာပေါ့၊ သန့်ရှင်းနေရင် ဘယ်ချိုးပါ့မလဲ၊ မင်းတို့တောင်ရေချိုးသေးတာ၊ ဘာဖြစ်လို့ ငါကလဲ မချိုးနိုင်ရမှာလဲ'

ရှောက်မာက သွက်လက်စွာ ချေပလိုက်သည်။

'ရေချိုးရင်လဲ ဘာဖြစ်လို့ အဝတ်အစားမချွတ်တာလဲ'

'မင်းတော့ ဂါဝန်ဝတ်ပြီး ချိုးသေးတာပဲ၊ ငါလဲ အဝတ်ဝတ်ပြီး ချိုးတာ ဘာဆန်းသလဲ'





ရှောက်မာ ခပ်တည်တည် ပြောလိုက်သည်။ ဂါဝန်ရှည် ဝတ် အမျိုးသမီးငယ်က...

'အင်း...ရှင့်ကို ကြည့်ရတာ ဘာ့ ရေချိုးဖို့သင့်နေပါပြီ၊ ဒါ ပေမယ့် ဖိနပ်ကလေး ဘာကလေးတော့ ချွတ်ခဲ့ဖို့ကောင်းတာ ပေါ့'

'ဖိနပ်ချွတ်ခဲ့ဦး ဘာလို့သလဲ၊ ဖိနပ်စီးပြီးရေချိုးရင် ဖိနပ် ပါ သန့်သွားတာပေါ့၊ အဲဒါ ပိုမကောင်းဘူးလား'

ရှောက်မာက ခပ်သီးအပ်သတ် ဆင်ခြေလဲကာ ပြောသည်။

'မကောင်းဘူး'

ဂါဝန်ဝတ်အမျိုးသမီး နှုတ်ခမ်းစူသွားသည်။

'ဟား ဟား ဟား...'

ရှောက်မာက အော်ရယ်လိုက်သည်။

'ဘာရယ်တာလဲ၊ သူများလုပ်ခိုင်းတာတော့ မလုပ်ဘူး၊ မလုပ်စေချင်တဲ့ အလုပ်ကျတော့လုပ်တယ်၊ ရှင့်မှာ တစ်ခုခု ချို့ယွင်းနေသလား'

ဂါဝန်ဝတ် အမျိုးသမီးငယ်က ပြောသည်။

'ငါ့မှာ ချို့ယွင်းချက်မရှိပါဘူး၊ ဒါပေမယ့် သေသေ ချာချာချို့ယွင်းချက်ကို ရှာကြည့်မယ်ဆိုရင်တော့ ချို့ယွင်း ချက်ပေါင်း သုံးထောင့်ခုနစ်ရာရှစ်ဆယ့်သုံးခုရှိတယ်'

'ချို့ယွင်းချက် ဘယ်လောက်ပဲရှိရှိ ကျွန်မ ဂရုမစိုက်ပါဘူး၊ အဲ... တစ်ခုတော့ရှိတယ်၊ ဒီရေတွေကိုတော့ သောက်မချလိုက်နဲ့ဦး....'

'ကောင်းပြီ၊ ဒီရေတွေကိုတော့ ငါမသောက်ပါဘူး၊ ဒီရေတွေသောက်ရင် မင်းတို့ကိုယ်ကချေးတွေ ငါ့ဗိုက်ထဲရောက်သွားမှာပေါ့'

'အဟင်း ဟင်း....ရှင်က သိပ် မအ,ပါလား၊ အခုမှ ကျွန်မ ငတုံး ငအ,ကြီး မဟုတ်မှန်း သိရတော့တယ်'

'ငါက ငတုံး ငအ,ကြီး မဟုတ်ပါဘူး၊ ဒါပေမယ့် သတိ ကောင်းတာ'

ရှောက်မာက ခပ်တည်တည်ပြောလိုက်သဖြင့် ဂါဝန်ဝတ် အမျိုးသမီးငယ်အား လှန့်သွားပုံရသည်။ အခြား အမျိုးသမီးငယ်နောက်သို့ဝင်၍ကပ်လိုက်သည်။

ထို့နောက် ဂါဝန်ဝတ် အမျိုးသမီးငယ်က သူ့ရှေ့မှ အမျိုးသမီးငယ်ကို နမ်းငေါ့ပြ၍—

'ဘယ်လိုနေသလဲ'

'လှသားပဲ'

ရှောက်မာက ပြောလိုက်၏။ ထိုအမျိုးသမီးငယ်က အမှန်ပင် လှပါသည်။





ကိုယ်လုံးကိုယ်ထည်ကလည်း ပြေပြစ်သည်။

အပြုံးက ချိုသည်။ မျက်လုံးက တောက်ပသည်။

သို့သော် ဂါဝန်ဝတ်အမျိုးသမီးလောက် လှသည်ဟူ၍တော့ ရှောက်မာ မထင်ပါ။

'သူ့နာမည် ရှန်းရှန်းလို့ခေါ်ပါတယ်၊ သူ့ သဘောတူရင် ရှင့်ကို ပြုစုခိုင်းလိုက်မယ်'

'နေပါစေ၊ မလုပ်ပါနဲ့'

ရှောက်မာက ကပျာကယာတားလိုက်သည်။

ဂါဝန်ဝတ် အမျိုးသမီးငယ်က....

'ဘာဖြစ်လို့လဲ၊ ရှန်းရှန်းဆိုတာ မွှေးတယ်လို့ အဓိပ္ပာယ်ရတယ်၊ သူ့အသက်က ဆယ့်ရှစ်နှစ်ပဲရှိသေးတယ်၊ နာမည်နဲ့လိုက်အောင် မွှေးတယ်'

'ငါသိပါတယ်'

'ဘာလဲ ရှင် သူ့ကိုမကြိုက်ဘူးလား'

'မကြိုက်ဘူး'

'ဒါဆိုရင် သူတို့က ဘယ်သူ့ကို ကြိုက်သလဲ၊ ကြိုက်ရာ ရွေးနိုင်တယ်'

'ဘယ်သူ့မှမကြိုက်ဘူး'

'နှစ်ယောက် သုံးယောက် ရွေးချင်လဲရွေးနိုင်တယ်'

ဘယ်သူ့မှမကြိုက်ဘူးဆိုတာ ရှင်းနေတယ်'

ရှင်ကြိုက်တာ လုံးဝမရှိဘူးပေါ့'

ရှိတယ်'

'ရှင့်စကားက ဘယ်လိုလဲ၊ ရှင် ဘယ်သူ့ကိုကြိုက်နေတာလဲ'

'မင်းကို'

ရှောက်မာကပြောရင်း ရှေ့ကိုခုန်ထွက်လိုက်သည်၊

ဂါဝန်ဝတ်အမျိုးသမီးက ရှန်းရှန်းအား ရှောက်မာရင်ခွင်ထဲတွန်းပို့လိုက်၏။ သူမကမူ ရေကန်အပြင်ဘက်သို့ ခုန်ထွက်လိုက်သည်။

အေးစက်မျှော်ပျောင်းသော မိန်းမငယ်ကစ်ဦး မိမိရင်ခွင်ထဲ ရောက်လာပါက မည်သည့်ယောက်ျားမဆို စိတ်လှုပ်ရှားသွားမည်သာပင်။

သို့သော်-ရှောက်မာက ထိုအမျိုးသမီးငယ်ကို လုံးဝ စိတ်မဝင်စားပါ။

သူ စိတ်ဝင်စားသည်မှာ ဂါဝန်ရှည်ဝတ် အမျိုးသမီးသာပင်။





ရှောက်မာသည် ရှန်းရှန်းကိုတွန်းထုတ်လိုက်ပြီး ရေကန်ထဲမှ ခုန်ထွက်လိုက်သည်။

ဂါဝန်ဝတ်အမျိုးငယ်က ရေကန်ကိုပတ်ပြေးရင်း....

'သူတို့အားလုံးဟာ အမျိုးတွေ၊ အသက်လဲငယ်တယ်၊ ငါက အဘွားကြီးဖြစ်နေပြီ၊ ဘာဖြစ်လို့ ငါ့ကိုမှကြိုက်ချင်ရတာလဲ'

ဟု အော်ပြောသည်။

စင်စစ် ဂါဝန်ဝတ်အမျိုးသမီးငယ်မှာ အဘွားအိုမဟုတ်ပါ။

သူမသည် အခြား အမျိုးသမီးငယ်များထက် အသက်အနည်းငယ်သာ ပိုကြီးသည်။

သူမ၏အလှမှာ ပို၍ရင့်ကျက်ပြီး ပို၍ဆွဲဆောင်မှုရှိသည်ဟု ရှောက်မာ ထင်၏၊

'ငါက အဘွားကြီးကိုမှ သဘောကျတယ်၊ အထူးသဖြင့် မင်းလိုအဘွားကြီးကို ငါ ပိုပြီးသဘောကျတယ်'

'ရှင် ကျွန်မကို သဘောမကျပါနဲ့'

ကျတယ်၊ စိတ်ကိုထားခြင်းလို့ရတာ မဟုတ်ဘူး၊ ငါ့ကိုယ်ငါတောင် မတားနိုင်ဘူး

ဂါဝန်ဝတ်အမျိုးသမီးငယ်က ရှေ့မှခြေကုန်သုတ်ကာပြေးနေသည်။

ရှောက်မာက နောက်မှမှန်မှန်လာလိုက်နေသည်။

အဘယ်ကြောင့်ဆိုသော် ဂါဝန်ဝတ် အမျိုးသမီးငယ်မှာ သူ့လက်တွင်းမှ ပြေးမလွတ်မှန်းသိနေသောကြောင့်ပါတည်း။



## အခန်း (၄)

ဂါဝန်ဝတ်အမျိုးသမီးမှာ အမှန်ပင် ပြေးမလွတ်ပါချေ။

ရေအန်နောက်ဘက်တွင် အခြားတံခါးပေါက်တစ်ခု ရှိနေသေး၏။

ဂါဝန်ဝတ်အမျိုးသမီးအား ထိုတံခါးပေါက်ဆီသို့ ပြေးသွားသည်။

တံခါးကိုဖွင့်ကာ အခန်းထဲပြေးဝင်သည်။ သူမ တံခါးကို ပြန်ပိတ်ချိန်မရမီ ရှောက်မာ အခန်းထဲဝင်လိုက်သွားသည်။

ရှောက်မာက တံခါးကို ပြန်ပိတ်လိုက်၏။

အခန်းထဲတွင် ခုတင်တစ်လုံးရှိသည်။ အတော်ကြီးမားသော ခုတင်တစ်လုံးဖြစ်၏။

ဂါဝန်ဝတ် အမျိုးသမီးငယ်က ခုတင်ကို ပတ်ပြေးသည်။ ရှောက်မာက မှန်မှန်သာလိုက်နေသည်။ ကြာလာသောအခါ ဂါဝန်ဝတ် အမျိုးသမီးငယ် မောလာသည်။

မှန်မှန်လိုက်နေသော ရှောက်မာကို လွတ်အောင် မပြေးနိုင် ဖြစ်လာသည်။

ရှောက်မာ မောနေသော အမျိုးသမီးငယ်ကို လှမ်းဆွဲလိုက်သည်။

အမျိုးသမီးငယ်က အတင်းရုန်းလိုက်သဖြင့် နှစ်ယောက်စလုံး ခုတင်ပေါ်သို့ လဲကျသွားသည်။

'ရှင့်ကို အာခကြောင့် အရရှာပြီး ခေါ်ခဲ့တယ်ဆိုတာ ရှင် မသိချင်ဘူးလား'

'လောလောဆယ် မသိချင်သေးဘူး'

အမျိုးသမီးငယ်သည် ရုန်းကန်နေသော်လည်း အရှုမရောက်ပါ။ ရှောက်မာ၏ ချုပ်ကိုင်မှုက ပို၍တင်းကျပ်လာသည်။

အမျိုးသမီးငယ်က ရုန်းမရမှန်းသိသဖြင့် မရုန်းတော့ပါ။

'ကဲ...မင်း အညံ့ခံပြီလား၊ အညံ့ခံတယ်ဆိုရင် လွှတ်ပေးလိုက်မယ်'

ရှောက်မာက အမျိုးသမီးငယ်နှင့် မျက်နှာချင်းတပ်ကာ ပြောလိုက်သည်။





'ဘာဖြစ်လို့ အညံ့ခံရမှာလဲ၊ ကျွန်မက ဘယ်တော့မှ အညံ့ခံတဲ့ မိန်းမသား မဟုတ်ဘူး'

အမျိုးသမီးက ပြောရင်း ရုန်းလိုက်ပြန်သည်။

အစွမ်းကုန်အားစိုက်၍ရုန်းသည်။ သို့သော် ရုန်းမလွတ်။ ပိုမောလာသည်။

'မင်း အညံ့ခံလိုက်ပါ၊ အညံ့ခံတယ်ဆိုရင် ငါကောင်းကောင်းမွန်မွန် လွှတ်ပေးလိုက်မှာပါ'

'မခံဘူး၊ မခံဘူး၊ ကျွန်မ ဘယ်တော့မှ အညံ့မခံဘူး'

## အခန်း (၅)

ကိစ္စနက်ဘက်ချား များသည် အတော်ပင် အမှန်းရခက်သည်၊ လွယ်နယောင်နှင့် ခက်၍ တိမ်မြုပ်ယောင်နှင့် နက်သော ပြဿနာမျိုး အသည်၊ ရှိနေချေသည်။

ရှောက်မာသည် အမျိုးသမီးငယ်နှင့်ပတ်သက်၍ အကဲခတ်မှားသွားပါ၏။

အမျိုးသမီးငယ်သည် သူ့ကိုရန်ပြုမည်၊ တိုက်ခိုက်မည်ဟု ထင်ခဲ့သည်။

သို့သော် အမျိုးသမီးငယ်သည် ရန်မပြုခဲ့ပါ၊ သူ့ဆန္ဒကို အသာတကြည်ပင် လိုက် လျောခဲ့သည်။

'သူ ဘော်ဘော်ဆိုးတာပဲ'





အမျိုးသမီးငယ်က ရှောက်မာကို မျက်စောင်းထိုးကာပြောသည်။

'ငါဆိုးတာ အခုမှဆိုးတာမဟုတ်ဘူး၊ ကြာပြီ၊ မင်းလို အမျိုးသမီးနဲ့တွေ့တဲ့အခါ ပိုပြီးဆိုးတယ်'

'ကျွန်မ ဘယ်သူဆိုတာ သိသလား'

'မသိဘူး'

'လုံးလုံး မသိဘူးလား'

'လုံးလုံးမသိဘူး၊ အဲ...တစ်ခုတော့ သိတယ်၊ မင်းက ငါ့ ထက်ဆိုးတယ်၊ အဆတစ်ရာလောက် ပိုဆိုးတယ်'

'ကျွန်မ ဘယ်သူဆိုတာ သိသလား'

'လုံးလုံး မသိဘူး'

ရှောက်မာက လေသံပြတ်ပြတ်နှင့် ပြန်ပြောလိုက်သည်။

'ခစ် ခစ် ခစ်...'

အမျိုးသမီးငယ်က နှုတ်ခမ်းကို လက်ဝါးနှင့်အုပ်ကာ ရယ်သည်။

'ရှင်က ကျွန်မကို မသိပေမယ့် ကျွန်မက ရှင့်ကို သိတယ်'

အမျိုးသမီးငယ်က စကားဆက်သည်။

'ဘယ်လောက် သိတာလဲ'

'အများကြီးပေါ့'

'ပြောပါဦး၊ ဘယ်လောက်သိတယ်ဆိုတာ'

'ရှင့်နာမည်က ရှောက်မာလို့ ခေါ်တယ်'

'ဟုတ်ပြီ'

'လူတွေက ရှင့်ကို ဒေါသကြီးတဲ့ ရှောက်မာလို့ ခေါ်တယ်၊ တချို့ကတော့ ကရုဏာလက်သီးရှင်လို့လဲ ခေါ်ကြတယ်၊ ရှင်ဟာ လူတကာနဲ့ ရန်ဖြစ်တယ်၊ ရန်ဖြစ်ပြီဆိုရင် ဒေါသသိပ်ကြီးတယ်၊ ကိုယ်နဲ့မဆိုင်တဲ့ ကိစ္စလဲ ဝင်ပါတတ်တယ်၊ မတရားတော့ လုပ်လေ့မရှိဘူး၊ မှန်တယ်ထင်တာကို စွပ်ပြီး လုပ်တတ်တယ်၊ ဒီလိုနဲ့ မှားသွားတာမျိုးလဲ ရှိတယ်၊ ဟုတ်ရဲ့လား'

'ဟုတ်တယ်'

'ရှင့်မှာ မိတ်ဆွေရင်းတစ်ယောက်ရှိတယ်၊ တိန်းစီလို့ခေါ်တယ်၊ လူတွေက သူ့ကို ဉာဏ်ကောင်းတဲ့ တိန်းစီလို့ ခေါ်ကြတယ်၊ ဒါကော ဟုတ်လား'

'ဟုတ်တယ်'

'ရှင်တို့နှစ်ယောက်ဟာ ဘယ်သွားသွား၊ အတူကြသွားကြတယ်၊ ခဝ်မှင်သလောက် စကားပြောလဲ မသည့်ကြဘူး၊ မကြာခဏ စကားများကြတယ်။ ပြီးတော့လဲ သင့်မြတ်သွား





တာပဲ။ အလွန်ချစ်ကြတာကိုး။ အခုတော့ တိန်းစီက မိန်းမယူသွားပြီး ရှင်၏ သူတို့လင်မယားနှင့်ယောက်ကြားမှာ ကန့်လန့်ကန့်လန့် ဘယ်နေချင်ပါမလဲ၊ ဟုတ်ရဲ့လား'

သည့်တစ်ကြိမ်တွင်တော့ ရှောက်မာ ဘာမှမပြောတော့ ငြိမ်သက်သွားသည်။

သူ့မျက်နှာတွင် ဝမ်းနည်းကြေကွဲရိပ်များ သန်းလာ၏။ အမျိုးသမီးငယ်က ဆက်၍ပြောသည်။

'ရှင့်မှာ မိန်းကလေးတစ်ယောက်လဲ ရှိသေးတယ်၊ တိတိကျကျပြောရရင် ရှင့်ချစ်သူပေါ့၊ သူက ရှင့်ကို ယူလိမ့်မယ်လို့ ရှင် အပိုင်တွက်ခဲ့တယ်၊ ဒါပေမယ့် ရှင်က ဒေါသကြီးတယ်၊ လှစ်ခနဲဆို ဒေါသအိုးပေါက်ကွဲတတ်တယ်၊ ဒါနဲ့ပဲ မိန်းကလေး စိတ်ကောက်ပြီး ထွက်သွားတယ်၊ သူ့အရိပ်အယောင်ကို မတွေ့ရတော့ဘူး၊ ဟုတ်ရဲ့လား'

ရှောက်မာ ပါးစပ်ပိတ်ထားသည်။

ရှောက်မာ ပါးစပ်ကို ပိတ်ထားရမည်။ သူ ပါးစပ်ပိတ်မထားလျှင် ချုံးပွဲချ ငိုမိအောင်း ငိုမိပေလိမ့်မည်။

သို့မဟုတ်ပါကလည်း ထင်ရာတွေ အော်ကောင်း အော်ဟစ်မိမည်။

'ကျွန်မနာမည် နန်းနန်းလို့ ခေါ်တယ်'

၄

သူမက ကိုယ့်ကိုကိုယ် မိတ်ဆက်လိုက်သည်။

'နှင်းနုမည့်ကို မေးနေလို့လား'

နန်းနန်းက ရွှေကမ်မှာ တင်းတင်းမှာမှာ ဆက်ဆံသော်လည်း စိတ်ဆိုးပုံ မရ။

နန်းနန်း ပြုံးလိုက်သည်။

'ကျွန်မမိဘတွေ မရှိကြတော့ဘူး၊ သေသွားပြီ။ ကျွန်မ အမေ့ဘက် အမျိုးတွေ ကြီးရခဲ့တယ်'

'အဲဒါ ဘာဖြစ်လဲ၊ ငါက မင်းဇာတိဇစ်မြစ်ကို သိချင်တာ မဟုတ်ဘူး၊ ချမ်းသာတဲ့မိန်းမကိုလဲ ယူဖို့စိတ်မကူးဘူး'

နန်းနန်းက ပြုံးလိုက်ပြန်သည်၊ ရွှေကမ်မှာ အလိုလို ဒေါသကြီးနေသည်ကိုကြည့်ကာ ရယ်ချင်နေသည်။

'အခု ကျွန်မအကြောင်းတွေ ပြောပြီးပြီ'

'ငါကြားသားပဲ ငါ့နား ကန်းနေတာမှ မဟုတ်တာ၊ မင်းအကြောင်းသိရတော့ ဘာဖြစ်သလဲ'

'ကျွန်မ ဘယ်လိုမိန်းမသားဆိုတာ ရှင်သိသွားပြီ၊ ရှင့်အကြောင်းလဲ ကျွန်မ သိသွားပြီ'

'အဲဒါ ဘာဖြစ်သလဲ'

'ဘာမှမဖြစ်ပါဘူး၊ ရှင်သွားချင်ရင်တော့ သွားနိုင်ပြီ'

ရွှေကမ်မှာ နေရာမှ ဆတ်ခနဲ ထလိုက်သည်။

အဝတ်အစားများ ကောက်ဝတ်သည်။

ထို့နောက် နေရာမှလှည့်ထွက်လာခဲ့သည်။

နန်းနန်းမတားပါ။ လုံးဝမတားပါ၊ တားလိုစိတ်လည်း မရှိပါချေ။





ရွှေကမ်မှာသည် တံခါးဝရောက်လာမှ နောက်ကို ပြန်လှည့်လိုက်ပြီး....

'မင်းက ဗီဒီယိုရှင်ပဲလား'

'ဟုတ်တယ်'

'ဟိုလူတွေနဲ့လွှတ်ပြီးခေါ်တာ မင်းပဲပေါ့'

'အင်း....'

'ငါ မင်းလွှတ်လိုက်တဲ့လူတွေကို ဆုံးမလိုက်တယ်၊ ပြီးတော့....'

'ရှင် ဘာလုပ်ခဲ့တယ်ဆိုတာ ကျွန်မ သိပြီးသားပဲ၊ ဘာပြန်ပြောစရာလိုသလဲ'

နန်းနန်းက ဖြတ်အာပြောလိုက်သည်။

'မင်းက ပျော်ပါးဖို့သက်သက် ငါ့ကိုခေါ်တာလား'

'မဟုတ်ဘူး'

'ဒါဆိုရင် ဘာလုပ်ချင်လို့လဲ'

'တခြားကိစ္စရှိတာပေါ့'

'ဘာကိစ္စလဲ'

'ရှင့်ကို လုပ်ခိုင်းချင်တဲ့ကိစ္စတစ်ခုပါ'

'ဘာကိစ္စလဲ'

'အခု မခိုင်းတော့ဘူးလေ'

'ဘာဖြစ်လို့လဲ'

'ဘာဖြစ်လို့လဲဆိုတော့ ကျွန်မ ရှင့်ကို သဘောကျသွားလို့ပေါ့၊ ရှင် အန္တရာယ်ရှိတာ ကိစ္စမျိုးကို မခိုင်းချင်တော့ဘူးပေါ့'

'အချောင်သက်သက် သေရမယ်ဟုတ်လား၊ ငါက ဘာလုပ်ရမှာလဲ'

'တစ်နေရာကို သွားရမှာပါ'

'ဘယ်နေရာကိုလဲ'

'ဝံပုလွေတောင်'

နန်းနန်းက ပြောလိုက်သည်။

'ဝံပုလွေတောင်'

ရှောက်မအက နန်းနန်းစကားကို သံယောင်လိုက်၍ပြောလိုက်မိလေသည်။



အခန်း (၆)

ဝံပုလွေတောင်။

ဝံပုလွေတောင်ဆိုသည်မှာ ဝံပုလွေ အများအပြားရှိသည်ဟု ဆိုကြသည်။

ဝံပုလွေသည် အရွယ်အစားအမျိုးမျိုး ရှိသည်ဟုလည်းဆိုကြသေးသည်။

ဝံပုလွေအားလုံး တောင်ပေါ်တွင် မရေတွက်နိုင်အောင်ရှိသည်ဟုဆိုသည်။ လူတစ်ယောက်ရောက်သွားလျှင် သေဖို့သာအကြောင်းရှိသည်ဟု အဆိုရှိသည်။

စင်စစ် ယင်းသတင်းမှာ ကောလာဟလ သတင်းသာဖြစ်သည်။

ယခုကတွင် ကောလာဟလ အမျိုးမျိုးရှိသည်။ အချို့က နားထောင်ကောင်းအောင် အပျင်းပြေပြောကြသည်။

တချို့ကမူ ကြောက်မက်ဖွယ်ကောင်းအောင် လျှို့ဝှက်ဆန်းကြယ် ဇာတ်လမ်းမျိုး လုပ်ကြံကာပြောကြသည်။

ကောလာဟလစကားများသည် မည်မျှ မှန်ကန်မှုရှိသည်ကို မည်သူမျှမသိကြ။

သို့သော်လည်း ဝံပုလွေတောင်ပေါ်သို့ ရောက်ဖူးသူ ရှားသည်။

သို့သော်…

ဝံပုလွေတောင်ပေါ်သို့ ရောက်နေသူများအား ရှိသည်။ သူတို့သည် လူဝံပုလွေများဖြစ်သည်။

သူတို့သည် ဝံပုလွေကဲ့သို့ ကောက်ကျစ်သည်။ ယုတ်မာသည်။

အဟိတ်တိရစ္ဆာန်များမှာ မည်မျှ ကောက်ကျစ်သည်ဆိုစေ၊ လူသားကို မီနိုင်ပါမည်လော။

မမီနိုင်ပါ။ အသိဉာဏ်ရှိသော လူသားများက ကောက်ကျစ်ပြီဆိုလျှင် အဟိတ်တိရစ္ဆာန်ထက်ပင် ကောက်ကျစ်သည် စဉ်းလဲသည်။





ဝံပုလွေတောင်ပေါ်တွင် တစ်ချိန်က ဝံပုလွေများ ရှိကြသည်မှာ အမှန်ပင်ဖြစ်ပါ၏။

ယခု မရှိကြတော့ပါ။ လူသားတို့ လက်နက်များဖြင့် ဝံပုလွေများသည် သေကြေကုန်ကြပြီဖြစ်သည်။ တချို့သည် တောပြောင်းသွားကြပြီဖြစ်သည်။

ဝံပုလွေတောင်ပေါ်တွင် ဝံပုလွေထက် ကြောက်စရာကောင်းသော လူသားများ ရှိနေချေသည်။

ထိုလူသားများသည် အလွန်ရက်စက်ကြ၏။ ကြမ်းကြုတ်ကြ၏။ ဝံပုလွေထက်ပို၍ ကြောက်စရာကောင်းသည်။ သူတို့သည် ဝံပုလွေကိုသာမက လူကိုပါ သတ်ဖြတ်ကြသည်။

သူတို့သတ်သောလူများသည် သူတို့သတ်သောဝံပုလွေထက် များပြားသည်။

သူတို့သည် ဝံပုလွေများနေရာယူ၍ ရိုင်းစိုင်းယုတ်မာနေကြသူများဖြစ်သည်။

ထို့ကြောင့် သူတို့ကို သိုင်းလောကသားများက ဝံပုလွေဟု ခေါ်ကြခြင်းဖြစ်သည်။

ဝံပုလွေတောင်ကို လူဝံပုလွေများက လွှမ်းမိုးထားကြသည်။

သူတို့လည်း ဝံပုလွေဟူသော အခေါ်အဝေါ်ကို နှစ်သက်ပုံရသည်။

အကြောင်းမှာ လူများက သူတို့ကို ကြောက်နေလျှင် သူတို့အ အလွန်သဘောကျနေသောကြောင့်ပင်ဖြစ်၏။

ဝံပုလွေကောင်ဟူသော ဝေါဟာရကို ကြားသည်နှင့် ရှောက်မာ စိတ်ထားပြောင်းသွားသည်။

သူသည် အမြင်သို့ ထွက်မသွားတော့ဘဲ ခုတင်နားသို့ ပြန်ကပ်သွားသည်။

နန်နန့်ကို အကဲခတ်သကဲ့သို့ ငုံ့ကြည့်သည်။

'ဝံပုလွေအကြောင်းကို သိသလား'

နန်နန်က ဆီးမေးသည်

'ဘာဖြစ်လို့ ဝံပုလွေကောင်သွားချင်နေရတာလဲ'

ရှောက်မာက ပြန်မေးသည်။

ကျွန်မတို့ အန္တရာယ်တစ်ခုကို ကာကွယ်ချင်လို့ပါ'

'ကျွန်မတို့ဆိုတော့ မင်းအပြင် ဘယ်သူများရှိသေးလို့လဲ'

'ကျွန်မမှာ မောင်လေးတစ်ယောက်ရှိတယ်'

'ဆိုပါဦး'

'သူမှာ ရောဂါတစ်ခုရှိတယ်'

'ဒီတော့...'





'သူ့ရောဂါကို ဆေးကုရမယ်'

'အဲဒါနဲ့ ဝံပုလွေကောင်သွားဖို့အ ဆိုင်သလား'

'ဆိုင်ပါတယ်၊ ဒါကို ပြီးမှတော့ ကျွန်မရှင်းပြပါ့မယ်'

'အခုလာခေလာဆယ် မင်း ဝံပုလွေတောင်ကို သွားချင်နေတယ်ပေါ့'

'သွားချင်နေတာ မဟုတ်ပါဘူး၊ သွားကိုသွားရမှာပါ'

'ဘယ်အချိန်သွားမှာလဲ'

'မိုးလင်းတာနဲ့သွားမှာပါ'

ရှောက်မာသည် ခုတင်ပေါ်တွင်ထိုင်ချလိုက်သည်။

သူသည် နန်နန်ကို အကဲခတ်သလိုကြည့်နေ၏၊ ပြီးမှ...

'ချမ်းသာသူတိုင်းဟာ ချို့ယွင်းချက်တစ်ခုခုရှိတယ်လို့ ကြားဖူးတယ်'

ရှောက်မာက ပြောလိုက်သည်။

'ဖြစ်နိုင်ပါတယ်၊ ချို့ယွင်းချက်ဆိုတာ စိတ်မချမ်းသာစရာတစ်ခုခုနဲ့ကြုံရတာမျိုးပေါ့၊ ကျွန်မတို့ကတော့ ချမ်းသာပေမယ့် စိတ်ကတော့မချမ်းသာဘူး၊ ချို့ယွင်းချက်ရယ်တော့ မဟုတ်ပါဘူး၊ ကျွန်မမှာ ဘာအပြစ်မှမရှိပါဘူး၊ ချို့ယွင်းချက်ဆိုတာ အပြစ်တစ်ခုခုကို ဆိုလိုတာပဲ ဖြစ်လိမ့်မယ်ဆင်တယ်'

'ဒါထားပါတော့၊ မင်းစကားတွေဟာ လည်နေပြီ၊ ဝါဆ သိပ်ဦးနှောက်ကောင်းတာမဟုတ်ဘူး၊ ဝံပုလွေတောင်ကို ဘာဖြစ်လို့ သွားချင်ရတာလဲ'

'ကျွန်မတို့သွားချင်တဲ့နေရာဟာ အဲဒီလမ်းကပိုနီးလို့ပါ'

'မင်းတို့သွားချင်တဲ့နေရာကို အဲဒီလမ်းကပိုနီးတယ် ဟုတ်လား'

'ဟုတ်ပါတယ်၊ စီးစိန်မြို့ကိုသွားမယ်ဆိုရင် ဝံပုလွေတောင်ကို ဖြတ်ကျော်တဲ့လမ်းက အနီးဆုံးပဲ၊ ဒါမှမဟုတ်ရင် ဆယ်ရက်လောက် သွားရနိုင်တယ်'

'မင်းတို့က စီးစိန်မြို့ကိုအရေးတကြီးသွားချင်တယ်ပေါ့ ဟုတ်လား'

'ဟုတ်ပါတယ်'

'ဘာကြောင့်လဲ'

'ကျွန်မမောင်ဟာ ရောဂါရှိတယ် ကုလို့ရချင်မှရမယ်၊ စီးစိန်မြို့ကို သုံးလေးရက်လောက်အတွင်း အရောက်မသွားနိုင်ရင် သေဖို့များတယ်၊ ဒီမြို့ကသမားတော်တွေကလဲ သူ့ရောဂါကို မနိုင်ဘူး၊ စီးစိန်မြို့က သမားတော်ကြီးတစ်ယောက်ထံကို အမြန်ဆုံးသွားဖို့ ညွှန်တယ်'





'ဝံပုလွေတောင်ကိုကျော်မယ်ဆိုရင် စီးစိန်မြို့ကို တစ်သက်လုံး ရောက်မှာမဟုတ်ဘူး'

'ကျွန်မနားလည်ပါတယ်'

'နားလည်ပေမယ့် စွန့်စားမယ်ပေါ့'

ရှောက်မာ သက်ပြင်းချလိုက်သည်။ နန်နန်ကိုသနားသွားမိသည်။

'ငါ့ကိုခေါ်ရတဲ့ အကြောင်းကရော'

'အစရှင်ကတော့ ရှင်တောင်းသလောက်ငွေပေးပြီးခေါ်ဖို့ပဲ၊ အခုတော့ စောစောကပြောသလိုပါပဲ၊ ကျွန်မ စိတ်ပြောင်းသွားတယ်၊ အန္တရာယ်ကြီးတဲ့နေရာကို ရှင့်ကိုမခေါ်ရက်တော့ပါဘူး'

'မင်းမောင်လေးရဲ့ရောဂါကို ကုပေးနိုင်သူက စီးစိန်မြို့မှာ တစ်ယောက်တည်းရှိသလား'

'ဟုတ်တယ် တစ်ယောက်တည်းပဲရှိတယ်၊ အဲဒီသမားတော်ကြီး ကုရင် ပျောက်မယ်လို့ ဒီကသမားတော်တွေအားလုံးက အာမခံတယ်'

ရှောက်မာအား မတ်တတ်ထရပ်လိုက်သည်။ ထို့နောက် ပြန်ထိုင်သည်။

သူ့တွင် အကြံကောင်းမရှိ၊ တစ်စုံတစ်ခုကိုဆုံးဖြတ်ရခက်နေပုံရသည်။

နန်းနန်းကိုလည်း သနားနေရပြီး ကူညီချင်နေသည်။

သို့သော် အခက်တွေ့စွန့်စားရမည့်အလုပ်ဖြစ်နေသဖြင့် ဝေခွဲရခက်နေသည်။

'တကယ်တော့ ကျွန်မတို့ အာခံဌာနတစ်ခုခုသွားပြီး အကူအညီ တောင်းသင့်တယ်၊ အခြေအနေကအရေးပေါ်ဖြစ်လာတယ်၊ အချိန်မရဘူး၊ ဒါကြောင့် လူတစ်ယောက်ကိုပဲ ခေါ်လိုက်ရတယ်'

နန်းနန်းက ဆက်ပြောသည်။

'ဘယ်သူလဲ'

နန်းနန်း တစ်ချက်ခေါင်းခါလိုက်သည်။

'ကျွန်မမှားသွားခဲ့တယ်၊ ဒီလူကအလကားလူပါ၊ ရှင့်ကို ခေါ်ခိုင်းခဲ့တာဟာ ရှင်နဲ့ဒီလူ ဘယ်သူအစွမ်းထက်မယ်ဆိုတာ သိချင်လို့ပဲ၊ အစကတော့ ဒီလူဟာသာလိမ္မာမယ်လို့ထင်ခဲ့တယ်၊ တကယ်သက်တွေ့ကျတော့ အလကားပဲ၊ ရှင်က မျက်လုံးပိတ်ထားတာတောင် အနိုင်မတိုက်နိုင်ခဲ့ဘူး၊ အခုဆို နံရိုးသုံးချောင်းလောက် ကျိုးပြီး ထနိုင်မှာတောင်ဟုတ်မှာ မဟုတ်ဘူး၊ ဒါနဲ့





ရှင့်ကိုအကူခေါ်ဖို့ စိတ်ကူးရခဲ့တယ်၊ အခုတော့ မခေါ်ချင်တော့ပါဘူးလေ'

'အဲဒီလူက ဘယ်သူလဲ'

'ကျော်လောက်ဂူဆိုတဲ့လူပေါ့၊ သူက ဝါးရေးကျွမ်းလို့ သူ့ကို အထင်ကြီးပြီးနေတယ်၊ ရှင့်ကို သူကပညာပြလိုက်မယ်လို့ ထင်ခဲ့တယ်၊ လ တွေ့မှာတော့တခြားစီပဲ၊ လောက်ဂူဆိုတာ ကျားလို့ခေါ်တယ်၊ အခုတော့ ကြောင်နစကြီးဖြစ်နေရောပေါ့'

'ဒါနဲ့ မင်းက ငါ့ကိုခေါ်တယ်ပေါ့'

'ခေါ်မလို့စိတ်ကူးရှိခဲ့တယ်၊ ဒါပေမယ့် စောစောက ပြောခဲ့သလို ရှင့်ကို ကျွန်မသဘောကျမိတာနဲ့ မစေခိုင်းချင်တော့ဘူးလေ၊ ပြီးတော့ ရှင်ကစိတ်သဘောကရောက်နေတဲ့သူ မဟုတ်လား၊ ဒီလိုလူမျိုးကို အန္တရာယ်ထဲဆွဲမခေါ်ရက်ဘူး'

ရှောက်မာက ထိုင်ရာမှထလိုက်ပြီး နန်းနန်းကို ခါးထောက်ကာ ကြည့်သည်။

နန်းနန်း ခေါင်းငုံ့သွားသည်။

'ငါသဘောကဆောက်နေတာ မင်းနဲ့ဘာဆိုင်လို့လဲ နောက် ငါ့ကိုပယ်ရေးကိုယ်တာကိုမပြောနဲ့'

'ကောင်းပါပြီ၊ မှတ်ထားပါ့မယ်'

‘ဒါဆိုရင် သိပ်ကောင်းတာပေါ့၊ ဒီမှာ နန်နန်’

နန်နန်က ရှောက်မာကို မော့ကြည့်လိုက်သည်။

‘မင်းခေါ်တဲ့နောက် ငါလိုက်မယ်၊ မင်းသွားချင်တဲ့နေရာ ငါလိုက်ပို့ပေးမယ်’

နန်နန်သည် ရှောက်မာကို အားရဝမ်းသာအသွင်ဖြင့် ကြည့်လိုက်သည်။

‘ရှင်...ရှင်တကယ်ပြောတာလား’

‘ငါစကားတစ်ခွန်းပဲ ပြောတယ်၊ ပြောတဲ့အတိုင်းလဲ လုပ်တယ်’

‘ရှင် ဝံပုလွေတွေကို မကြောက်ဘူးလား’

‘ကြောက်တော့ ကြောက်သားပဲ၊ သိပ်အကြောက်ကြီးလှ မဟုတ်ဘူး၊ လူဆိုတာ အင်အားမမျှရင် နည်းနည်းပါးပါးတော့ ကြောက်တာပေါ့’

‘သေမှာကိုရော မကြောက်ဘူးလား’

‘ဘယ်သူမဆို သေရမှာကိုတော့ကြောက်တတ်စမြဲပဲ၊ ဒါပေမယ့် သေမှာကိုတွေးကြောက်နေလို့ကတော့ အပိုပဲ၊ လူဆိုတာ တစ်နေ့သေရမှာပဲ၊ ရိုးရိုးသေတာထက် သူတစ်ပါးအတွက် အသက်စွန့်လိုက်ရတာဟာ ပိုပြီးမွန်မြတ်တယ်လို့ ငါစိတ်ထဲက ယူဆထားတယ်’

ခေတ္တစကားပြတ်သွားကြသည်။





နန်နန်က ပြီးမှစကားဆက်သည်။

‘ရှင်ဘာဖြစ်လို့ ကျွန်မကို လိုက်ပို့ဖို့ သဘောတူလိုက်ရတာလဲ’

‘ငါပြောတာ ရှင်းနေလျက်နဲ့ မင်းက ထပ်မေးတယ်၊ ကဲ... ငါ အရှင်းဆုံးပြောမယ်၊ ငါမှာ ချို့ယွင်းချက်ရှိလို့ မင်းကို လိုက်ပို့တာလို့မှတ်ထား’

‘သိပါပြီ၊ သိပါပြီ၊ ရှင့်မှာချို့ယွင်းချက်ပေါင်း သုံးထောင် ခုနစ်ရာရှစ်ဆယ့်သုံးခု ရှိတယ်ဆိုတာ ကျွန်မ သိပြီးပါပြီ’

‘မင်းပြောတာ တစ်ခုလိုနေပြီ’

‘အခုမှ လိုတာလား’

‘ဟုတ်တယ်’

‘နောက်ထပ်တိုးလာတာက ဘယ်လို ချို့ယွင်းချက်လဲ’

‘ဒီချို့ယွင်းချက်လေ’

ရှောက်မာက ပြောရင်း နန်နန်ကို ပွေ့ချီလိုက်သည်။

‘အို...’

နန်နန် မျက်လုံးကလေး ပြူးသွားသည်။

‘ဒီလူကြီး၊ မကောင်းဘူး’

နန်နန်က ရှောက်မာ၏ ရင်ကို ထုသည်။

ရှောက်မာက ရယ်နေ၏။

တကယ်တမ်း ကြည့်နူး၍ ရယ်သည်လား၊ တမင်လုပ်ရယ်သည်လား ဆိုသည့်အချက်ကိုမူ ရှောက်မာတစ်ယောက်သာ သိလိမ့်မည်သာတည်း၊ ဘယ်သူမှ အတိအကျ မသိနိုင်။



အခန်း (၃)

နံနက်လင်းစ။

နွေးထွေးသော နံနက်ရောင်ခြည်က ပြတင်းပေါက်မှတစ်ဆင့် ခန္ဓာကိုယ်များပေါ်သို့ ဖြာကျလာသည်။

သာယာသော ကျေးငှက်သာရကာတို့၏ အသံကို ကြားနေရပြီး နံနက်ခင်းသည် အသက်ဝင် လှုပ်ရှားလာလေပြီ။

နန်းနန်းက လဲလျောင်းနေဆဲဖြစ်သော ရှောက်မာကို ထိုင်ကြည့်နေသည်။

ရှောက်မာ ငြိမ်သက်နေသည်။

ရှောက်မာလိုလူစားက စိတ်သောက ရောက်နေသည့်အချိန်မျိုး၌ သာ၍ ငြိမ်နေတတ်သူ ဖြစ်သည်။

နန်းနန်းက ရှောက်မာ ငြိမ်သက်နေသည်ကို ကြည့်ကာ အားမလို အားမရ ဖြစ်လာသည်၊ အသည်းတယားယား ဖြစ်လာလေ၏။

'စိတ်ဆောက်ပြီး ထွက်ပြေးသွားတဲ့ မိန်းကလေးကို သတိရနေပြန်ပြီလား'

နန်းနန်းက စကားနာ ထိုးလိုက်သည်။ ရှောက်မာ ငြိမ်မြဲနေ၏။

'ဘာလဲ၊ ရှင်က အဲဒီကောင်မလေးကို မေ့ဖို့ ကျွန်မနဲ့တွဲပြီး ကျွန်မပေးလိုက်တဲ့ အလုပ်ကို လက်ခံလိုက်တာလား'

ရှောက်မာသည် နန်းနန်း၏ လည်ပင်းကို သူ့လက်ကြီး နှစ်ဖက်ဖြင့် ဖမ်းဆုပ်လိုက်သည်။

နန်းနန်း အသက်ရှူ ရပ်မတတ် ဖြစ်သွား၏။ သူမ အမှားကိုလည်း သူမ သိလိုက်၏။

'ကျွန်မ....ကျွန်မ မှားသွားတာကို ရှင်က ဒေါသောက် စိတ်ဆိုးဖို့ မကောင်းဘူး'

နန်းနန်းက ရှန်းကန်ရင်း ပြောလိုက်သည်။

ရှောက်မာသအည် နန်းနန်းကို စိုက်ကြည့်လိုက်၏။ သူ့မျက်နှာက စိတ်သောက ရောက်နေသည့်အသွင် ပေါ်လွင်နေ၏။





ရှောက်မာ လက်ကို လျှော့ချလိုက်သည်။

'မင်းပြောတာမှားရင် ငါ့ကြွားချင်ယောင် ဆောင်နေရုံပေါ့၊ ဘာ စိတ်ဆိုးစရာ လိုသလဲ'

'ဒါဖြင့် ကျွန်မလည်ပင်းကို ဘာဖြစ်လို့ ညှစ်ရသလဲ၊ အသက်ရှူ ကျပ်သွားတာပဲ'

'ငါ မင်းစိတ် စမ်းကြည့်တာပါ'

'ဒါပေမယ့် ကျွန်မ ဇေဖို့ကတော့ မသက်သာလှဘူး'

စင်စစ်....

ရှောက်မာ စိတ်ဆိုးနေသည်။

သူ ခံစားနေရသော ဝေဒနာကို နန်းနန်းက ပြောလိုက်သဖြင့် ရှောက်မာ ဒေါသ ထွက်သွား၏။ မခံမရပ်နိုင် ဖြစ်သွား၏။

သူ သတိထားစော စကားကို ချက်ချင်း ပြန်လျှော့လိုက်ခြင်း ဖြစ်သည်။

ရှောက်မာသည် စိတ်ကြမ်းလူကြမ်းအသွင် ရှိသော်လည်း ဝမ်းနည်းစရာ ကိစ္စရပ်ကို အမြဲ သတိရနေတတ်သည်။

အခိုက်အတန့် မေ့ပစ်နိုင်ချိန်တွင်သာ သူ စိတ်သက်သာရာ ရသည်။

သူသည် အရက်သောက်လျှင် မူးအောင် သောက်မလေ့ရှိသည်။

ဝမ်းနည်းစရာ ဖြစ်ရပ်များကို မေ့လျော့သွားနိုင်ရန် ယင်းသို့ ပြုမူခြင်း ဖြစ်သည်။

သို့သော် အမူးပြေသည့်အခါ ပို၍ စိတ်ဆင်းရဲရသည်။

ထိုအချက်ကို သိသော်လည်း သူသည် အရက်ကို အဖော်ပြုခဲ့သည်။

အကြောင်းကား သူ့တွင် အခြားနည်းလည်း မရှိသောကြောင့် ဖြစ်သည်။

နန်းနန်းသည် ရှောက်မကို စိုက်ကြည့်နေ၏။ နန်းနန်းသည် ရှောက်မကို နားလည်ထားသည်။

ရှောက်မကို လူကြမ်းကြီး တစ်ယောက်အဖြစ် မမြင်တော့ဘဲ ကရုဏာသက်စရာ လူသားတစ်ယောက်အဖြစ် မြင်လာသည်။

ရှောက်မသည် စိတ်ကောက်ပြင်းထန်သည်။ မာနကြီးသည်။ ဆတ်တိုကောင်းသည်။

သို့သော် သူသည် လူရွယ်တစ်ယောက်ပီပီ အချစ်နှင့် ပတ်သက်လာသောအခါတွင် အစွဲအလမ်း ကြီးသည်။ သောကရောက်လွယ်သည်။ လွမ်းတတ် ဆွေးတတ်သည်။





'ကျွန်မဆီမှာ အိမ်စေနှစ်ယောက်ရှိတယ်၊ အားလုံး သိုင်းပညာ တတ်ကြတယ်၊ ရှင် နည်းနည်းပါးပါး ရွေးခေါ်သွားလို့ရတယ်၊ ရှင့်အကြိုက် လက်ရွေးစင်ပေါ့'

'ရွေးပြီးပါပြီ'

'ဘယ်သူတွေကို ရွေးလိုက်တာလဲ'

'တစ်ယောက်တည်း ရွေးလိုက်တာပဲ'

'ဘယ်သူ့ကိုလဲ'

'ရှမ်းရှမ်း'

'ဘာဖြစ်လို့ ရွေးလိုက်တာလဲ'

'မွေးလို့'

'မွေးတာပဲ ဘာအသုံးဝင်သလဲ'

'မွေးတဲ့လူက နံတဲ့သူထက် ပိုကောင်းတာပေါ့၊ ဟား ဟား ဟား…'

ရှောက်မက ပြောပြီး အော်ရယ်လိုက်သည်။

## အခန်း (၈)

နေရောင်ခြည်က ကြည်လင်တောက်ပနေသည်။

လူ နှစ်ဆယ့်ခုနစ်ယောက် နေရောင်အောက်တွင် မှတ်တတ်ရပ်နေကြသည်။

အားလုံးထိပ်ပြောင်ကြီးများ ဖြစ်ကြ၏။

လူများ၏ ကိုယ်အထက်ပိုင်းမှာ ဗလာကျင်းထား၏၊

နေလောင်ထားသဖြင့် အသားများ ညိုနေ၏။

ညိုသောအသားများမှာနေရောင်အောက်တွင် တလက်လက်တောက်ပြောင်နေ၏။

'ကျွန်ုပ်အော်နာမည် ချေးဆုံပါ၊ ကျွန်တော်က တာ့ဟုန်သိုင်းပညာတတ်ထားတယ်'

ပထမ လူတစ်ယောက်က ပြောသည်။





တာ့ဟုန် သိုင်းပညာဆိုသည်မှာ လူတိုင်းသိသော သိုင်းပညာတစ်မျိုး ဖြစ်၏။

သို့သော် ထိုသူက လက်တွေ့ ပြလိုက်သောအခါ အတော်အဆွမ်းထက်သော ပညာတစ်မျိုးဟု ထင်စရာ ဖြစ်နေသည်။

'ဘယ်လိုလဲ'

နန်နန်အ ရှောက်မာကို ကြည့်ပြီး မေးသည်။

'သိပ်ကောင်းတယ်'

'ဟုတ်လား'

'ဟုတ်တယ်၊ သိပ်ကောင်းတယ်ဆိုတာက ဒီလူ အိမ်မှာပဲ အေးအေးဆေးဆေးနေဖို့ ကောင်းတာကို ပြောတာ'

ရှောက်မာက ပြောလိုက်သည်။

ဒုတိယလူ၏ အမည်မှာ ဝမ်ဖိုန်ဖြစ်သည်။

ဝမ်ဖိုန်သည် ရှောင်လင်အဖွဲ့ဝင် ဖြစ်သည်။

ရှောင်လင်အဖွဲ့၏ ရဟန်းသိုင်းပညာကို တတ်ထား၏။

ထိုသူက သူ၏ သိုင်းပညာစွမ်းကို ပြသည်။

'သိပ်ကောင်းတယ်'

'ဘာကောင်းတာလဲ၊ တကယ် ကောင်းတာလား'

နန်နန်အ မေးသည်။

'ငါ့ကို လက်သီးနဲ့ တစ်ချက်ထိုးဖို့ ကောင်းတာကို ပြောတာ'

ဝမ်ဖိန်မျက်နှာ နီရဲသွား၏။

ရှက်သွားပုံလည်း ရသည်။

ဝမ်ဖိန်သည် ဟန်ဆောင်တတ်သူ မဟုတ်။ ဒေါသလည်း ကြီးသည်။

ထို့ပြင် ဝမ်ဖိန်သည် စောစောကတည်းက ရှောက်မာကို ကြည့်မရ ဖြစ်နေသည်။

ဝမ်ဖိန်သည် ရှောက်မာကို လက်သီးနှင့် တစ်ချက်မဟုတ် ဆယ်ချက်လောက် ထိုးချင်နေသည်။

ဝမ်ဖိန်သည် ရှောက်မာအား လက်သီးဖြင့် တကယ်ပင် ထိုးလိုက်၏။

သူ အသုံးပြုသော သိုင်းကွက်မှာ ရှောင်လင်အဖွဲ့၏ ရဟန်းသိုင်းကွက် ဖြစ်သည်။

ဝမ်ဖိန့် လက်သီးက ရှောက်မာ၏ ရင်ဘတ်ကို ထိမှန်သွားသည်။

'ဒုတ်...'

'အား...'





ရှောက်မာ၏ အော်သံ မဟုတ်ပါ။ ဝမ်ဖိန်၏ အော်ညည်းလိုက်သော အော်သံပင် ဖြစ်သည်။

ခံရသူက မအော်ရဘဲ ထိုးသူက အော်သဖြင့် အားလုံးမှာ အံ့ဩသွား ဖြစ်သွား၏။

ဝမ်ဖိန်သည် အော်ညည်းလိုက်သည့်အပြင် စုတ်သပ်ပြီး သူ့လက်ကို ခါနေသည်။

ထိုသို့ဖြစ်ရသည့် အကြောင်းကား ရှိ၏။

ဝမ်ဖိန်က ရှောက်မာကို လက်သီးဖြင့် ထိုးလိုက်ချိန်တွင် ရှောက်မာက အတွင်းအားကို သုံး၍ ရင်ကို ခံထားလိုက်သည်။

ထိုအခါ သိုင်းပညာနုသော ဝမ်ဖိန်မှာ ကျောက်တုံးကြီးတစ်တုံးကို ထိုးမိသကဲ့သို့ ဖြစ်သွားရှာလေသည်။

ရှောက်မာက နန်နန်ကို လှည့်ကြည့်လိုက်ပြီး...

'ဘယ်လိုလဲ'

ဟု ခမ်းလိုက်သည်။

'ဒီအတိုင်းဆိုရင် သူ့ကိုလဲ ချေဆုံးလို့ပဲ အိမ်မှာ အနားယူခိုင်းလိုက်ပေါ့'

'ဒါ အကောင်းဆုံးပဲ'

'ကျန်တဲ့လူတွေ စမ်းသပ်ကြည့်ပါဦး'

'မလိုတော့ပါဘူး၊ အားလုံး အိမ်မှာပဲ အနားပေးလိုက်ပါ'

'ရှင် တစ်ယောက်မှ ခေါ်မသွားဘူးလား'

'သူတို့ အချောင်သေကျန်လိမ့်မယ်၊ ဒါမျိုးတော့ ငါ မကြည့်ရက်ဘူး'

'ဒါဆိုရင် ဘယ်သူ့ကို ခေါ်သွားမှာလဲ'

'ဒီညနေ ပေါ်မလာတဲ့ လူနှစ်ယောက်'

'ဒီညနေ ပေါ်မလာတဲ့ လူနှစ်ယောက် ဟုတ်လား'

'ဟုတ်တယ်၊ ဒီညနေ ပေါ်မလာပေမယ့် ညကုန်းကတော့ ငါနဲ့ တွေ့ခဲ့တယ်လေ၊ သူတို့အထဲက တစ်ယောက်က ငါ့ကိုတောင် ဓါးနဲ့ ထိုးလိုက်သေးတယ်'

နန်းနန်း မျက်လုံးအပြူးသား ဖြစ်သွားသည်။

မျက်နှာပေါ်တွင် တစ်စုံတစ်ရာ စိုးရိမ်သည့် အရိပ်အယောင် ပေါ်လာ၏။

'ရှင်က သူတို့ကို လက်သီးနဲ့ ပြန်ထိုးလိုက်သေးတာပဲ၊ ဒါတောင် မကျေနပ်နိုင်သေးဘူးလား၊ တစ်ယောက်က မျက်နှာယောင်နေတယ်၊ တစ်ယောက်က ရင်ဘတ်မှာ ဒဏ်ရာရပြီး ဆေးကုနေရတယ်၊ ဒါတောင် မကျေနပ်နိုင်သေးဘူးလား၊ သူတို့ကို ရန်ရှာချင်သေးသလား'





'အမှန်တော့ ငါဟာ ခိုးကြောင်ခိုး ဝှက် တိုက်ခိုက်တတ်သူကို မုန်းတယ်၊ ဒါပေမယ့် စံပုလေ့ကို ရင်ဆိုင်တဲ့အခါ သူတို့လို လူစားမျိုးမှ အသုံးဝင်တယ်'

'အင်း....ရှင်ကတော့ တကယ့်လူပါပဲကလား၊ ဘယ်လိုပဲ ရွေးရွေး မိန်းကလေးကိုပဲ ရွေးနေမိပါလား'

နန်းနန်းက ပြောသည်။ ရှောက်မာ အံ့သြသွားရလေတော့သည်။

'သူတို့က မိန်းကလေးတွေလား'

'ဟုတ်တယ်'

'သိုင်းပညာတော့ အတော်တတ်တာပဲ'

'ဒါတင်မကဘူး၊ လှလဲ သိပ်လှတယ်၊ နှစ်ယောက်စလုံး သိပ်မွှေးတယ်'

'သူတို့က ရှမ်းရှမ်း ညီမတွေလား'

'မဟုတ်ဘူး၊ ရှမ်းရှမ်းလို လှလို့မွှေးလို့ ပြောတာ'

'ဒါဆိုရင် သိပ်ကောင်းတာပေါ့'

'မကောင်းတာ တစ်ခုရှိတယ်'

'ဘာလဲ....'

'ရှင့်လက်ချက်ကြောင့် တစ်ယောက်က မျက်နှာယောင်ကိုင်းနေတယ်လေ၊ တစ်ယောက်က ရင်ဘတ်အောင့်နေတယ်လေ၊ ဒါတောင် ခံနိုင်ရည်ရှိတဲ့သူမ တွေမို့ ဒီလောက်ခံရတာ'

'ဒါတော့ မတတ်နိုင်ဘူးလေ၊ သူတို့က ငါ့ကို အလစ်ချောင်းတိုက်လို့ ဖြစ်ရတာပဲ'

'ကျွန်မ အပြစ်ပဲ ထားလိုက်ပါတော့'

'ဟုတ်တယ်၊ မင်းအပြစ်ပဲ'

ရှောက်မာက နန်းနန်းကို အပြစ်ပြောလိုက်သော်လည်း နန်းနန်းမှာ ရှောက်မာကို ပြုံးလျက်သာ ကြည့်နေသည်။



## အခန်း (၄)

ရှောက်မာသည် သူ့အား ပညာသားပါပါ တိုက်ခိုက်ခဲ့သော မိန်းကလေးနှစ်ယောက်ကို တွေ့ရသောအခါ အံ့သြသွားရလေသည်။

မိန်းကလေးနှစ်ယောက် အရွယ်မှာ မတိမ်းမယိမ်း။

အသက် တစ်ဆယ့်ရှစ်နှစ်၊ တစ်ဆယ့်ကိုးနှစ်လောက်သာ ရှိပေမည်။

သူတို့နှစ်ယောက်က ညီအစ်မအရင်း ဖြစ်သည်။

အစ်မဖြစ်သူက ကျင်းကျင်း၊ ညီမဖြစ်သူက ကျင်းကြူးဟု ခေါ်သည်။

နှစ်ယောက်စလုံး၏ မျက်လုံးများမှာ ရွှဲလုံးများကဲ့သို့ အရည်လည်ကာ တောက်ပနေသည်။

နှစ်ယောက်စလုံးမှာ ချောမောလှပသည်။

ကျင်းကျင်း၏ မျက်နှာမှာ ယောင်ကိုင်းနေသော်လည်း လှပသည်။

သူတို့နှစ်ယောက်ကို မြင်လိုက်ရသောအခါ ရှောက်မာ စိတ်မကောင်းဖြစ်သွားရသည်။

မိန်းကလေး နှစ်ယောက်ကို နှိပ်စက်ခဲ့မိသော ကြောင့်ပင်။ ကျင်းကျင်းသည် ရှောက်မာကို မြင်သည်နှင့် ဒေါသထွက်သွားပုံရသည်။

မျက်နှာပေါ်တွင် ဒေါသရိပ်များ ယှက်ဆန်းသွားသည်၊ ကျင်းကြူးကမူ ထိုသို့ မဟုတ်ပါ။

ပြုံးပြုံးရွှင်ရွှင် ရယ်ရယ်မောမော အသွင်နှင့် လိုက်ပါလာသည်။

'သူတို့နှစ်ယောက်က ဘယ်အဖွဲ့ ဝင်ခဲ့သလဲ'

ရှောက်မာက မေးလိုက်သည်။

'ရှင် ဘယ်အဖွဲ့ကလဲဆိုတာ သူတို့ကလဲ မမေးဘူး မဟုတ်လား'

နန်နန်က ပြန်ပြောသည်။

'မမေးပါဘူး'





'ဒါဆိုရင် သူတို့အကြောင်း ဘာမေးစရာ လိုသလဲ'

'အင်း....မလိုပါဘူး'

ရှောက်မာက ပြောပြီး နန်နန်ကို စိုက်ကြည့်လိုက်သည်။

သူ တွေ့နေရသော မိန်းကလေးနှစ်ယောက်မှာ သူထင်နေသည်ထက် ပို၍ ထူးဆန်းနေပါလားဟု ကြို၍ တွေးနေမိလေသည်။

ငယ်ငယ်ရွယ်ရွယ်နှင့် အဆင့်မြင့်သိုင်းပညာကို တတ်ထားသည့်အတွက်လည်း စိတ်ထဲမှ ကြိတ်၍ ချီးကျူးနေမိ၏။

'သူတို့ညီအစ်မနဲ့ ရှမ်းရှမ်းအပြင် ဘယ်သူ့ကို ခေါ်သွားချင်သေးသလဲ'

နန်နန်က မေးသည်။

'နားပါးတဲ့ လူတစ်ယောက်ကို ရှာရမယ်'

'နားပါးတဲ့လူ ဟုတ်လား၊ ဘယ်နေရာမှာ သွားရှာရမှာလဲ'

'မြို့ထဲမှာ လူတစ်ယောက်ရှိတယ်၊ အလံတစ်ရာလောက်က လေသံနဲ့ပြောရင်တောင် ဒီလူက ကြားရတယ်'

'ဒါလောက်တောင်ပဲလား၊ ဒီလူက ဘယ်သူလဲ'

'နားပင်းကြီးဆိုတဲ့လူပေါ့၊ ဒီလူက ဖိနပ်ချုပ်စားတဲ့သူ၊ မြို့တံခါးနားမှာ အမြဲရှိတယ်၊ နာမည်က ကျန်းကျိလို့ခေါ်တယ်'

'ဒီလူက နားပင်းကြီးလား'

'ဟုတ်တယ်'

'ကြုံကြုံဖန်ဖန်ရှင်၊ နားပင်းတဲ့လူက အသံကို ဘယ်လိုလုပ်ပြီး ကြားနိုင်မှာလဲ၊ ဒါဖြင့် ရှင်က နားပင်းတဲ့သူလို့ သတ်မှတ်သတဲ့လား'

'ဟုတ်တယ်'

'နားပင်းကြီးတစ်ယောက်က အလံတစ်ရာလောက်က ပြောတဲ့စကားကို ကြားနိုင်ပါ့မလား'

'တစ်လုံးမကျန် ကြားနိုင်တယ်'

'ရှင့်ကြည့်ရတာ ချီးယွင်းချက်ရှိရုံမကဘူး၊ ရူးတောင်ရူးနေသလားပဲ'

ရှောက်မာ ပြုံးလိုက်သည်။

'သူ့ကိုခေါ်ပြီး စမ်းသပ်ကြည့်ရင် သိမှာပါလေ'

ကျန်းကျိ၏ အမည်ရင်းမှာ ကျန်းလုံကျိဖြစ်၏၊

လုံကျိဆိုသည်မှာ နားစွန်းသူဟူ၍ အဓိပ္ပာယ်ရသည်။

ကျန်းလုံကျိသည် ဖိနပ်ချုပ်စားသူ တစ်ယောက်ဖြစ်သည်။

ဖိနပ်လိုလျှင် လှမ်းခေါ်ရုံသာရှိသည်။ ကျန်းလုံကျိ အမြန်ရောက်လာမည်ဖြစ်၏။





ယခုလည်း ကျန်းလုံကျိ အမြန်ရောက်လာပြီ ဖြစ်၏။

ကျန်းလုံကျိ ရောက်လာသည်နှင့် တခါးပေါက်ဝတွင် ရပ်နေသော လူခြောက်ယောက်တို့က ကြေးမောင်းကို တအားထုလိုက်ကြသည်။

တစ်ပြိုင်နက်တည်း ထွက်ပေါ်လာသော ကြေးမောင်းသံက သာမန်လူများ အူထွက်နားကွဲမတတ် ဆူညံသွားသည်။

သို့သော် ကျန်းလုံကျိမှာ မျက်တောင်တစ်ချက် မခတ်ပေ။

သူသည် နားကန်းတစ်ယောက်ဖြစ်ကြောင်း ထင်ရှားနေလေသည်။

ခန်းမကြီးက ကျယ်ဝန်းလှသည်။ နန်နန်သည် အဝေးဆုံးထောင့်တစ်ထောင့်တွင် ဝင်ထိုင်နေ၏။ တခါးနှင့် ပေတစ်ရာမကဝေး၏။

ကျန်းလုံကျိ တခါးဝအတွင်း ရောက်သည်နှင့် ကိုယ်ရှိန်သတ်လိုက်သည်။ နန်နန်က ကျန်းလုံကျိကို လှမ်းကြည့်ကာ...

'ရှင် ဖိနပ်ချုပ်တတ်သလား'

ခပ်တိုးတိုး မေးလိုက်သည်။

ကျန်းလုံကျိမှာ ချက်ချင်း ခေါင်းညိတ်ပြသည်။

'ရှင့်နာမည် ဘယ်လိုခေါ်သလဲ၊ ဘယ်ဇာတိလဲ၊ အိမ်မှာ ဘယ်သူတွေရှိသလဲ'

နန်းနန်းက ဆက်၍မေးသည်။

'ဒါက ကျန်းအနွယ်အဝင် ဟိုနန်ဇာတိ မိန်းမ သေသွားပြီး သမီး အိမ်ထောင်ကျသွားပြီ၊ အခုဆိုရင် ဒါတစ်ယောက်ပဲကျန်တယ်'

နန်းနန်း အံ့သြသွားသည်။ သူမ ပြောသည်မှာ လေသံမျှသာ ဖြစ်၏။ သို့သော် ကျန်းလုံကျိအား တစ်ခွန်းမကျန် ကြားနေသည်။ မေးသမျှ အကုန်ပြောနေသည်။

ရှောက်မာက နန်းနန်းကို မေးဆတ်ပြလိုက်သည်။ ဘယ်လိုလဲဟု မေးလိုက်ခြင်းဖြစ်သည်။

'ကောင်းတယ်၊ သိပ်ကောင်းတယ်'

နန်းနန်းက ပြောသည်။

တံခါးနောက်ကွယ်မှ ထွက်လာသည်။

'ကိုကြီးကျန်း နေကောင်းပါတယ်နော်'

ရှောက်မာကို မြင်လိုက်ရသောအခါ ကျန်းလုံကျိမျက်နှာ ချက်ချင်း ပျက်သွားသည်။ လန့်ဖျပ်သွား ပုံသည်းခသည်။ နောက်ကို တစ်ချီတည်း လှည့်ထွက်ရန် ပြင်လိုက်သည်။

သို့သော် ထွက်မရ။

ကြေးခေါင်းကိုင်ထားသော လူခြောက်ယောက်က တံခါးဝတွင် ပိတ်ရပ်နေသည်။





ကျန်းလုံကျိ ရှောက်မာကို လှမ်းကြည့်ရင်း သက်ပြင်းချလိုက်သည်။

ထို့နောက် မချိပြုံးပြုံးလျက်...

'ဒါ နေမကောင်းဘူး၊ ကျန်းမာရေး သိပ်မကောင်းဘူး ဖြစ်နေတယ်'

'ဘာဖြစ်လို့လဲ'

'မင်းလို အကုသိုလ်ကောင်နဲ့တိုးတာ ဒါ ဘယ်လိုနေကောင်းနိုင်မှာလဲ'

ကျန်းလုံကျိက ပြန်ပြောလိုက်သည်။

'ဟား....ဟား....ဟား'

ရှောက်မာ အားပါးတရ ရယ်လိုက်သည်။

ထို့နောက် ရှောက်မာသည် ကျန်လုံကျိထံသို့ လျှောက်သွားပြီး ပခုံးကို သိုင်းဖက်လိုက်သည်။

သူတို့နှစ်ယောက်သည် မိတ်ဟောင်းဆွေဟောင်းနှင့် တူနေသည်။

အလွန်ရင်းနှီးကြပုံပင်။

ရှောက်မာလို ခြေသလုံးအိမ် သိုင်းသမားနှင့် ကျန်းလုံကျိလို ဖိနပ်ချုပ်သူ အဘယ်ကြောင့် မိတ်ဟောင်းဆွေဟောင်း မဖြစ်နိုင်ပါသနည်း။

ဖြစ်နိုင်ပေသည်။

ကျန်းလုံကျီ၏ ဇာတိဇစ်မြစ်မှာ မသင်္ကာဖွယ်ရာ ကောင်းနေသည်။

နန်းနန်းသည် ကျန်းလုံကျီ၏ ဇာတိဇစ်မြစ်ကို အတင်းအဓမ္မ မမေးလိုပါချေ။

သူမ၏ အရေးကြီးသော ဆန္ဒမှာ ဝံပုလွေကောင်ကို ဖြတ်ကျော်ရေးဖြစ်၏။

'ကျွန်မတို့နဲ့ လိုက်မလာဘူး မလိုက်ဘူးလားဆိုတာ မေးမကြည့်တော့ဘူးလား'

နန်းနန်းက ရှောက်မာကို ပြောလိုက်သည်။

ရှောက်မာက ...

'လိုက်မှာ သေချာပါတယ်'

'ရှင် ဘယ်လိုသိသလဲ'

'ငါနဲ့ ပက်ပင်းတိုးနေပြီပဲ၊ သူ့အတွက် တခြားရွေးစရာလမ်း ဘယ်ရှိတော့မလဲ'

ကျန်းကျီ၏ မျက်နှာမှာ ပို၍ မည်းမှောင်လာသည်။

'ငါကို ဝံပုလွေကောင် ဖြတ်ကျော်ဖို့ ခေါ်နေတာတော့ မဟုတ်ပါဘူးနော်'

ကျန်းလုံကျီက စူးစမ်းဟန်ဖြင့် မေးသည်။





ရှောက်မာက....

'မဟုတ်ဘူး၊ ဒါပေမယ့် နောက်ဆက်တွဲစကား ရှိသေးတယ်'

'ဘာလဲ နောက်ဆက်တွဲစကားက'

'မဟုတ်ဘူးဆိုရင် သိပ်အံ့သြစရာ ကောင်းမှာပေါ့'

ရှောက်မာက ဆက်ပြီး ပြောသည်။

ကျန်းလုံကျီ မျက်နှာမှာ ဖြူမတ်ဖြူရော် ဖြစ်သွားသည်။

သူသည် မျက်စိကို စုံမှိတ်ကာ ကြမ်းပြင်ပေါ်သို့ ထိုင်ချလိုက်သည်။

သူမလိုက်နိုင်ကြောင်း ပြသလိုက်ခြင်းပင်။

နန်းနန်းက ရှောက်မာအား လှမ်းကြည့်လိုက်သည်၊

ရှောက်မာက နန်းနန်းကိုကြည့်ကာ ပြုံးပြလိုက်သည်။

ထို့နောက် ရှောက်မာက ကျန်းလုံကျီလက်ကိုဆွဲကာ တစ်စုံတစ်ခု ရေးခြစ်လိုက်သည်။

ကျန်းလုံကျီ ချက်ချင်း ခုန်ထလိုက်သည်။

'ဒီတစ်ခေါက် တကယ်ပဲ မသွားလို့မဖြစ်ဘူး ဟုတ်လား'

ရှောက်မာက ခေါင်းညိတ်လိုက်သည်။

ကျန်းလုံကျီ မျက်နှာမှာ ပြာနှမ်းနှမ်း ဖြစ်သွားသည်။

ကျန်းလုံကျီသည် သက်ပြင်းကို ရှိုက်လိုက်ပြီး....

'ကောင်းပြီ ငါလိုက်မယ်၊ ဒါပေမယ့် ငါ ဟစ်ခုတော့ တောင်းဆိုရလိမ့်မယ်'

'ပြောပါ'

'လောက်ဖိုကို သွားခေါ်ပါ'

'ဘာလဲ လောက်ဖို မြို့ထဲရောက်နေလို့လား'

'မောင်စောဏပဲရောက်လာတယ်၊ ငါ့အိမ်မှာရှိတယ်၊ အရက်သောက်နေတယ်'

ကျန်းလုံကျိုက ပြောသည်။

ရှောက်မာက အတော် ရှင်လန်းတက်ကြွသွားသည်။

ဤတွင် နန်းနန်းက...

'လောက်ဖို ဆိုတာ ဘယ်သူလဲ'

ဝင်မေးသည်။

'သူလဲ ဖိနပ်ချုပ်တဲ့သူပဲ'

ရှောက်မာက ဖြေလိုက်သည်။

'သူ့မှာ ဘာအရည်အချင်းရှိလို့လဲ'

'ဘာအရည်အချင်းမှ မရှိဘူး'

'နည်းနည်းမှ မရှိဘူးလား'

'မရှိရင် သူ့ကိုသွားခေါ်ရော ဘာဖြစ်လို့လဲ'

'အရည်အချင်းမရှိတဲ့လူကို မင်း ဘယ်နှစ်ယောက် တွေ့ဖူးသလဲ'





ရှောက်မာက မေးလိုက်သည်။

'တစ်ယောက်မှ မတွေ့ဖူးဘူး'

'ဒါကြောင့် သူလိုလူမျိုးကို အင်မတန်ရှာရခက်တယ်'

ရှောက်မာစကားကို နန်းနန်း သဘောပေါက်ပုံမရ။ နန်းနန်းက ရှောက်မာကို အကြောင်သားကြည့်နေသည်။

ရှောက်မာကဆက်၍...

'အရည်အချင်းမရှိတာဟာ သူ့ရဲ့ထူးခြားချက်ပဲ၊ သူလိုလူမျိုးကို ဘယ်နေရာမှာ သွားရှာလို့ ရမလဲ၊ ရှိတာတောင် သိပ်ပြီးရှားလိမ့်မယ်'

ရှောက်မာစကားကို နန်းနန်း တနည်းငယ် နားလည်သလိုရှိလာသည်။ သေသေချာချာတော့ သဘောမပေါက်သေး။

ရှောက်မာကလည်း ဆက်၍ရှင်းမပြတော့။

'ခင်ဗျားအိမ်မှာ အရက်ဘယ်နှစ်အိုးရှိသလဲ'

ရှောက်မာက ကျန်းလုံကျိုကို လှည့်မေးလိုက်၏။

'ဒါဆို သူတွက်သွားရောပေါ့၊ အရက်တစ်အိုးသောက်ပြီးရင် ဘယ်သူက တစ်ယောက်တည်းထိုင်နေမှာလဲ'

ရှောက်မာက ပြောလိုက်သည်။

ကျန်းလုံကျို ငြိမ်နေ၏။

'သူ ဘာ ထွက်လုပ်မလဲ'

နှန့်နှန်က မေးသည်။

'ဘယ်သိပါ့မလဲ၊ အရက်သောက်ထားတဲ့လူ တစ်ယောက်က ဘာဆက်လုပ်မယ်ဆိုတာ ဘယ်လိုမှန်းနိုင်ပါ့မလဲ'

ကျွန်းလုံကျို နှုတ်ဆိတ်နေ၏။

တံခါးကိုသာ ကြည့်နေသည်။

သူ့ အမူအရာက ထူးဆန်းနေသည်။

မိန်းမချော တစ်ယောက်ကို မြင်လိုက်သော ယောကျာ်း တစ်ယောက်သည် ကျွန်းလုံကျိုကဲ့သို့ အမူအရာမျိုး ဖြစ်ပေါ်စေတတ်မည်သာ။



အခန်း (၁၀)

ကျွန်းလုံကျို ရှမ်းရှမ်းကို မြင်လိုက်ခြင်းပင်။

ရှမ်းရှမ်းသည် ခြံဝင်းကိုဖြတ်ကျော်လျက် ခပ်သုတ်သုတ် လျှောက်လာသည်။

သူမ၏ လှပသော မျက်နှာလေးမှာ ရှင်လန်းတက်ကြွနေသည်။

ပန်းနုရောင်သန်းနေ၏။

ရှမ်းရှမ်းက အမောဆောက်အဦထဲမဝင်မီ အသံကျယ်ကျယ်ဖြင့်—

'ကျွန်မ ခုတင်ပဲ သတင်းကောင်းတစ်ခု ရလိုက်တယ်'

နှန်နှန်က ရှမ်းရှမ်းလက်ကိုဆွဲကာ စကားကိုစောင့်၍နားထောင်နေသည်။

ကျန်းလုံကျိက ရှမ်းရှမ်းကို ငေးကြည့်နေသည်။

ရှမ်းရှမ်းကိုမြင်သဖြင့် ကျန်းလုံကျိသည် အသက်တစ်ဝက်ခန့် နုပျိုသွားသည်ဟု ထင်နေမိ၏။

သူ့အသက်က လေးဆယ်ထဲရောက်နေပြီ။

ရှမ်းရှမ်းက အသက်နှစ်ဆယ်ကျော်သာ ရှိသေး၏။

ထို့ကြောင့် ရှမ်းရှမ်းသည် ကျန်းလုံကျိကို ယောင်၍ပင် လှည့်မကြည့်။

အနည်းငယ် စောင်းငဲ့ကြည့်ဖို့ပင် မရ။

'မြို့မှာ လူတစ်ယောက် ရောက်လာတယ်၊ အရည်အချင်းရှိတဲ့လူပဲ၊ ဒီလူကို အခေါ်နိုင်ရင် ပြဿနာတွေ ပြေလည်သွားမှာပဲ'

ရှမ်းရှမ်းကဆက်ပြော၏။

'အဲဒီလူက ဘယ်သူလဲ'

'ကျင့်တင်ဟို'

'ဉာဏ်ကြီးရှင်ကျင့်တင်ဟိုကို ပြောတာလား'

'ဟုတ်တယ်၊ လောက်ခွန် ခုတင်ပဲ မြို့ရောက်လာတယ်၊ ဒီလူ ထင်းစုအရက်ဆိုင်မှာ အရက်သောက်နေတယ်၊ အဖော်တွေ





ခေါ်လာတယ်၊ အရက်ဝိုင်းက စည်စည် ကားကား ရှိတယ်လို့ လောက်ခွန်က ပြောတယ်'

ကျန်းလုံကျိ မနေနိုင်တော့ပါ။

ရှောက်မာအား လှည့်ကြည့်လိုက်၏။

ရှောက်မာကလည်း လှမ်းအကြည့်နှင့် အကြည့်ချင်းဆုံသွား၏။

'မင်းသွားမလား၊ ငါသွားရမလား'

ကျန်းလုံကျိ မေးလိုက်၏။

'ကျုပ်ပဲသွားမယ်'

'ကျင့်တင်ဟို ဆီ သွားမလို့လား'

ရှမ်းရှမ်းက ဝင်မေး၏။

'ဟုတ်တယ်၊ မျောက်ကြီးဆီသွားမလို့၊ ဒီမျောက်ကြီးက မျက်နှာ သိပ်ထူတယ်'

မျက်နှာထူသောလူကို မျောက်ဖိုဟု ခေါ်ကြသည်။

ရှောက်မာ၏စကားကို ရှမ်းရှမ်းနားမလည်။

နှန်နှန်က မူ သဘောပေါက်သွား၏။

'ကျင့်တင်ဟို အဖြစ် ထန်းဆောင်နေတဲ့ လောက်ပိကို ပြောတာလား'

နန်းနန်းက မေးသည်။

'ဟုတ်တယ်'

'ကျွင့်တင်ဟိုဟာ နာမည်ကျော် သိုင်းသမားကြီးပဲ၊ ဘယ်သူ့က သူ့အတွက် လုပ်စားမှာလဲ'

ရှမ်းရှမ်းက ဝင်ပြောဏ်။

'ဘယ်သူမှမလုပ်ဝံ့ပေမယ့် လောက်ဖိက လုပ်ဝံ့တယ်၊ ဒီလူက အရက်တစ်အိုးလောက်သောက်ပြီးရင် မလုပ်ဝံ့တာ မရှိဘူး၊ ဘာမဆိုလုပ်ဝံ့တယ်'

ရှောက်မာက ပြန်ပြောလိုက်သည်။

နန်းနန်းက....

'ဒီလူ့မှာ အရည်အချင်း လုံးဝမရှိဘူးဆို၊ ဒီအလုပ်မျိုးကို လုပ်ဝံ့ပါ့မလား'

'အရည်အချင်း လုံးဝမရှိတဲ့သူမို့ ဒီလိုလုပ်တာပေါ့'

ရှောက်မာက ပြန်ပြောလိုက်သည်။

လောက်ဖိသည် လူရည်သန့် ဖြစ်၏။

မျောက်နှင့်လည်း မတူပါ။

သူသည် ကျွင့်ဘင်ဟို့ထက်ပင် သာ၍နာနေသည်။

သို့သော် ရှောက်မာကို တွေ့လိုက်ရသောအခါ လောက်ဖိသည် ကြောင်နှင့်ဝင်တိုးသော ကြွက်ကဲ့သို့ သိမ်ငယ်သွားသည်။





ရှောက်မာ၏ခိုင်းသမျှ လုပ်ရတော့မည့်ပုံမျိုး အထင်းသား ပေါ်နေသည်။

'ကျုပ်ကို ဝပ်ပုလွေတောင် သွားကြမလား'

'ကောင်းပြီ'

လောက်ဖိ ချက်ချင်း သဘောတူလိုက်သည်။

'ခင်ဗျား မကြောက်ဘူးလား'

'မိတ်ဆွေအတွက်ဆိုရင် သေချင်သေပါစေ၊ ကျေနပ်တယ်၊ ကျားခံတွင်းထဲတောင် ဝင်ဝံ့တယ်'

လောက်ဖိက ရင်ကော့ပြောသည်။

'ဒါဖြင့်သွားကြမယ်'

ရှောက်မာက လောက်ဖိကို နန်းနန်းတို့ထံ ခေါ်ဆောင်လာသည်။

'လောက်ဖိဆိုတာ သူပဲနန်းနန်း၊ မင်းသဘောပေါက်သွားပြီ မဟုတ်လား'

နန်းနန်းက ပြုံးလိုက်သည်။

သူမသည် သဘောပေါက်ပြီဖြစ်၏။

လောက်ဖိသည် မျောက်ဘစ်ကောင်နှင့်တူနေ၏။

မျက်နှာတူသော မျောက်ဘစ်ကောင်ဖြစ်သည်။

သို့ဖြင့်....

'သူက ဖိနပ်ချုပ်တဲ့လူလို့ ပြောခဲ့တယ်၊ သူ့ကိုကြည့်ရတာ ဖိနပ်ချုပ်တဲ့သူနဲ့ မတူပါလား'

'ဒါက ဖိနပ်ချုပ်တဲ့သူ၊ သူက ဖိနပ်သားရေကိုဖားတဲ့သူ'

လောက်ဖိသည် စိတ်မဆိုးသည့်အပြင် ပြုံးလိုက်သေးသည်။

ရှောက်မအသည် ကျွန်းလုံကျိ၊ လောက်ဖိ တို့အပြင် မိန်းမလေးသုံးယောက်အပြင် အသည်းအသန် ဖြစ်နေသော လူမမာကို ကာကွယ်၍ အိမ်မှထွက်ခဲ့ကြသည်။

■ ■ ■

သူတို့သွားခဲ့သည့်လမ်းမှာ ကျားခံတွင်းကဲ့သို့ကြောက်မက်ဖွယ်ကောင်းသော ဝံပုလွေတောင်ဖြစ်သည်။

ထိုအကြောင်းကို ကြားလူကြားသိလျှင် သူတို့အတွက်စိုးရိမ်ကောင်းဖြစ်မည်မှာ သေချာလှသည်။

သို့သော် ကာယကံရှင်တို့ကမူ အန္တရာယ်ကို မမှုပါချေ။

လူဝယ်သာ အသုံးပိတ်ထားသော ဝေါယာဉ်ပေါ်တွင် ထိုင်နေသည်။





ထိုလူ၏ ရုပ်သွင်က ဖြူသလား မည်းသလားပင် မသိပါ။

သို့သော် သူက ထိုလူအတွက် အသက်ကိုပင် ပေးရန် မထားဘဲ စွန့်စားမည်ဖြစ်သည်၊

အခြားလူက သူ့ကို အရူးဟုပင် ထပ်တောင်း ထင်ချင်နေစေ လိမ့်မည်။

သို့သော် သူက လုံးဝ ဂရုမစိုက်ပါ။

သူလုပ်ချင်သည့် အလုပ်မှန်သမျှ မည်မျှပင် အန္တရာယ် ရှိစေကာမူ တစိုက်မတ်မတ် လုပ်မည့်သူပင်ဖြစ်သည်။

## အခန်း (၁၁)

ရာသီဥတုက သာသာယာယာရှိသောနေ့ဖြစ်၏။

မွန်းတည့်ချိန်ဖြစ်၍ နေမင်းက ကျဲကျဲတောက် ပူလောင်နေသည်။

ဝေါယာဉ်နှစ်စီး၊ မြင်းသုံးကောင် အနောက်ဘက် မြို့တံခါးမှ ထွက်လာကြသည်။

အပြင်ထွက်ပြီး လည်ပတ်မည့်ပုံစံမျိုးဖြစ်သည်။

လောက်ဖိုးသည် ရှေ့မှ ဦးဆောင်သည်။

သူ့ဟန်ပန်မှာ အစ်ကိုတစ်ယောက် ပုံစံမျိုးဖြစ်သည်။

ညီမလေးသုံးယောက်တို့က မျက်နှာတွင် အနက်ရောင် ဇာပဝါဖုံးလျက် မြင်းပေါ်တွင်ထိုင်လျက် လိုက်ပါလာသည်။





မိခင်နှင့် ဖခင်တို့က ဝေါယာဉ်တွင်ရှိနေသကဲ့သို့ပင် ရှောက်မာနှင့် ကျင်းလုံကျိတို့ကမူ အစေခံပမာ နောက်မှ လိုက်လာသည်။

ကျင်းလုံကျိက လူကြီး၊ ရှောက်မာက လူငယ်အသက်အရွယ်ချင်း မတူပါ။

သို့သော် အဝတ်အစား မတိမ်းမယိမ်းပင်ဖြစ်သည်။

နှစ်ဦးစလုံးပင် စုတ်ချာဟောင်းနွမ်းသော အဝတ်အစား ဝတ်ဆင်ထားသည်။

သူတို့၏ အဝတ်အစားမှာ ဝေါယာဉ်ထမ်းသော အထမ်းသမားထက်ပင် ညံ့နေသည်။

အဘယ်ကြောင့် အဝတ်အစားသစ် လဲလှယ်ခြင်း မပြုပါသနည်း။

ထိုအချက်ကို နန်နန်က မေးကြည့်သေးသည်။

သို့သော် ရှောက်မာက မလဲချင်လို့ မလဲတာဟု ခပ်ပြတ်ပြတ် ပြောလိုက်သည်။

ရှောက်မာသည် အခြားလူနှင့် မတူပါ။

သူမနှစ်သက်သော အလုပ်မျိုးဆိုလျှင် ခေါင်းပြတ်လျှင် ခံရပါစေ၊ လုပ်မည် မဟုတ်ပေ။

7

သူတို့လူစုကို အခြား လမ်းသွားလမ်းလာတို့က အာရုံစိုက်နေကြသည်။

သူတို့လည်း လမ်းသွား လမ်းလာများကို အာရုံစိုက်ကြသည်။

လမ်းသွားလမ်းလာဟူသမျှ မလွတ်တမ်း အကဲခတ်ကြည့်လိုက်သည်။

ဝေါယာဉ်ပေါ်တွင် ထိုင်နေသော နှိန်နန် ပင်လျှင် ယင်းလိပ်ကို ကြာခဏဖယ်ကာ အပြင်သို့ မျှော်ကြည့်နေသည်။

အမှန်ဆိုလျှင် လမ်းသွားလမ်းလာများကို အရေးတကြီး ကြည့်နေစရာမလိုပေ။

အကြောင်းမှာ သူတို့အလုပ်က- ဝံပုလွေတောင်သို့မရောက်သေးသောကြောင့်ဖြစ်သည်။

ဤနေရာသည် လုံမင်မြို့ဖြစ်သည်။

ထိုမြို့သည် ဝံပုလွေတောင်သို့သွားရာတွင် မဖြစ်မနေ ဖြတ်ကျော်ရမည့်နေရာတစ်ခုဖြစ်သည်။

မြို့ဟုဆိုသော်လည်း ကြားငယ်သောမြို့ကလေး တစ်မြို့သာဖြစ်သည်။

သာမန်လူဆိုလျှင် မည်သူမျှ ဝံပုလွေတောင်သို့ သွားမည်မဟုတ်ပေ။





အိပ်မက်ဆိုး မက်သည့်တိုင် ဝံပုလွေတောင်သို့သွားသည်ဟု မြင်မက်မည် မဟုတ်ပေ။

ထို့ကြောင့် မြို့ကလေးကို ဖြတ်ကျော်သွားသူသည် အရူး မဟုတ်သည့်တိုင် ဦးနှောက် ချွတ်ယွင်းလျက်ရှိသူသာ ဖြစ်သည်။

လူမွဲမဟုတ်လျှင် လူဆိုးဖြစ်မည်သာပင်။

ထို့ကြောင့်ပင် လုံမင်မြို့ကလေးသည် အစဉ်တစေ ခြောက်ကပ်ကပ် ဖြစ်နေသည်။

မြို့ထဲတွင် နေထိုင်သူသည် မြို့ကို မစွန့်ခွာချင်၍ နေနေခြင်း မဟုတ်ပါ။

စွန့်ခွာ၍ မရသောကြောင့်ဖြစ်သည်။

ယင်းသို့ဖြစ်ရခြင်းမှာ....

ဆင်းရဲလွန်း၍ဖြစ်သည်။

သို့မဟုတ်ပါက အသက်ကြီးရင့်လွန်း၍လည်းဖြစ်သည်။

သွားတစ်ချောင်းမျှ မကျန်အောင် အိုမင်းသော အဘွားအိုတစ်ယောက်က ထမင်းဆိုင် ဖွင့်ထားသည်။

ထမင်းချက်သည့်အိုးက မပေါက်ရုံမည် ဟောင်းနွမ်းနေပြီဖြစ်သည်။

နံရံပေါ်တွင် ဟင်းလျာနှင့် အရက်မျိုးစုံတို့၏ အခေါ်အဝေါ်ကို ရေးခြစ်ထားသည်။

ဝက်ဝံရိုး၊ ဘဲဥကြော်၊ ရှာလကာရည်၊ နာမည်ကြီး မှော်က်တင် အရက်၊ ဝါးရွက်စိမ်းအရက် စသည့် စားသောက်ဖွယ်ရာများကို စုံစုံလင်လင် ရောင်းသည်။

အမှန်ဆိုလျှင် ဖော်ပြပါ စားသောက်ဖွယ်ရာများကို လုံးဝ မရနိုင်ပါ။

အလွန်ဆင်းရဲ မွဲတေသူမှလွဲ၍ ထိုဆိုင်သို့ လာရောက် စားသောက်နိုင်လိမ့်မည် မဟုတ်ပါ။

ယနေ့သည် ထူးခြားသော နေ့တစ်နေ့ဖြစ်သည်။

ဆိုင်ထဲသို့ ဧည့်သည်တစ်စု ရောက်လာသည်။

ထိုလူများမှာ ဆင်းရဲသား မဟုတ်သည့်အပြင် တိတ်ဟန် အနေတော်ကြီးနေသူများဖြစ်သည်။

ယင်းလူစုမှာ ကြိုတင်ချိန်းထား၍ ထိုဆိုင်သို့ လာရောက် စုမိသလို ဖြစ်နေသည်။
မှန်းတည်ချိန်တွင် ထိုဆိုင်သို့ လာရောက်စုမိကြ၏။
သူတို့မှာ အရပ်လေးမျက်နှာတို့မှ ရောက်လာခြင်းဖြစ်သည်။ ခရီးအပြင်းနှင်လာကြဟန်လည်း တူသည်။
သို့သော် တစ်ယောက်နှင့်တစ်ယောက် သိပုံမရပေ။
အားလုံးပင် ဟောင်းနွမ်းယိုင်နဲ့နေပြီဖြစ်သော ထိုင်ခုံတွင် ဝင်ထိုင်ကြသည်။





တစ်ယောက်မျက်နှာတစ်ယောက် ကြည့်နေကြသည်။
သူတို့မှာ ဓားကိုယ်စီ ဆောင်လာကြသည်။
တစ်ယောက်အပေါ် တစ်ယောက် ရန်လိုသော မျက်လုံးဖြင့် ကြည့်နေခြင်းဖြစ်သည်။

အားလုံးပင် ခေါက်ဆွဲပြုတ်နှင့် အရက်ဖြူတစ်အိုး မှာလိုက်ကြသည်။

အကြောင်းမှာ ထိုဆိုင်ထဲတွင် စားသောက်စရာဟူ၍ ထိုနှစ်မျိုးသာ ရှိနေသောကြောင့်ဖြစ်သည်။

သို့သော် အစားအသောက်များ ရောက်လာပြီ ဖြစ်သော်လည်း မည်သူမျှ စားသောက်ခြင်း မပြုပါ။

အကြောင်းမှာ ခေါက်ဆွဲပြုတ်ရည်မှာ ပန်းကန်ပြားဆေးသော ရေထက်ပင် ပို၍ညစ်ပတ်နေ၏။

အရက်ဖြူမှာလည်း ချဉ်စော်နံနေ၏။

ထိုပြင် အဘွားကြီးက ကျသင့်ငွေ သိမ်းသွားပြီဖြစ်၏။

ဆိုင်ရှင်ပင်ဖြစ်သော်လည်း ဧည့်သည်များကို ဧည့်ဝတ် မပြုပါ။

ငွေသိမ်းပြီးသည်နှင့် ရှောင်ထွက်သွားခဲ့သည်။
အဘွားကြီးက အ,အ မဟုတ်ပါ။

ယခုရောက်လာသော လူစုမှာ အစားစားရန် အရက်သောက်ရန် ရောက်လာခြင်း မဟုတ်မှန်း အဘွားကြီးက အတတ်သိနေသည်။

သို့ဆိုလျှင် ထိုလူစုမှာ မည်သည့် ရည်ရွယ်ချက်ဖြင့်ရောက်လာကြသနည်း။

အဘွားကြီးက နားမလည်ပါ။

စပ်စုချင်စိတ်လည်း မရှိပါ။

အကြောင်းမှာ....

သင်းရဲနွမ်းပါလှသည်။

အသက်လည်း ကြီးလှပြီဖြစ်သည်။

သို့သော် လူ့လောကတွင် ဆက်လက်၍ နေထိုင်ချင်သေးသောကြောင့် ဖြစ်သည်။



## အခန်း (၁၃)

မှန်းတည့်ချိန်ကျော်လွန်ခဲ့ပြီဖြစ်သည်။

ရောက်ရှိနေသောသူအားလုံး ပူပန်စိုးရိမ်လာကြသည်။

သို့သော်....

ငြိမ်သက်စွာ ထိုင်မြဲထိုင်နေသည်။

ထိုအချိန် အပြင်းနှင်လာသောသော မြင်းခွာသံများကို ကြားလိုက်ရသည်။

အားလုံးပင် အသံလာရာသို့လှမ်းကြည့်လိုက်ကြသည်။

မကြာပါ။

မြင်းတစ်စီးဆိုက်ရောက်လာသည်။

မြင်းစီးသမားသည် ပခုံးကျယ်သည်၊ ခါးသေးသည်၊ လက်ကြီးသည်၊ ခြေတံရှည်သည်။

မိုးသစ်ပွင့်စာပေ

အပြာရောင်အဝတ်အစား ဝတ်ဆင်ထားသည်။
ခါးထဲတွင် မည်သည့်လက်နက်ထိုးထားမှန်း မသိပါ။
အင်္ကျီစက်နေရာတွင် ဖောင်းထားနေသည်။

ထိုလူကိုမြင်လျှင်ပင် အားလုံး မျက်နှာကိုလွှဲပစ်လိုက်ကြသည်။

သူတို့က ထိုသူကိုစောင့်မျှော်နေခြင်း ဖြစ်သည်။

သို့သော်....

သူတို့စောင့်မျှော်နေသူသည် ယခုရောက်လာသောလူမဟုတ်ပေ။

ထိုလူသည် မြင်းဇက်ကိုတစ်ချက်ပုတ်လိုက်ရုံနှင့် မြင်း ချက်ချင်း ရပ်တန့်သွားသည်။

မြင်းရပ်တန့်လိုက်သည်နှင့် ထိုလူက အဘွားကြီး၏ဆိုင်ထဲသို့ ဝင်မိလျက်သား ဖြစ်သွားသည်။

မြင်းပေါ်မှ မည်သို့မည်ပုံဆင်းလာသည်ကို မည်သူကမျှ သတိမပြုမိကြချေ။

ထိုသူသည် ခြေတံရှည်ရုံတင်မကပါ။

ပုံပန်းသဏ္ဌာန်က ထူးခြားနေသောကြောင့် ဖြစ်သည်။
ခြေတံရှည်သလို မျက်နှာကလည်း ရှည်မျောမျော ဖြစ်နေသည်။





မျက်လုံးမှာမူ ကြောင်ပုံစံမျိုးဖြစ်နေသည်။
စူးရှတောက်ပြောင်နေသည်။

ထိုသူသည် ဆိုင်ထဲရှိလူများကို တစ်ချက်ဝေ့ကြည့်လိုက်ပြီး....

'မင်းတို့ကို ငါသိပါတယ်၊ ဘာကြောင့်လာမှန်းလဲ ငါသိတယ်'

ဟု လှမ်းပြောလိုက်သည်။
သို့သော်...
တုံ့ပြန်သံလုံးဝထွက်မလာပါ။
မည်သူကမျှ သူ့ကိုလှည့်မကြည့်ကြပါ။

ကြည့်လျှင်လည်း မျက်လုံးချက်ချင်းပြုတ်ကျမည်စိုး၍ မကြည့်ဘဲ နေနေသည့်ပုံစံမျိုးဖြစ်သည်။

ခြေတံရှည်သူက ခပ်သဲ့သဲ့ပြုံးကာ...

'မင်းတို့လဲ ငါ့ကိုသိမှာပဲ၊ ဘာကြောင့်လာတယ်ဆိုတာလဲ သိမှာပဲ'

ထိုလူသည် ပြောပြောဆိုဆို ခြေတစ်ဘက်မြောက်ကာအားရပါးရ ဆန့်လိုက်သည်။

ထိုသူ၏ ခြေတံရှည်သည်မှာ အမှန်ပင်။
သို့သော်....

ခြေတံရှည်မည်မျှစောစောမှ ငါးပေထက် ပို၍ရှည်မည်မဟုတ်ပါ။

ထမင်းဆိုင်အလေးစား ခပ်ပုပုဖြစ်သည်။
သို့သော်....

မည်မျှပင်ပုနေပါစေ ပေနှစ်ဆယ် အနည်းဆုံးမြင့်မည်သာပင်။
သို့သော်....

ထိုလူတစ်ချက်ဆန့်လိုက်ရုံဖြင့် အိမ်ခေါင်မိုးတွင် အပေါက်ကြီး တစ်ပေါက်ဖြစ်သွားသည်။

ထိုအခါ အားလုံးပင် မျက်နှာပျက်ကုန်ကြသည်။
သို့သော်....
ဘာမျှမလုပ်ဘဲ ထိုင်မြဲထိုင်နေကြသည်။

ခေါင်မိုးပေါ်မှကျလာသော အုတ်ကျိုးအုတ်ပဲ့များမှာ ထိုလူစုတို့၏ ခေါင်းပေါ်သို့ကျလာသည်။

ခေါက်ဆွဲပန်းကန်ထဲသို့လည်း ကျလာသည်။
သို့တိုင် ၎င်းတို့မှာငြိမ်မြဲငြိမ်နေကြသည်။
ခြေတံရှည်လူမှာ ထိုင်ချလိုက်ပြီဖြစ်သည်။
မုတ်ဆိတ်ပါးမြိုင်းမွေးချန်ထားသော လူ၏ရှေ့တွင် ထိုင်ချလိုက်ခြင်းဖြစ်သည်။





'ခြောက်လအတွင်းမှာ မင်းတမြစ်အရှေ့ဘက်မှာ တော်တော်လေး အလုပ်ဖြစ်တယ်လို့ ပြောသံကြားတယ်၊ ငွေတွေ တော်တော်ရလိုက်တယ် မဟုတ်လား'

ခြေတံရှည်လူက ပြောလိုက်သည်။
မုတ်ဆိတ်နှင့်လူက ဘာမှပြန်မပြောပေ။
သို့သော်....

သူ၏သန်မာသောလက်တစ်ဘက်က စားပွဲအောက်တွင်ရှိနေသော ဓားရိုးပေါ်သို့ရောက်သွားသည်။

ခြေတံရှည်လူမှာ ဆက်လက်၍....

'ဒီနေ့ကစပြီး မင်းရှာစ်ခွဲခွဲဖြစ်ရင် ငါ့ဆီးဝတာဝန်ယူတယ်၊ ဒါပေမယ့် မင်းရတဲ့ငွေကိုတော့ သုံးပုံနှစ်ပုံခွဲယူရမယ်'

မုတ်ဆိတ်နှင့်လူ ခြေတံရှည်လူကိုစိုက်ကြည့်ကာ....
'ခင်ဗျားက သုံးပုံပုံယူမယ်ပေါ့'
'မဟုတ်ဘူး၊ မင်းသုံးပုံယူ ငါနှစ်ပုံယူမယ်'
ခြေတံရှည်လူက ပြောလိုက်သည်။
မုတ်ဆိတ်နှင့်လူ ပြုံးလိုက်သည်။

ပြုံးရင်းပင် ဓားကိုဆွဲထုတ်ပြီး ခြေတံရှည်လူ၏ ဝဲဘက်ပခုံးကို မှန်းရွယ်ခုတ်ချလိုက်သည်။
ဓားချက်မှာမြန်သည်။

ကြမ်းတမ်းသည်။
အားမာန်အပြည့်ပါသည်။

ထိုဓားသည် အသက်ပေါင်းမည်မျှ ခွဲခဲ့ကြောင်း၊ ခန့်မှန်း ရေတွက်၍မရပေ။

ခြေတံရှည်လူမှာ ငြိမ်နေသည်။
အနည်းဆုံး သူ့ကိုယ်အထက်ပိုင်းမှာ လုံးဝ မလှုပ်ရှားပါ။

သို့သော်...

မုတ်ဆိတ်နှင့်လူ၏ခန္ဓာကိုယ်က လေထဲသို့မြောက်တက်သွားသည်။

လူသုံးယောက်တို့၏ ခေါင်းပေါ်မှကျော်ပြီး နံရံကို ဝုန်းခနဲ ဝင်ဆောင့်သည်။

အရှိန်ပြင်းလွန်း၍ အိမ်နံရံ ပြိုကျတော့မလား ထင်မှတ်ရသည်။

မုတ်ဆိတ်နှင့်လူ၏ခါးချက်က မြန်ဆန်လှသည်။
သို့သော်...
ခြေတံရှည်လူ၏ခြေထောက်က ပို၍မြန်နေသည်။
တစ်ချက်အနိုင်ရမှုနှင့် မုတ်ဆိတ်နှင့်လူ ယခုကဲ့သို့ဖြစ်သွားရသည်။





'အရိပ်မဲ့ အသက်ခြွေခြေထောက်ဆိုတာ ဒါပဲ၊ အရသာ မြည်းချင်တဲ့လူရှိသေးသလား'

ခြေတံရှည်လူက လေသံမာမာဖြင့် မေးလိုက်သည်။
တုံ့ပြန်သံ လုံးဝထွက်မလာပါ။

အသက်ရှူသံများပင် လုံးဝရပ်တန့်သွားသလား ထင်ရပေသည်။

ခြေတံရှည်လူက ဆက်လက်၍...
'ဒါဆိုရင် ဒီနေ့တော့ပြီး မင်းတို့ရှာလာတဲ့ပစ္စည်းမှန်သမျှ ငါပဲ ခွဲပေးမယ်'

ပြော၍မှမဆုံး အသံတစ်သံက...
'သုံးပုံကို သူ့ကိုပေးလိုက်ပေါ့၊ ငါ့ကိုခုနစ်ပုံပေး'

အသံသည် ခြေတံရှည်လူ၏နောက်ဘက်မှ ထွက်ပေါ်လာခြင်း ဖြစ်သည်။

ပိန်ရှည်ရှည်လူအား မျက်နှာတစ်ချက်ပျက်သွားရာမှ ခါးကို အနည်းငယ်ကိုင်းပြီး ခြေဖြင့်မနှေးမတမ်း ကန်လိုက်သည်။
တစ်ချိန်တည်းပင် ဖြောင်းခနဲ အသံမြည်သွားသည်။
နှစ်ကြိမ်ဆင့်၍မြည်သွားခြင်းပင်။
အသံနှင့်အတူ ခြေတံရှည်သူမှာ အပြင်သို့လွင့်ထွက်သွားသည်။

လမ်းမပေါ်သို့ကျသွားသည်။

နောက်ဘက်တံခါးတွင်တပ်ဆင်ထားသော လိုက်ကာစလေး တိုက်၍ မြောက်အက်သွားသလို မြောက်တက်သွားခဲ့သည်။

ယခုတိုင် လှုပ်ယမ်းနေဆဲပင်။

သို့သော်....

ထိုနေရာသို့ တစ်စုံတစ်ယောက်လျှောက်သွားသည်ကို မည်သူမျှ မမြင်ခဲ့ပေ။

သို့သော်....

စောစောက တံခါးဝတွင်ရပ်ပြီး စကားပြောခဲ့သောသူသည် ယခုအချိန်တွင် လိုက်ကာနောက်ရှိ အိမ်ခန်းထဲသို့ရောက်နေပြီ ဖြစ်သည်။

ထိုသူက....

'မုတ်ဆိတ်ကြီး ကျောကဒဏ်ရာကုဖို့ နှစ်ပွဲပိုယူ၊ ကျုပ်တာ တွေလဲ သုံးပုံခုနစ်ပုံခဲ့လိုက် စာရင်း အလျှင်ရှင်းပြီးတဲ့လူ အလျှင်သွားနိုင်ပြီ'

ဤတွင်....

နောက်ဘက်တံခါးနားတွင် ထိုင်နေသော လူငယ် တစ်ယောက်က အခန်းထဲသို့ ဦးဆောင်ဝင်သွားသည်။





ထို့နောက်...

'မြောက်လအတွင်းမှာ ကျုပ်တော်ဆယ့်သုံးကြိမ်လုပ်ခဲ့တယ်၊ သုံးဆောင်ငါးရာရတယ်၊ ဒါပေမယ့် ကျုပ်တော်က အရက်သောက်တယ်၊ မိန်းမလိုက်စားတယ်၊ အခုဆို တစ်ဝက်လောက်ပဲ ကျန်တယ်'

'မင်းက ငွေသုံးတဲ့နေရာမှာ တော်တော် တော်ယောကျ်ား'

အသံရှင်က ပြန်ပြောရာ လူငယ်က....

'ကျုပ်တဲ့ငွေ ကျုပ်တော် ယူလာတယ်၊ ဦးလက်ထဲ အားလုံး အပ်မယ်'

'လိုတဲ့ပိုက်ဆံကော ဘယ်လိုလုပ်မလဲ'

'ဦးကြိုက်သလိုလုပ်ပါ'

'ကောင်းပြီ၊ မင်းကိုကြည့်ရတာ လူမှုရေး တော်တော် နားလည်သားပဲ၊ လိုတဲ့ငွေအတွက် ဝါက ဒါလောက်ပဲ ယူလိုက်မှာပါ'

လူငယ် ပြန်ထွက်လာသောအခါ သွေးများ ပေကျံနေသည်။

ရှေ့မှ ဝေါယာဉ်သည် ရုတ်တရက် ရပ်တန့်သွားသည်။ လောက်ဖိ သုဘ်သီးသုတ်ပြာဖြင့် လျှောက်လာသည်၊

သမန်အချိန်မျိုးဆိုလျှင် လောက်ဖိက ဟန်ပါပါ စိမ်ပြေနပြေ လျှောက်တတ်သည်။

ယခုမှာ အမှောင်တကောဖြင့် လျှောက်လာခြင်း ဖြစ်သည်။

'ဘာလဲ သရဲတစ္ဆေကို မြင်ရလို့လား'

ရှောက်မာက ဆီးမေးလိုက်သည်။

လောက်ဖိက....

'သရဲမမြင်ရသေးပေမယ့် လူတော်တော်များများ မြင်လိုက်တယ်'

'ဘယ်သူ့ကို မြင်လိုက်သလဲ'

'ခြေတံရှည် ကျန်းချန်ဆွေ'

'ဒီလူက သရဲတစ္ဆေထက် ပိုပြီး မသားနားပါဘူး'

ရှောက်မာက ပြန်ပြောလိုက်သည်။

ကျန်းလုံကျိက ဝင်၍....

'သူ အခု ဘယ်ရောက်နေလဲ'

'လမ်းမပေါ်မှာ လဲနေတယ်'

လောက်ဖိုက ပြန်ပြောလိုက်သည်။

ကျင်းလုံကျိက...

'ဘာဖြစ်လို့ လမ်းမှာ လဲနေရတာလဲ'





လောက်ဖိက....

'အဘွားကြီးဖွင့်တဲ့ ထမင်းဆိုင် ဘယ်နေရာမှာ ရှိတယ်ဆိုတာ ခင်ဗျား သိသလား'

ကျန်းလုံကျိက သိနေပါသည်။

သူသည် ထိုလမ်းကို အကြိမ်ကြိမ် လျှောက်ခဲ့ဖူးသော လမ်း မဟုတ်ပါလား။

လောက်ဖိက ဆက်လက်၍....

'ဒီလူက အဘွားကြီးရဲ့ ဆိုင်ထဲက လွင့်ထွက်လာတယ်၊ လမ်းမပေါ်မှာ လဲကျသွားတယ်'

'နောက်တော့'

'နောက်တော့ ငြိမ်ကျသွားတယ်'

'ဘာဖြစ်လို့ ငြိမ်ကျသွားသလဲ'

'ဘာဖြစ်လို့လဲဆိုရင် သူ့မှာ ခြေထောက်မှ မရှိတော့ဘဲ'

လောက်ဖိက ဖြေလိုက်သည်။

ရှောက်မာ မျက်မှောင် ကုတ်မိလေသည်။

ကျန်းကုန်ဆွေ၏ အရိပ်မဲ့ အသက်ခြေကန်နည်းအကြောင်း ရှောက်မာက ကြားဖူးနားဝရှိသည်။

ယခုမှာမူ ကျန်းချန်ဆွေက ခြေနှစ်ဖက် မရှိတော့ပါ။

ထိုသို့ဖြစ်သွားအောင် တိုက်ခိုက်နိုင်သူမှာ သိုင်းလောကတွင် ရှားမှရှားလှသည်။

ရှောက်မာက...

'အသွားကြီး ဆိုင်မှာ ဘယ်သူတွေ ကျန်သေးလဲ'

'ခုနစ်ယောက် ရှစ်ယောက်လောက်ရှိတယ်'

လောက်ဖိက ပြောလိုက်သည်။

ရှောက်မာက...

'တို့သိတဲ့လူ ပါသလား'

'တစ်ယောက်ပဲရှိတယ်'

'ဘယ်သူလဲ'

ရှောက်မာက မေးလိုက်ရာ လောက်ဖိက ပြောမပြောဘဲ တံတွေး တစ်ချက် မျိုချလိုက်သည်။

သူ့ပုံစံမှာ အခါးရည် သုံးပိဿာ မျိုချလိုက်သည့်ဟန်မျိုး ဖြစ်နေသည်။

ရှောက်မာက တစ်စုံတစ်ခုကို ရိပ်မိဟန်ဖြင့်....

'ချန်လောက်ဟောင်းဆိုတဲ့ လူပဲလား'

ဟု မေးလိုက်သည်။

လောက်ဖိက ခေါင်းညိတ်ပြလိုက်သည်။





သူ့မျက်နှာသည် မှိုတက်နေသော ကြက်ဥကို မျိုချမိသွားဟန်မျိုး ဖြစ်သွားသည်။

ရှောက်မာမှာမူ ဝမ်းသာသွားသည်။

အမှိုက်ပုံထဲမှ ပုလဲလုံးကို မြင်လိုက်သည်ထက်ပင် ပို၍ဝမ်းသာသွားသည်။

'မင်း သူ့ကို ခေါ်လိုက်မယ်ဆိုရင် ငါ ချက်ချင်း ထွက်သွားမယ်'

လောက်ဖိက ပြောလိုက်ရာ ရှောက်မာက...

'မင်းက ဘယ်သွားမှာမို့လဲ'

'ငါ့ကို နေစေချင်ရင် ငါ့တောင်းဆိုချက် တစ်ခုကို လိုက်လျောရမယ်'

'ပြောပါ'

'သူ့ကို ခပ်ဝေးဝေးမှာ နေခိုင်းလိုက်၊ ဝေးလေ ကောင်းလေပဲ၊ ဆယ်ပေအကွာက ဝင်မယ်ဆိုတာတောင် ငါက ထွက် ထွက်ပြေးလို့ရတယ်၊ ထွက်ပြေးလို့ မရချိန်တောင် ငါ့ကိုယ်ငါ သတ်သေဖို့ အချိန်ရသေးတယ်'

လောက်ဖိက ပြောလိုက်သည်။

ရှောက်မာ ပြုံးလိုက်သည်။

ထိုအချိန် ဝေါယာဉ်ပေါ်မှ လိုက်ကာ ဘေးသို့လန်သွားပြီး....

'ချန်လောက်ဟောင်းဆိုတာ ဘယ်သူလဲ'

မေးလိုက်သူမှာ ခုန်မြင့်သည်။

'ထိုလူက အရှေ့ကို နှာတဲ့လူ'

ရှောက်မာက နန်နန်၏ မေးခွန်းကို သွက်လက်စွာ ပြန်ဖြေလိုက်သည်။



## အခန်း (၁၄)

ဆိုင်ထဲတွင် လူခုနစ်ယောက် ရှိခဲ့သော်လည်း ယခုမှာမူ နှစ်ယောက်သာ ကျန်ရှိနေတော့သည်။

ထိုလူနှစ်ယောက်သည် သားသတ်ရုံသို့ အပို့ခံမည့် သိုးနှစ်ကောင်ကဲ့သို့ ဖြစ်နေသည်။

မျက်နှာ ရှုံ့မဲ့ပြီး တစ်ခုခု ဖြစ်နေသည်။

ထိုအချိန် လိုက်ကာနောက်ကွယ်မှ လူတစ် လှမ်း၍...

'မင်းတို့နှစ်ယောက် ဘာဖြစ်လို့ ဝင်မလာတာလဲ'

ထိုင်နေသော လူနှစ်ယောက်သည် တစ်ယောက်မျက်နှာ တစ်ယောက် ကြည့်လိုက်ကြသည်။

တစ်ဘက်လူမှာ အလျင်ဝင်စေချင်သည့် ပုံစံမျိုး ဖြစ်နေ၏။

အထဲသို့ဝင်လျှင်ပင် အသာဝင်ခံရမည်ဟု ကြိုတင်တွက်သား ထားနှင့်ဟန်တူသည်။

လိုက်လာစနေ ခက်မှ လေသံဘင်းတင်းဖြင့်....

'ဘာလဲ ငါ့ကိုယ်တိုင် ထွက်ပင့်ရမှာလား'

ဤတွင် ထိုင်နေသော လူနှစ်ယောက်ထဲမှ အသက်အသက် အနည်းငယ် ငယ်သူက အရဲစွန့်ပြီး မတ်တတ် ရပ်လိုက်သည်။

သို့သော် အသက်ကြီးသူက လှမ်းဆွဲကာ....'

'ဇီတစ်ခေါက် မင်း ငွေမအပ်နိုင်ဘူး မဟုတ်လား'

ဟု ခပ်တိုးတိုးဖြင့် မေးလိုက်သည်။

အသက်ငယ်ငယ် လူငယ်က....

'ဟုတ်ကဲ့၊ ကျွန်တော် ဇီတစ်ခေါက် မအပ်နိုင်ဘူး'

ဟု ပြောလိုက်တော့သည်။

အသက်ကြီးသူက....

'ဘယ်လောက်လိုသလဲ'

'အများကြီးလိုတယ်'

'ဒါလဲ ဇီအတိုင်းပါပဲ'

ထိုသူသည် ပြောရင်း အိတ်တစ်ချက် ကြိတ်လိုက်သည်။ ထို့နောက် ငွေစက္ကူတစ်ထပ်ကို ထုတ်ယူလိုက်ပြီး....





'ငါ့ဟာတည့်ပေါင်းလိုက်ရင် မင်းအတွက် လုံလောက်မှာပဲ၊ ဒါတွေအားလုံးယူလိုက်၊

အသက်ငယ်သူက ဝမ်းသာအားရဟန်ဖြင့်....

'ခင်ဗျားကော ဘယ်လိုလုပ်မလဲ'

'သူဆိုတာ တစ်နေ့နေ့မှာ သေရမှာချည်းပဲ၊ ငါ့အသက် ကြီးနေပြီ၊ သေသွားလဲ ကိစ္စမရှိဘူး'

ဤတွင် လူငယ်က ငွေစက္ကူတစ်ထပ်ထုတ်ပြီး....

'ကျုပ်ဟာ ပေါင်းလိုက်ရင် ခင်ဗျားအတွက် လုံလောက်မှာပဲ၊ ဒါတွေ ခင်ဗျားသာ ယူလိုက်တော့'

'မင်းကော'

'ခင်ဗျားမှာ သားမယား ရှိတယ်ဆိုတာ ကျုပ် သိတယ်၊ ကျုပ်က တစ်ယောက်တည်းသမား ကိစ္စမရှိပါဘူး'

'လူငယ်က ပြန်ပြောလိုက်သည်။

နှစ်ယောက်စလုံးပင် တစ်ယောက် အပေါ် တစ်ယောက် စေတနာထားမှုကြောင့် မျက်ရည်များပင် ဝဲလာသည်၊

တံခါးဝတွင် လူတစ်ယောက် ရောက်နေသည်။

ထိုသူကို သူငယ် နှစ်ယောက်လုံး သတိမပြုမိကြပေ။

တံခါးဝတွင် ရောက်နေသူမှာ ရှောက်မှာ ဖြစ်၏။

ရှောက်မာသည် ထိုလူနှစ်ယောက် အပြန်အလှန် ပြောနေသည့် စကားများကို ကြားလိုက်ရသည်။

အပြန်အလှန် စေတနာထားသည့် အပြုအမူကိုလည်း မြင်တွေ့လိုက်ရသည်။

ထို့ကြောင့် ရှောက်မာသည် ရင်ထဲတွင် ဆို့နင့်လာသကဲ့သို့ ခံစားလာရသည်။

ဤတွင် လိုက်လာနေသက်ကွယ်မှ လူက မဖွယ်မရာ ဆဲရေးတိုင်းထွာနေတော့သည်။

ထိုလူ ဆဲဆိုပုံမှာ အလွန်ရိုင်းစိုင်းလှပြီး နားမခံသာအောင် ရွန်ရင်း ကြမ်းတမ်းလှသည်။

ထိုသူက အားရအောင်ဆဲပြီး....

'ခွေးမသားတွေ မင်းတို့နှစ်ယောက်စလုံး ချက်ချင်းထွက်သွား မင်းတို့ မြန်မြန်ဝေးသွားလေ ကောင်းလေပဲ'

ဤတွင် အသိုးအိုရော လူရွယ်ပါ ပါးစပ်အဟောင်းသား ဖြစ်သွားတော့သည်။

ကြောက်လန့်၍ မဟုတ်ပါ။

အံ့သြသွားသောကြောင့် ဖြစ်သည်။

'သွားခိုင်းပြီလေ၊ ဘာဖြစ်လို့ မသွားတဲ့ နေကြတာလဲ'

ရှောက်မာက ဝင်ပြောလိုက်သည်။

'တို့ကို တကယ်သွားခွင့် ပေးလိုက်တယ်၊ ဟုတ်လား'





'ခင်ဗျားတို့က မိတ်ဆွေကောင်း ပီသတယ်၊ သဘောထားကြီးတယ်၊ သူလဲပဲ သဘောထားကြီးရမှာပေါ့'

သို့သော် ထိုင်နေသူနှစ်ယောက်က မယုံတစ်ဝက်ယုံတစ်ဝက် ဖြစ်သေးသည်။

ရှောက်မာက ဆက်၍...

ဘာလဲ အဆဲခံရလို့ ကြောက်နေတာလား။ ရှင်းရှင်းပြောရရင် ဒီလူက သူ့ကိုယ်သူ သဘောထားကြီးပြီး နေဘယ်လို့ထင်တဲ့အခါမှာ လူတစ်ယောက်ကို ဆဲတတ်တယ်'

ထိုအခါကျတော့မှ ထိုင်နေသူနှစ်ယောက်မှာ နေရာမှထကာ အပြင်ဘက်သို့ ထွက်ပြေးသွားတော့သည်။

ရှောက်မာက ပြုံးလိုက်လေသည်။

လိုက်လာနေသက်မှ လူက နှုတ်ဆိတ်နေသည်။

လူအရှေ့ ရှိတဲ့ ဝက်ပိန်သေးက လူတစ်ယောက်အပေါ် ကြင်နာစွာ စိတ်ရှိကို'

'ဝက်ပိန်သေးက ငါမဟုတ်ဘူး၊ မင်းကွ'

လိုက်လာနေသက်မှ လူက ပြန်အော်လိုက်သည်။

'ဟား....ဟား...ဟား'

ရှောက်မာက အားပါးတရ ရယ်မောလိုက်သည်။

'မင်းက ငါ့ထက် ပိုပိန်သေးတယ်၊ ဝက်နဲ့ပိုတူတယ်'

လိုက်လာနေသက်မှ လူက ဆက်ပြောသည်။

'ဝက်ပိန်သေးဆိုတာ ငါမဟုတ်ဘူး၊မင်းပဲ'

'ဘာပဲပြောပြော ငါက မင်းထက်သာတဲ့ အချက်တစ်ချက်ရှိတယ်'

'ဘာအချက်လဲ'

'ငါနဲ့တွေ့ရင် ငါ့နောက် လိုက်ခဲ့ရမှာပဲ၊ ငါ့နောက် လိုက်တာဟာ မင်းအတွက် ကံဆိုးတယ်ဆိုပေမယ့် ငါ့နောက် မလိုက်ရင် ပိုတောင် ကံဆိုးသွားမယ်'

ရွှေဖက်မအား ပြောလိုက်သည်။

လူတိုင်း ကံဆိုးရမည်ကို ကြောက်ကြသည်။

ထို့ကြောင့် လိုက်ကာနောက်မှလူသည် ရွှေဖက်မ၏ဆန္ဒကို လိုက်လျောရတော့သည်။



## အခန်း (၁၅)

ညနေခင်းဖြစ်သည်။

ရာသီဥတုမှာ သာသာယာယာရှိနေသည်။

ဆောင်းကုန်ကာလ နေရောင်ခြည်က နွေးနွေးထွေးထွေး ရှိနေသည်။

နေရောင်ခြည်ကြောင့် အဘွားအို၏ ထမင်းဆိုင်မှာ ပို၍ ဟောင်းနွမ်းသွားသည်ဟု ထင်ရသည်။

ချိန်ထောက်တောင်းအား လူများက ချိန့်ဖဲ့ဖိဟု ခေါ်ကြသည်။

ဖဲ့ဖိသည်မှာ လူ့အရေခွံကို နွာပစ်သည်ဟု အဓိပ္ပာယ်ရသည်။

လောက်ဖိသည် သူ့ကိုမြင်ရုံနှင့် ဝေးဝေးက ရှောင်သွားတတ်သည်။

ချန်ဖဲ့ဖိက တအယ်ပင် သူ့အရေခွံနွာပစ်မည်ကို လောက်ဖိက ကြောက်ရွံ့နေသည်။

ချန်ဖဲ့ဖိကလည်း တအယ်ပင် လောက်ဖိ၏ အရေခွံကို နွာပစ်ချင်နေသည်။

ချန်ဖဲ့ဖိကိုမြင်လျှင် လူတိုင်းက သူတို့အရေခွံ နွာပစ်မည်ကို ကြောက်ရွံ့ရစမြဲပင်။

ချန်ဖဲ့ဖိသည် အမှန်တကယ် ကြောက်မက်ဖွယ်ကောင်းသော လူတစ်ယောက်ဖြစ်သည်။

ချန်ဖဲ့ဖိ၏ အသွင်က ပုဓားသေးဖြစ်သည်။

အရိုးပေါ် အရေတင်မျှ ပိန်ချောက်နေ၏။

သို့သော် သူသည် လူသွားကြီး တစ်ယောက်ကဲ့သို့ပင် ကြောက်မက်ဖွယ်ကောင်းနေသည်။

ချန်ဖဲ့ဖိက ဓားတစ်လက်နှင့် တူနေသည်။
ဓားကို လူတိုင်းက ကြောက်သကဲ့သို့ ချန်ဖိကို လူများက ကြောက်သည်။
သူ၏အကြည့်ခံရသူသည် ကြောက်ရွံ့မှုကို ခံစားရစမြဲပင်။





နန်နန်သည်လည်း ထို့အတူပင်။

ကြောက်ရွံ့မှုကို ခံစားနေရသည်။

အဘယ်ကြောင့်ဆိုသော် ချန်ဖဲ့ဖိက ကြည့်နေသောကြောင့်ပင်။

နန်နန်သည် လှပသော အမျိုးနွယ်တစ်ဦးဖြစ်၏။

သူမသည် လှပရုံသာမက ဆွဲဆောင်မှုလည်း ရှိ၏။

ယောကျ်ားတိုင်းကို ညှို့ယူ ဖမ်းစားနိုင်လောက်အောင် ဆွဲဆောင်မှု အားကောင်း၏။

သို့သော် ချန်ဖဲ့ဖိကို နန်နန် ကြောက်နေသကဲ့သို့ ခံစားနေရ၏။

သူ၏ အကြည့်သည် နန်နန့်အရေခွံ ခွာပစ်တော့မည့် အကြည့်မျိုးဟု နန်နန် ထင်နေမိလေ၏။

ထို့ကြောင့်....
နန်နန်က ရှောက်မခါဘက်သို့လှည့်ကာ....
'ဒီလူက ကျွန်မတို့နဲ့အတူ ဝံပုလွေတောင်ကို သွားမှာလား'
'သွားမှာပေါ့'
'သေချာသလား'
'သေချာပါတယ်'

'ဘာဖြစ်လို့လဲဆိုတော့ အဲဒီလူက ကျွန်းချုန်တွေရဲ့ ခြေနှစ်ချောင်းကို ဖြတ်ပစ်လို့ပဲ'

'ကျွန်းချုန်တွေက လူဝံပုလွေလား'

'မဟုတ်ပါဘူး'

ရှောက်မာက ပြန်ပြောလိုက်သည်။

ကျွန်းလုံကျီက ဝင်၍....

'သူက လျှုတာကြောင်ရဲ့ ရည်းစားဟောင်းပဲ'

'လျှုတာကြောင်ဆိုတာ ဘယ်သူလဲ'

နန်နန်က မေးလိုက်သည်။

'လူဝံပုလွေကလဲ အထီးနဲ့အမရှိတယ်၊ လျှုတာကြောင်က လူဝံပုလွေအမပဲ၊ လူဝံပုလွေမထဲမှာ လျှုတာကြောင်ဟာ အဆိုးဆုံးနဲ့ အရက်စက်ဆုံးပဲ'

လျှုတာကြောင်ဆိုသည်မှာ ခြေထောက်ကြီးသူဟု ဆိုလိုခြင်းပင်။

'ခြတံရှည်နဲ့ ခြေထောက်ကြီးသူဟာ လိုက်ဖက်ညီပါတယ်'

နန်နန်က ပြောလိုက်သည်။

ရှောက်မာက....

'အခုဆိုရင် ကျွန်းချုန်းတွေမှာ ခြေထောက်မရှိတော့ဘူး၊ ဒါကြောင့် လျှုတာကြောင်ဟာ သိပ်ပြီး စိတ်ဆိုးနေတယ်၊ ချုန်





ဖဲ့ဖီ ဝံပုလွေတောင်သွားရင်တောင် သူက တောင်ပေါ်က ဆင်လာမယ်၊ ချုန်ဖဲ့ဖီကို အချရှာမှာပဲ'

'ဝံပုလွေတောင်ကိုသွားရင် ကျားခံသွင်းထဲ ကိုယ့်ကိုယ် ပစ်လိုက်တဲ့ သိုးကလေးဖြစ်သွားမှာပဲနော်'

နန်နန်က ပြောသည်။

'ချုန်ဖဲ့ဖီဟာ သိုးကလေးမဟုတ်ဘူး၊ လောက်ဖီနဲ့လဲ မတူဘူး၊

သူက ကျွန်းချုန်တွေရဲ့ ခြေထောက်နှစ်ချောင်းကို ဖြတ်ပစ်လိုက်တော့မှ လျှုတာကြောင်ရဲ့ ခြေထောက်နှစ်ချောင်းကို ဘယ်ချန်ထားတော့လဲ'

ရှောက်မာက ပြန်ပြောလိုက်သည်။

ကျွန်းလုံကျီက....

'ချုန်ဖဲ့ဖီက လုပ်စရာရှိရင် ပြတ်ပြတ်သားသား လုပ်တတ်တယ်၊ ရှင်းစရာရှိရင် အပြတ်ရှင်းမှာပဲ၊ ဘယ်သူ့မှ ထားမှာ မဟုတ်ဘူး'

ချုန်ဖဲ့ဖီသည် တစ်ချိန်လုံး ငြိမ်သက်နေသည်။

အားလုံး စကားပြတ်သွားတော့မှ....

'ငွေကစ်သိန်းနဲ့ အရက်အကောင်းစား နှင့်ပုလင်း'

ဟု အော်ပြောလိုက်သည်။

ချန်ဖဲ့ဖိသည် စကားများများ ပြောတတ်သူ မဟုတ်ပါ။

သူ စကားပြောလျှင်လည်း သူ့စကားကို နားလည်သူ ရှားသည်။

နန်နန်က ချန်ဖဲ့ဖိ၏ စကားကို နားမလည်။

သို့သော်...

ရှောက်မာနှင့် ကျန်းလုံကျိသည် ချန်ဖဲ့ဖိ၏ စကားကို နားလည်သည်။

ကျန်းလုံကျိက...

'သူ အပေးအယူလုပ်နေတာပဲ'

ဟု ရှင်းပြသည်။

ထိုအခါ နန်နန်က...

'ဝံပုလွေဆောင်ကို လိုက်စေချင်ရင် ငွေတစ်သိန်းနဲ့ အရက်နှစ်ပုလင်း အလျင်ပေးရမယ်ပေါ့၊ ဟုတ်လား'

'ဟုတ်တယ်၊ ငွေဆိုတာ တစ်သိန်းတိတိ ဖြစ်ရမယ်၊ တစ်ပြားမှ မလျော့စေရဘူး၊ အရက်ကလဲ အကောင်းစားဖြစ်ရမယ်၊ အပေးအယူလုပ်တိုင်း သူက နည်းနည်းမှ လျော့တာ မဟုတ်ဘူး'

ကျန်းလုံကျိက ဆက်၍ ရှင်းပြသည်။

ရှောက်မာက...





'ဒီအလုပ်ကို သူကိုယ်တိုင် လုပ်ချင်တာ မဟုတ်ဘူး၊ သူက အရက်လဲ သိပ်ကြိုက်လှတာ မဟုတ်ဘူး'

ကျန်းလုံကျိက...

'သူ ငွေလိုလာရင် သူ့နည်းသူ့ဟန်နဲ့ အကုန်လုပ်တယ်'

'သူဟာ တခြားတစ်ယောက်ယောက်အတွက် လုပ်နေတယ် ဆိုတာ ငါပြောရဲတယ်'

'ဘယ်သူ့အတွက်လဲ'

နန်နန်က ဝင်မေးသည်။

ရှောက်မာက မဖြေ၊ ကျန်းလုံကျိကလည်း ငြိမ်သက်နေသည်။

စင်စစ် သူတို့နှစ်ယောက်လုံး မဖြေတတ်သဖြင့် ငြိမ်သက်နေကြခြင်း ပင်။

နန်နန် ဆက်မမေးတော့ဘဲ အပြင်သို့ ထွက်သွားသည်။

နန်နန် ပြန်လာသောအခါ သူမ၏ လက်ထဲတွင် ငွေတစ်သိန်းနှင့် အကောင်းစား အရက်နှစ်ပုလင်း ပါလာသည်။

ချန်ဖဲ့ဖိက နန်နန်ကို တစ်ချက်လှမ်းကြည့်သည်။

စကားတစ်ခွန်းမှ မပြော။

အရက်ပုလင်းကို လက်တစ်ဘက်နှင့် ယူလိုက်ပြီး ကျန်လက်တစ်ဘက်ဖြင့် ငွေကို ယူလိုက်သည်။

ထို့နောက် သူသည် နေရာမှ ချာခနဲ လှည့်ထွက်သွားလေ သည်။

အပြင်သို့ ထွက်သွားခြင်း မဟုတ်။

အဘွားအိုနေသော အိမ်ကလေးထဲသို့ ဝင်သွားခြင်း ဖြစ်သည်။



## အခန်း (၁၆)

အလွန်ညစ်ပတ် ဟောင်းနွမ်းနေသော အိမ်ကလေး ဖြစ်သည်။

အဘွားအိုသည် အခန်းထောင့်ရှိ ကွပ်ပျစ်ခုံပေါ်တွင် လှဲလျောင်းနေသည်။

ကွေးကွေးကလေး လှဲနေခြင်း ဖြစ်သည်။

ချန်မွဲ့ဖိသည် အိမ်ကလေးထဲ ရောက်သွားသည်နှင့် ငွေစက္ကူများနှင့် အရက်ပုလင်းကို ကွပ်ပျစ်နားရှိ စားပွဲပေါ်မှာ ချထားလိုက်သည်။

ထို့နောက် အဘွားအိုအား ခါးကိုင်၍ အရှိအသေပြုလိုက် သည်။

ချန်ဖဲ့ဖိသည် မည်သူ့ကိုမျှ ယခုကဲ့သို့ လေးလေးစားစား မဆက်ဆံခဲ့ဖူးချေ။

အဘွားအိုသည် အစောအံ့သြတုန်လှုပ်သွားသည်။

ကွေးထားသော ခန္ဓာကိုယ်မှာ နောက်သို့ တွန့်ဆုတ်သွားသည်။

ငွေတစ်သိန်းတိတိ ရှိတယ်၊ ဆရက်ဆလဲ အကောင်းစားပဲ'

အဘွားအိုသည် ချန်ဖဲ့ဖိ၏ စကားကို သဘောပေါက်ပုံမရ။

ချန်ဖဲ့စိကိုသာ တေးကြောင်ကြောင် ကြည့်နေသည်။

'ကျွန်တော်က ချန်အမျိုးအနွယ်ဝင်၊ နာမည်ရင်းက ချန်ဝူယိပါ'

ချန်ဖဲ့ဖိက ဆက်၍ ပြောသည်။

'ချန်ပင်ထင်းဆိုတာ နင့်အဖေလား'

အဘွားအိုက ပြန်မေးသည်။

အဘွားအိုသည် ချက်ချင်း ကွပ်ပျစ်ပေါ်မှ ဆင်းပြီး စားပွဲနားသို့ လျှောက်သွားသည်။

ဆရက်ပုလင်းကို အနံ့ခံကြည့်လိုက်၏။

ထိုအခါ အဘွားအို၏ ရီဝေသော မျက်လုံးအစုံမှာ ကြည်လင် တောက်ပလာသည်။





ထို့အပြင် အဘွားအို၏ သွင်ပြင်အမူအရာမှာ ချက်ချင်း ပြောင်းလဲသွားသည်။

အဘွားအိုသည် ပို၍ နုပျိုလာသည့်အပြင် ပို၍သည်း ကြည်လာသည်။

မျက်နှာထားက တဖြည်းဖြည်း တင်းမာခက်ထန်လာသည်ဟု ထင်ရ၏။

ထိုပြောင်းလဲချက်များသည် အံ့သြဖွယ် ကောင်းသကဲ့သို့ ကြောက်မက်ဖွယ်လည်း ကောင်းလှ၏။

သို့သော် ချန်ဖဲ့ဖိက အံ့သြပုံမရ။

ကြောက်လည်း ကြောက်ပုံ မရပါချေ။

ချန်ဖဲ့ဖိသည် ထိုသို့ ဖြစ်လာလိမ့်မည်ကို ကြိုတင် တွက်ဆထားပုံရ၏။

အဘွားအို ပြန်ထိုင်သည့်အချိန်တွင် စားပွဲပေါ် ချထားသော ငွေစက္ကူများကို မတွေ့ရတော့ပါချေ။

ချန်ဖဲ့ဖိ၏ မျက်နှာအမူအရာမှာ တည်ငြိမ်အေးစက်နေ၏။

သူ့မျက်လုံးအစုံမှာ မျှော်လင့်ချက် ရောင်ခြည်များ ယှက်သန်းနေသည်ဟု ထင်ရသည်။

အဘွားအို ငွေများ လက်ခံလိုက်ပါက သူ့အတွက် မျှော်လင့်ချက် ရှိလိမ့်မည်ဟု ချန်ဖဲ့ဖိ တွေးနေ၏။

'အင်မတန် ကောင်းတဲ့ အရွက်ပဲ'

အဘွားအိုက ပြောသည်။

ချွန်ဖဲ့စီက....

'ဟုတ်တယ်'

ထောက်ခံသည်။

'အရွက်ကောင်းကို တစ်ယောက်တည်း သောက်ဖို့ ဘယ်ကောင်းမလဲ'

'ဟုတ်တယ်'

'ထိုင်ပါ၊ ငါနဲ့အတူ သောက်ကြရအောင်'

'ကောင်းပြီ'

'အရက်သောက်တဲ့အခါမှာ မျှမျှတတရှိဖို့ လိုတယ်၊ တို့တစ်ယောက်တစ်ပုလင်း သောက်ကြမယ်'

'ကောင်းတယ်'

ချွန်ဖဲ့စီသည် ခုံတစ်လုံးယူပြီး အဘွားအိုနားတွင် ထိုင်ချလိုက်သည်။

ထို့နောက် အရက်ပုလင်းကို ဖွင့်လိုက်၏။

'ငါ တစ်ကျိုက်မော့ရင် နင်တစ်ကျိုက်မော့ပေါ့'

'ဟုတ်ကဲ့'





အဘွားအိုက အရက်တစ်ကျိုက် မော့လိုက်၏။

ချွန်ဖဲ့စီအလည်း တစ်ကျိုက် လိုက်မော့သည်။

အရက်တစ်ကျိုက် မော့လိုက်သောအခါ အဘွားအို၏ မျက်လုံးမှာ ပို၍ ကြည်လင် တောက်ပြောင်လာသည်ဟု ထင်ရသည်။

အရက်နှစ်ကျိုက် သုံးကျိုက် မော့ပြီးသောအခါ အဘွားအို၏ ဖြူရော်ရော်မျက်နှာမှာ နီလာသည်။

အဘွားအိုက ချွန်ဖဲ့စီ၏ မျက်နှာကို စိုက်ကြည့်လျက်....

'မင်းက အသက်ငယ်ပေမယ့် မဆိုးလှပါဘူး'

'ဟုတ်ကဲ့'

'အနည်းဆုံး မင်းအဖေထက်တော့ သာပါတယ်'

'ဟုတ်ကဲ့'

အဘွားအိုသည် အရက်တစ်ကျိုက် မော့လိုက်ပြန်သည်။

ထို့နောက်....

'မင်းလဲ သူတို့နဲ့ ဝံပုလွေတောင်ကို သွားမယ် မဟုတ်လား'

'ဟုတ်ကဲ့'

'မင်းအဖေလဲ သေပြီ၊ မင်းအစ်ကိုနှစ်ယောက်လဲ သေပြီး မင်းတို့ အမျိုးပြုတ်လုနေပြီ'

'မှန်တယ်'
'မင်းလဲ သေချင်နေပြီလား'
'ဟင့်အင်း....'
ချွန်မဲ့ ဖိကာ သွက်သွက်ငြင်းလိုက်သည်။
အဘွားအိုက ဟားတိုက်၍ ရယ်မောလိုက်သည်။
ထို့နောက်—

'ငါက ဝင်းပိုက်ဆံကို ယူတယ်၊ မင်းပေးတဲ့အရက် သောက်တယ်။ ဒါကြောင့် မင်းသေသွားမှာကို ငါ ဘယ်လိုလားပါ့မလဲ၊ ဟုတ်တယ် မဟုတ်လား'

'ဟုတ်ကဲ့'

'မင်း ဝံပုလွေတောင်ကို သွားရင် အသက်ရှင်လျက် ပြန်ဆင်းလာနိုင်မယ်လို့ ငါ အာမမခံနိုင်ဘူး'

'ဟုတ်ကဲ့'

'ဝံပုလွေတောင်ပေါ်မှာ ဝံပုလွေအမျိုးမျိုး ရှိတယ်၊ နေ့ဝံပုလွေ ရှိသလို ညဝံပုလွေလဲ ရှိတယ်၊ တချို့ဝံပုလွေက လူကို စားတယ်၊ တချို့မစားဘူး'

'ဟုတ်ကဲ့'
'ဒီဝံပုလွေထဲမှာ ဘယ်ဝံပုလွေက ကြောက်စရာအကောင်းဆုံး ဖြစ်မယ်ဆိုတာ သိသလား'





'သူတော်ကောင်း ဝံပုလွေပေါ့'
ချွန်မဲ့ ဖိကာ ပြန်ပြောလိုက်သည်။
'ဟုတ်တယ်၊ မင်း မဆိုးဘူးကွ၊ မဆိုးတဲ့အပြင် သိပ်လဲ မအပါဘူး'

သူတော်ကောင်းပေါင်း မကောင်းသူများသည် နေရာတကာတွင် ရှိတတ်သည်။

ထိုသူများသည် လောကတွင် ကြောက်စရာကောင်းသူများ ဖြစ်၏။

'သူတော်ကောင်းဝံပုလွေ အကြီးအကဲက ကျင့်ကြံလို့ခေါ်တယ်၊ ကျင့်ကြံဆိုတာ သူတော်ကောင်းလို့ အဓိပ္ပာယ်ရတယ်၊ ဒီလူက သူတော်ကောင်းပုံစံ အပြည့်ရှိတယ်၊ ဘယ်လူလိမ်မျိုး လုပ်လုပ် စည်းစနစ်ကျကျ လုပ်တယ်၊ အပြောအဆိုတလဲ ယဉ်ကျေးတယ်၊ မသိတဲ့လူဆိုရင် သူ့ကို ကြည်ညိုကြမယ်၊ လေးစားကြမယ်၊ သဘောကောင်းတဲ့လူလို့ ထင်သွားမယ်'

ပြောပြောဆိုဆို အဘွားအိုက စားပွဲကိုဖြန်းခနဲ လက်ဝါးနှင့် ရိုက်ချလိုက်သည်။

'လက်တွေ့မှာတော့ ဒီလူဟာ တကယ့်ကို လူမဆန်ဘူး၊ တိရစ္ဆာန်နဲ့ တူတယ်၊ ဒီလူ့ကို လူ့ပြည်မှာ မထားသင့်ဘူး၊ သတ်ပစ်သင့်တယ်'

အဘွားအိုက အရက်ကို တစ်ကျိုက်မော့လိုက်ပြန်၏။

ချန်ဖဲ့ဖီသ အဘွားအို စကားကို နားထောင်နေသည်။

'ငါပြောတဲ့ ဝံပုလွေအပြင် တောင်ပေါ် ဝံပုလွေတစ်မျိုး တိုးလာပြန်တယ်'

'ဘယ်လို ဝံပုလွေမျိုးလဲ'

'ရှင်ပျော်ပျော် ဝံပုလွေလို့ခေါ်တယ်၊ ညှို့ခေါ်ပါတဲ့ ဝံပုလွေလို့လဲ ခေါ်တယ်၊ သူတို့ဟာ အသက် သိပ်မကြီး ကြသေးဘူး၊ များသောအားဖြင့် လူဝံပုလွေတွေရဲ့ ချင်သွေး ပဲ၊ သူကိုဟာ လူဝံပုလွေဘဝနဲ့ အရိုးထုတ်သွားမယ့်သူတွေပဲ'

ချန်ဖဲ့ဖီ အဘွားအိုပြောသည်ကို သဘောပေါက်သည်။ လူဝံပုလွေတို့၏ သားသမီးများသည် ဝံပုလွေတောင်မှလွဲ၍ မည်သည့်နေရာမှ နေလေ့မရှိ။

သူတို့သည် လူသားများအသက်ကို ရန်ရှာနေသော လူထူး လူဆန်းများပင်။

ထို့ကြောင့် သူတို့သည် လူသား အများအပြားနေကြသော အမှောင်မြေပေါ်တွင် ခြေမရဲကြ။

'သူတို့ဟာ ဘာကိုမှ အလေးမထားဘူး၊ ဖြစ်သလိုနေ၊ ဖြစ်သလိုစားတယ်။ တစ်ခါတလေ အကြောင်းမဲ့ လူသတ်တယ်၊ သူတို့ကိုသွားမစရင် တော်ရုံတန်ရုံနဲ့ ဒုက္ခတော့ မပေးဘူး ဒါပေမယ့်....'





အဘွားအိုက စကားကိုဖြတ်ပြီး အရက်တစ်ကျိုက် မော့လိုက်ပြန်သည်။

'ဒါပေမယ့် သူတို့ကို ရှောင်တာအကောင်းဆုံး မဟုတ်လား'

ချန်ဖဲ့ဖီက မေးလိုက်သည်။

'ဟုတ်တယ်၊ ပိုကောင်းတာက မမြင်ချင်ယောင်ဆောင်နေတာပဲ ကောင်းတယ်၊ သူတို့ထဲမှာ သိုင်းပညာ အမြည်အမျိုး ရှိတဲ့သူတွေ အတော်များတယ်၊ အထူးသဖြင့် ဝံပုလွေကြီး ပုကျန်ရဲ့ သားသုံးယောက်နဲ့ သူတော်ကောင်း ဝံပုလွေကြီး ရဲ့ သမီးနှစ်ယောက်က သိုင်းပညာမှာ ပိုထူးချွန်ကြတယ်'

'ဝံပုလွေတောင်ပေါ်မှာ အကြီးအကဲ လေးယောက်ရှိတယ်လို့ ကြားတယ်၊ ပုကျန်နဲ့ သူတော်ကောင်းဝံပုလွေတို့ဟာ အဲဒီလေးယောက်ထဲပါသလား'

'မအေး....ပါတယ်၊ သူတို့သားသမီးတွေကိုလဲ သူတို့မနိုင်ကြဘူး'

'ကျန်တဲ့ခေါင်းဆောင်နှစ်ယောက်က ဘယ်သူလဲ'

'တစ်ယောက် လျှူကျစ်းလျှံလို့ ခေါ်တယ်၊ သူက ဝံပုလွေမ ဆိုပေမယ့် ခြေထောက်က ပိုကြီးတယ်'

'လျှိုကျောင်းလျှို ဆိုတာ ကျူတော့ကြောင်ပဲလား'

ချန်ဖဲ့ဖိက မေးလိုက်သည်။

တော့ကြောင်ဆိုသည်မှာ ခြေထောက်ကြီးသူဟု အဓိပ္ပာယ်ရသဖြင့် မေးလိုက်ခြင်းဖြစ်သည်။

'ဒီ ပုလွေမှာ အင်မတန်ဆိုးတယ်၊ သူ့ကို ခြေထောက်ကြီးတယ်လို့ပြောရင် မြန်မြန်သေလိုက်တာပဲ ကောင်းတယ်'

'ဘာဖြစ်လို့လဲ'

'သူက သိပ်ပြီး ကြမ်းတမ်းလို့ပေါ့'

ထို့နောက် အဘွားအိုက ဆက်၍ပြောပြန်၏။

'ဘောင်ပေါ်ရှိတဲ့ နောက်တစ်ယောက်က အဆိုးဆုံးပဲ'

ချန်ဖဲ့ဖိ အဘွားအိုစကားကို နားထောင်ရင်း မျက်နှာပျက်သွားသည်။

သူ ကြောက်ရွံ့ တုန်လှုပ်သွားသောကြောင့်ပင် ဖြစ်လေသည်။



အခန်း (၁၇)

အရက်ပုလင်းမှာ ကုန်လုနီးပြီဖြစ်၏။

အဘွားအို၏မျက်လုံးများက မှေးစင်းလာပြီး အချိန်မရွေး အိပ်ပျော်သွားနိုင်မည့် ဟန်ရှိပေ၏၊

'သူတို့လေးယောက်က တကယ့်ခေါင်းဆောင်ကြီး မဟုတ်ဘူးလို့ ပြောသံကြားတယ်'

ချန်ဖဲ့ဖိက စကားဆက်သည်။

'ဟုတ်တယ်'

'ဒါဖြင့် တကယ့်ခေါင်းဆောင်က ဘယ်သူလဲ'

'မင်း မေးစရာမလိုဘူး'

'ဘာဖြစ်လို့လဲ'

'ဘာဖြစ်လို့လဲဆိုတော့ မင်း သူ့ကိုတွေ့ရမှာ မဟုတ်လို့ပေါ့၊ ဝိပုလွတောင်မှာ နေတဲ့သူတွေတောင် သူ့ကို တော်ရုံတန်ရုံ မတွေ့ရဘူး'

'သူက ကိုယ်တိုင်ကိုယ်ကျ အန္တရာယ်မပေးတတ်ဘူးလား'

'မင်းကို သူက ကိုယ်တိုင်ကိုယ်ကျ အန္တရာယ်မပေးစေနဲ့လို့ ဆုတောင်းတာ'

'ဘာကြောင့်လဲ'

'ဘာကြောင့်လဲဆိုတော့ သူ ကိုယ်တိုင်ကိုယ်ကျ အန္တရာယ်ပေးရင် မင်း ကျိန်းသေ သေရလိမ့်မယ်'

ချန်ဖဲ့ဖီ ပြုံးလိုက်မိသည်။

စိတ်ထဲ၌သည်။ မခံချင်ဖြစ်သွားရသည်။

ဤသည်ကို အဘွားအိုကလည်း ရိပ်မိသွား၏။

'မင်းစိတ်ထဲမှာ အတော်မခံချင် ဖြစ်နေမှန်း ငါသိတယ်၊ မင်း သိုင်းပညာမဆိုးမှန်းကိုလဲ ငါသိတယ်။ ဒါပေမယ့် ကျူးဝူရဲ့ခြေဖျားကိုတောင် မင်း မမီနိုင်ဘူး'

အဘွားအိုက ပြောရင်း သက်ပြင်းချလိုက်သည်။

'ငါတောင် သူ့ကိုကို မယှဉ်နိုင်ဘူး၊ နို့မို့ဆို ဒီမှာ ဆင်းရဲရဲနဲ့ လာနေစရာ ဘာလို့လဲ'





အဘွားအိုသည် ကျူးဝူအား သတ်ရန် ယခုကဲ့သို့ ဤနေရာတွင် လာရောက်နေထိုင်နေသည်လားဟု ချန်ဖဲ့ဖီ စဉ်းစားမိသည်။

သို့သော် ထိုကိစ္စကို သူ ဆက်မမေးပါ။

အဘွားအိုက စကားဆက်သည်။

'ဝိပုလွတောင်မှာ သူဟာ ဘုရင်တစ်ဆူပဲ။ ဒါတင်မကဘူး၊ ဘယ်သွားသွား ရောက်တဲ့နေရာမှာ ဘုရင်လို နေနိုင်တယ်၊ သိုင်းလောကမှာ သိုင်းပညာရှင် အများကြီး ရှိပေမယ့် သူ့ကိုမီတဲ့သူ မရှိဘူး'

အဘွားအိုသည် ထိုသူ့အပေါ် ရွံရှာစက်ဆုပ်ခြင်း မရှိသည့်အပြင် အားကျနေပုံရနေ၏။

အဘွားအိုသည် လက်ကျန်အရက်ကို တစ်ခါတည်း မော့ချလိုက်သည်၊

ထိုအခါ မှေးစင်းနေသော မျက်လုံးမှာ အနည်းငယ်ပွင့်လာသည်။

ချန်ဖဲ့ဖီသည်လည်း လက်ကျန်အရက်ကို မော့ချလိုက်၏။ အဘွားအိုက ချန်ဖဲ့ဖီကိုကြည့်လိုက်ပြီး....

'ငါနဲ့ကျူးဝူ ဘယ်လိုပတ်သက်တယ်ဆိုတာ မင်းက ဘာဖြစ်လို့ မမေးဘာလဲ'

'မေးချင်စိတ် မရှိလို့ပါ'

'ဘယ်ပြောနေတာလဲ'

'သူများကိုယ်ရေးကိုယ်တာကို ကျွန်တော် မသိချင်ဘူး'

'မင်း အောင်တော်လိမ့်မှာသားပဲ၊ မင်းကို ငါ သိပ်သဘောကျတယ်'

အဘွားအိုသည် ပြောပြောဆိုဆို ပြောင်နေသောကြေးနီပြားကို ထုတ်လိုက်သည်။

ကြေးနီပြားပေါ်တွင် ငါးချက်ထိထားသော အစင်းတစ်ခုရှိသည်။

ချန်ဖဲ့ဖိက....

'အဲဒါ ဘာအသုံးဝင်သလဲ'

အသက်ဆယ်နိုင်တယ်'

'ဘယ်သူ့အသက်ကို ဆယ်နိုင်မှာလဲ'

မင်းတို့ရဲ့အသက်ကိုပေါ့'

အဘွားအိုက ပြောသည်။

ချန်ဖဲ့ဖိ ငြိမ်နေ၏။

'ဘယ်ဘက်မှာ ဆက်ချောင်းခုနစ်ချောင်းရှိတဲ့လူကို တွေ့ရင် အဲဒီကြေးပြားပေးလိုက်၊ ဒါဆို မင်း ဘာခိုင်းခိုင်း သူလုပ်ပေးမှာပဲ'





'အဘွားအေ ဒီလူ့အပေါ် ကျေးဇူးရှိလို့လား'

အဘွားအိုက ခေါင်းညိတ်လိုက်သည်။

'မင်း သူနဲ့တွေ့ချင်မှတွေ့မှာ၊ သူက ညဝ ပုလွေ၊ နေ့ဘက်မှာ မထွက်ဘူး'

'ညဘက်ကျမှ သူ့ကို ရှာရမှာပေါ့'

'မင်း သူ့ကို ရှာဖြစ်မှာမဟုတ်ဘူး၊ သူလာတာကို စောင့်ရမယ်၊ ဒီအကြောင်းကို တခြားဝ ပွလွှကိုလဲ မပြောရဘူး'

ချန်ဖဲ့ဖိက တစ်စုံတစ်ရာ ထပ်မေးရန် ဟန်ပြင်လိုက်သည်။

သို့သော် အဘွားအိုက အိပ်ပျော်သွားပြီဖြစ်၏။

ရုတ်ခြည်း အိပ်ပျော်သွားခြင်းဖြစ်၏။

ချန်ဖဲ့ဖိ အိမ်ထဲမှ ပြန်ထွက်လာတော့သည်။

အဘွားအိုသည် စောစောကကဲ့သို့ပင် ခွေခွေလေး အိပ်နေသည်။

နာမကျန်းဖြစ်နေသည့်ပုံစံမျိုးဖြစ်နေသည်။

ထို့ပြင် ထိတ်လန့်တုန်လှုပ်နေပုံလည်းရနေလေ၏။

ချန်ဖဲ့ဖိက ခုံရှေ့တွင် ထိုင်ချလိုက်သည်။

သူ၏စူးရှသော မျက်လုံးထဲတွင် သွေးနီမျှင်များ အထင်းသား ပေါ်နေသည်။

သူ မူးနေပြီဖြစ်သည်။

ချန်ဖဲ့ဖိသည် အရက်ကြိုက်တတ်သူ မဟုတ်။

များများစားစားလည်း မသောက်နိုင်။

'ရှင်တို့ပြောတာကို ကျွန်မတို့အား ကြားတယ်'

နန်နန်က ပြောလိုက်သည်။

ထို့ကြောင့် ချန်ဖဲ့ဖိအား တာဝန်ရှင်းပြစရာမလိုတော့ပေ။

'အဘွား အိုးဗ ဘယ်သူလဲ'

'အဘွားအိုပဲပေါ့'

'ကျွန်မစိတ်ထင်တော့ အဲဒီအဘွားက တော်တော့် သိုင်းပညာရှင်တစ်ယောက်ဖြစ်ပုံရတယ်'

ချန်ဖဲ့ဖိအား မည်သည့်ထင်မြင်ချက်ကိုမျှမပေး။

ရှောက်မှာက လှည့်၍...

'သူက မင်းမိန်းမလား'

ချန်ဖဲ့ဖိ ငြင်းလည်းမငြင်း၊ ဝန်လည်းမခံပါချေ။

'သူဟာမင်းမိန်းမဆိုရင် ပါးစပ်ပိတ်ထားနိုင်ရင် ကောင်းမယ်'





ထိုအခါ နန်နန်က...

'ကျွန်မဟာ သူ့မိန်းမ မဟုတ်ဘူးဆိုရင်ရော'

'ဒါဆို ငါက မင်းပါးစပ်ကိုပိတ်ရမှာပဲ'

နန်နန် ပါးစပ်ပိတ်ထားလိုက်ရတော့သည်။

ချန်ဖဲ့ဖိအား ဆက်ပြောသည်။

'[illegible] တောင်ပေါ်ကို အလည်အပတ်ဖို့သွားတာ မဟုတ်ဘူး၊ ခွန်စားဖို့သွားတာ၊ ဗီတော့...'

'ဗီတော့ မင်းက တစ်ခုခုတောင်းဆိုတော့မယ်ပေါ့'

ရှောက်မှာက ဖြတ်မေးလိုက်သည်။

'တောင်းဆိုတာမဟုတ်ဘူး၊ စည်းကမ်းတစ်ခု သတ်မှတ်ရမယ်၊ အားလုံးလိုက်နာရမယ်'

အားလုံး ချန်ဖဲ့ဖိပြောသမည့်စကားကို နားစွင့်နေကြသည်။

'အခုအချိန်ကစပြီး ယောကျ်ားက မိန်းမနားမကပ်ရဘူး၊ အရက်လဲ လုံးဝမသောက်ရဘူး'

ချန်ဖဲ့ဖိအား လူအားလုံးကို မျက်လုံးတစ်ချက်ဝေ့ကြည့်လိုက်သည်။

'ညည်းဆမ်းဖောက်ဖျက်ရင် ဘယ်သူ့ကိုမဆို ငါကအရေခွံ ခွာပစ်မှာပဲ'

ချန်ပဲ့ဖိုးအ သတိပေးလိုက်၏။

မြောက်မာ ပခုံးနှစ်ဘက်တွန့်သွားလေသည်။

## အခန်း (၁၈)

စံပုလွေတောင်အား ကြောက်စရာကောင်းသည်မဟုတ်။

ကြောက်စရာကောင်းသည်မှာ တောင်ပေါ်မှလူများ ဖြစ်သည်။

သို့သော်....

တောင်ပေါ်တွင် လူတစ်ယောက်မျှရှိပုံမရ။

သူတို့သည် ယခုတိုင်တစ်စုံတစ်ယောက်ကိုမျှ မတွေ့ရသေးချေ။

အချိန်မှာ ညနေခင်းအချိန်ဖြစ်သည်။

ဆည်းဆာချိန်ဖြစ်သဖြင့် တောတောင်တစ်ခုလုံးမှာ သာယာလှပနေသည်။

ချန်ဖဲ့ဖိသည် စင်မြင့်တစ်ခုနှင့်တူသော ကျောက်တုံးကြီးရှေ့တွင် ရပ်တန့်လိုက်သည်။

ထို့နောက်....

'ထို့ ဒီမှာခဏနားကြရင် ကောင်းမယ်'

'နားတော့မယ်ဟုတ်လား၊ မစောလွန်းဘူးလား'

ရှမ်းရှမ်းက မေးသည်။

တောင်တက်လမ်းအမူ ယခုအထိပြေပြစ်နေသေးသည်။

ထို့ကြောင့်....

သူတို့သည် ယခုတိုင်မြင်းပေါ်က မဆင်းကြသေးပေ။

ရှမ်းရှမ်းသည် လှပသောမိန်းကလေးတစ်ယောက် ဖြစ်လေသည်။

ကျက်သရေရှိသည်။

ယဉ်လည်းယဉ်သည်။

ကျန်းလုံကျိဆိုလျှင် ရှမ်းရှမ်းကို မကြာခဏကြည့်နေတတ်သည်။

ချန်ဖဲ့ဖိကမူ ရှမ်းရှမ်းကို ကြည့်လည်းမကြည့် စကားလည်းမပြော။

'အချိန်က သိပ်မစောတော့ပါဘူး'





ကျန်းလုံကျိက ရှမ်းရှမ်းစကားကို ဝင်ဖြေသည်။

'မိုးမှမချုပ်သေးဘာပဲ'

ရှမ်းရှမ်းက ပြန်ပြောသည်။

'မိုးမချုပ်ခင်သေးလို့ပေါ့၊ မိုးချုပ်ရင် တို့ခပ်မြန်မြန်သွားရမယ်'

'ဘာဖြစ် လို့လဲ'

ရှမ်းရှမ်းက နားမလည်ဟန်ဖြင့် မေးသည်။

'မိုးချုပ်ရင် တို့ကိုလူတွေကလွယ်လွယ်နဲ့မမြင်တော့ဘူးပေါ့၊ နောက်ပြီး ညစံပုလွေက ဒီလောက်မှုစရာမလိုပါဘူး'

'သူက မင်းမိန်းမလား'

ချန်ဖဲ့ဖိက ဖြတ်မေးသည်။

ကျန်းလုံကျိက ခေါင်းညိတ်ပြလိုက်ချင်သည်။

သို့သော်....

မလှဲသာမရှောင်သာ ခေါင်းခါပြလိုက်ရတော့သည်။

ချန်ဖဲ့ဖိ ချက်ချင်းရှမ်းရှမ်းထံသို့လျှောက်လာသည်။

ထို့နောက်....

ရှမ်းရှမ်းစီးသောမြင်းကို ချက်ချင်း လက်ဖြင့်ရိုက်ချလိုက်သည်။

'ဖေ့ဝင်း'

'ဟိ၊ ဟိး ဟိ၊ ဟိး'

မြင်းကြီး ချက်ချင်းလဲကျသွားသည်။

ရှမ်းရှမ်းသည်လည်း လဲကျလုမတတ်ဖြစ်သွားသည်။

သူမက ကိုယ့်ကိုယ်ကိုထိန်းလိုက်နိုင်၍သာ လဲမကျသွားခြင်း ဖြစ်ပါသည်။

သို့သော်...

ရှမ်းရှမ်း ပါးစပ်ပိတ်သွားတော့၏။

'ဟား ဟား ဟား'

ရှောက်မှာက ထရယ်သည်။

'မင်း ရယ်နေတယ်ဟုတ်လား'

ချန်ဖဲ့ဖိက မေးသည်။

'ဟုတ်တယ်၊ ငါရယ်နေတာပေါ့'

'ဘယ်သူ့ကိုရယ်နေတာလဲ'

'မင်းကို ရယ်နေတာလေ'

'ဘာလဲ ငါက ရယ်စရာကောင်းနေလို့လား'

'ရယ်စရာကောင်းတဲ့အလုပ်မျိုး လုပ်တဲ့လူမှန်သမျှ ရယ်စရာ ကောင်းနေတာပဲပေါ့'

ရှောက်မှာက ပြောသည်။





ချန်ဖဲ့ဖိမှာ ဘာမှ ဆက်မပြောနိုင်မီမှပင် ရှောက်မာက ဆက်၍....

'မိုးမကျစေချင်တာရယ်၊ လူတွေကို စကားမပြောခိုင်းတာ ရယ် ဒါတွေဟာ ရယ်စရာချည်းပဲ၊ မိန်းကလေး တစ်ယောက်ရဲ့ ပါးစပ်ကိုပိတ်သွားအောင် လုပ်တာဟာလဲ ဒီအတိုင်းပါပဲ၊ ရယ်စရာအလွန်ကောင်းတယ်'

ချန်ဖဲ့ဖိ ဘာမျှ ပြန်မပြောတော့။

ရှောက်မာကိုသာ စိုက်ကြည့်နေသည်။

ကြည့်ရင်း မျက်လုံးပေါက်များ တစ်စတစ်စ ကျဉ်းလာ သည်။

ရှောက်မာကမူ အပြုံးမပျက်။

'မြင်းရဲ့ အရေခွံဟာလဲရောင်းလို့ရတယ်၊ ဘာဖြစ်လို့ အရေ ခွံ ခွာချင်ရအာလဲ'

ချန်ဖဲ့ဖိ ဘာမှမပြော။

ရှောက်မာထံသို့ တန်းလျှောက်သွားသည်။

ရှောက်မာက နေရာတွင် ရပ်မြဲရပ်နေ၏။

ထိုအချိန်တွင်....

'လူစံပုလွေ လာနေကြပြီ'

သတိပေးလိုက်၏။

လူဝံပုလွေများကို တွေ့လိုက်ရပြီဖြစ်၏။

စုစုပေါင်း....သုံးယောက်။

သုံးယောက်စလုံး ကျောက်ခေတ် လူသားများနှင့် ဆင်တူနေသည်။

သူတို့နှင့်ခပ်လှမ်းလှမ်းသစ်ပင်အောက်တွင် ရပ်နေကြသည်။

'ဒီကောင်တွေက လူသားစား ဝံပုလွေတွေ ဖြစ်မယ်ထင်တယ်'

ကျင်းလုံကျီက ခပ်တိုးတိုးပြောလိုက်သည်။

ရှမ်းရှမ်း မျက်နှာပျက်သွားတော့၏။

'ရှင်....သူတို့က လူသားစား ဝံပုလွေဟုတ်လား၊ တကယ်ပဲ လူကိုစားသလား'

ရှမ်းရှမ်း အသံကတုန်ခါနေသည်။

သူမမှာ လူသားစားဝံပုလွေကိုကြောက်သကဲ့သို့ ချန်ဖဲ့ဖိကိုလည်း ကြောက်နေပုံရ၏။

သူမက အရဲစွန့်ပြီးမေးလိုက်ခြင်းဖြစ်၏။

'သူတို့ဟာ တကယ်လူသားစားချင်မှစားမယ်၊ ဒါပေမယ့် စားစံ့မှာတော့သေချာတယ်'





'ဒီကောင်တွေ ဘယ်လိုလူသားမျိုးစား ချင်တယ်ဆိုတာ ငါသိပါတယ်'

တစ်ချိန်လုံး ငြိမ်သက်နေသော လောက်ဖိက ဝင်ပြော၏။

'ဘယ်လိုလူမျိုးကိုစားချင်တာလဲ'

ရှမ်းရှမ်းက ဝင်မေး၏။

'မိန်းမတွေပဲပေါ့၊ အထူးသဖြင့် လှလဲလှတယ်၊ မွှေးလဲမွှေးတဲ့ မိန်းကလေးဆိုရင် ပိုစားချင်မှာပေါ့'

ရှမ်းရှမ်း မျက်နှာဖြူဖပ်ဖြူရော်ဖြစ်သွားတော့၏။
ကျန်းလုံကျီမျက်နှာမှာလည်းပြာနှမ်းသွားတော့၏။
ရှောက်မာက ကျန်းလုံကျီလက်ကိုဆွဲကာ....
'ဒီကောင်တွေ စကားပြောနေသလိုပဲ'
'ဟုတ်တယ်'

'ဘာတွေပြောနေသလဲမသိဘူး'

ကျန်းလုံကျီ မျက်စိကိုမှိတ်လိုက်သည်။

သို့သော်....

ချက်ချင်း ပြန်ဖွင့်လိုက်၏။

သူ့ဟန်ပန်မှာ ရုတ်ခြည်းပြောင်းလဲသွားသည်ဟု ထင်မှတ်ရသည်။

ကျွန်းလုံကျိမှာ ဖိနပ်ချုပ်စားသော အောက်တန်းစား ဘဝမှ ဩဇာအာဏာရှိသော ဘဝသို့ ချက်ချင်း ရောက်သွားသလိုပင်။

သူ့ကိုယ်သူ ယုံကြည်မှုလည်း အပြည့်အဝ ရှိနေပုံရသည်။ အားလုံးက ကျွန်းလုံကျိကို ငြိမ်သက်စွာ ကြည့်နေကြသည်။

ရှမ်းရှမ်းအလည်း သူ့ကိုကြည့်နေသည်။

ကျွန်းလုံကျိမှာ ဝံပုလွေသုံးယောက်ကို မျက်တောင်မခတ် ကြည့်နေ၏။

ခေတ္တကြာသောအခါ ကျွန်းလုံကျိ၏ နှုတ်ဖျားမှ လေသံ သဲ့သဲ့ ထွက်လာ၏။

'ဒီကောင်တွေ ရူးနေသလားမသိဘူး။ ဝံပုလွေတောင်ကို သွားခဲ့ကြတယ်'

'သူတို့က ဝေါယာဉ်နဲ့တောင် လာတာ၊ ချမ်းသာပုံလဲ ရတယ်'

'ဒါပေမယ့် သူတို့ထဲမှာ ကြောက်စရာကောင်းတဲ့လူ တစ်ယောက်နှစ်ယောက် ပါနေပုံပဲ'

'ဘယ်သူ့ကိုပြောတာလဲ'

'သွေးစုပ်ဖုဘီကောင်နဲ့တူတဲ့လူဟာ ပေါ့သေးသေး မဟုတ်ဘူး....'





'တောင်ထောင်ခမောင်းခမောင်း လူလဲ ဒီအတိုင်းပဲ၊ သူဟာ အာမခံဌာနတစ်ခုရဲ့ အဖွဲ့ဝင်ဖြစ်နိုင်တယ်'

'တို့ကို မျက်လုံးပြူးကြည့်နေတဲ့လူကတော့ သေမလောက် ကြောက်နေပုံပဲ'

'ဘာပဲပြောပြော သူတို့က လူများတယ်၊ ကြောက်စရာ ကောင်းတဲ့ကောင်လဲပါတော့ တို့အလဲ လူများများ ရှာရမယ်'

'ဒီနှစ်ရက်အတွင်း တောင်ပေါ် တက်လာတဲ့လူက မနည်းဘူး၊ တောင်ပေါ်မှာရှိတဲ့လူအားလုံး အလုပ်ကိုယ်စီ ရှိကြတယ်၊ တို့က ဘယ်သူ့ကို လိုက်ရှာရမှာလဲ'

'ဘာပဲပြောပြော ဒီလူတွေပြေးလို့မလွယ်ပါဘူး၊ တို့ အလျင် ဆုံးတွေ့တဲ့သူက အလုပ်ပြီးရင် ဝေစုရမှာ သေချာတယ်'

'ငါက မိန်းကလေးတွေပဲ လိုချင်တယ်'

'ခေါင်းဆောင်ကြီးတွေမြင်သွားရင် မင်း တစ်ယောက်မှ ရမှာ မဟုတ်ဘူး'

'ငါက သူတို့ အသုံးချပြီးမှ အသားပဲ ဆင်စားမယ်'

ထိုစကားများမှာ ကျွန်းလုံကျိ ပြောနေသော စကားများ မဟုတ်ပါချေ။

ကျွန်းလုံကျိက ဝံပုလွေ သုံးယောက် ပြောသွားသည့် စကားအတိုင်း ပြန်လည်ပြောပြနေခြင်းဖြစ်သည်။

ဝံပုလွေသုံးယောက် ရယ်မောရင်း လှည့်ထွက်သွားကြသည်။

ချန်ဖဲ့ဖိသည် ကြောက်ရပ်ပမှာ ငြိမ်သက်နေသည်။

လောက်ဖိမှာ ခေတ္တ အန္တရာယ်ကင်းသွားသဖြင့် ရှင်မြူးဝမ်းသာသွားပုံရသည်။

ရှမ်းရှမ်းမှာမူ မူးမေ့မတတ် ကြောက်လန့်နေသည်။

ဝေါယာဉ်နှစ်စီးအနက် တစ်စီးတွင်ရှိသော လူတစ်ယောက်မှာ ချောင်းတဟွတ်ဟွတ် ဆိုးနေ၏။

အသက်ပြင်းပြင်း ရှူရှိုက်နေသည်။

အလွန်မောဟိုက်နေပုံရသည်။

အခြားဝေါယာဉ်ထဲတွင် ရှိနေသော နန်နန်ကလည်း ငြိမ်မနေနိုင်တော့။

ဝေါယာဉ်ထဲမှ ခေါင်းပြူလာ၍ ရှောက်မာနှင့် ချန်ဖဲ့ဖိကို ကြည့်လိုက်သည်။

ချန်ဖဲ့ဖိက ကျောက်တုံး တစ်တုံးပေါ်တွင် လှဲအိပ်လိုက်သည်။

ချက်ချင်း အိပ်ပျော်သွားသည်ဟု ထင်မှတ်ရသည်။

ချန်ဖဲ့ဖိ ငြိမ်သက်သွားသည်။





သူက အနားယူရန် ပြောခဲ့သည့်အတိုင်း အနားယူ၍နေခြင်းပင်။

'ဒီနေရာ တော်တော်ကောင်းတယ်'

ရှောက်မာက နန်နန်ကို လှမ်းပြောလိုက်သည်။

'ဒါပေမယ့် ဒီနေရာက ပစ်မှတ်တစ်ခုလို ဖြစ်နေတယ်'

နန်နန်က ပြန်ပြောလိုက်သည်။

'ပစ်မှတ်တစ်ခုလို ဖြစ်နေလို့ပဲ ငါက ကောင်းတယ်လို့ ပြောတာပေါ့၊ ပတ်ဝန်းကျင်မှာ အကာအကွယ်မှ မရှိဘူး၊ ဘယ်သူလာလာ တို့က မြင်နေမှာပဲ'

'သူတို့က အခုချက်ချင်း လာဦးမှာ မဟုတ်သေးဘူး၊ လာရှာတဲ့အခါ မိုးချုပ်နေပြီ၊ တို့ကလည်း ဒီနေရာမှာ ရှိမှာ မဟုတ်တော့ဘူး'

ကျန်းလုံကျိုက ဝင်ပြောသည်။

ထိုအချိန်တွင် ငှက်အော်သံတစ်မျိုးကို ကြားလိုက်ရသည်။

သို့သော် ထိုအသံသည် လူ့ပါးစပ်မှ ထွက်ပေါ်လာသော အသံ ဖြစ်သည်။

'ဒီနှစ်ရက်အတွင်း သားကောင် တော်တော် များများ ရောက်လာတယ်'

ရှောက်မှာ ထိုင်နေရာမှထလိုက်၏။
ချန်ဖဲ့ဗိုက မျက်စိမှိတ်ကာ လဲလျောင်းနေသပင်။
သို့သော် ထိုင်လိုက်ဟု ပြောလိုက်သည်။

ထိုအခါ ရှောက်မှာက...

'ဘယ်သူ့ကိုပြောသလဲ'

'မင်းကိုပြောတာပေါ့'

'ဘာဖြစ်လို့ထိုင်ရမှာလဲ'

'ဘာဖြစ်လို့လဲဆိုတော့ မင်းက စပ်စုဖို့သာသတာမဟုတ်ဘဲ'

'ငါက မေးအကြည်းက စပ်စုတာဝါသနာပါတယ်'

'ဒါဆိုရင်လဲ သွားပေါ့'

'သွားရမှာပေါ့'

'ငါဘစ်ခုပြောမယ်'

'ပြောပါ'

'မင်းသေသွားရင် အလောင်းသင်္ဂြိုဟ်ပေးမယ့်လူ ရှိမှာ မဟုတ်ဘူး'

ချန်ဖဲ့ဗိုကပြောသည်။

'ကိစ္စမရှိပါဘူး၊ ငါ့က သူများဗိုက်ထဲ ဝင်အောင်းချင်နေတာနဲ့ အတော်ပဲ'





'ခက်တာက ဝံပုလွေတွေက မိန်းမတွေကို စားချင်နေတယ်'

'စားလဲ ဘာဖြစ်လဲ၊ ငါ့အောင်းတဲ့လူကို ရွေးစားမှာမှ မဟုတ်ဘဲ'

ရှောက်မှာက ပြောပြောဆိုဆို လှည့်ထွက်သွားမည် ပြုသည်။

သို့သော် သူ့ခြေလှမ်း မလှမ်းလိုက်ရပါ။
လူများရောက်ရှိလာလေပြီတည်း။

## အခန်း (၁၉)

သူတို့နားနေသော ကျောက်တုံးကြီး၏ဘယ်ဘက်တွင် တောအုပ်တအုပ်ရှိသည်။

တောအုပ်မှာ သစ်ပင်များထူထပ်သော တောအုပ်ပင် ဖြစ်သည်။

ဘေးသံရဲရဲ စီနေသော လူတစ်စု တောအုပ်ထဲမှ ပြေးထွက်လာကြသည်။

အချို့လည်း အော်ညည်းရင်း ကျောက်တုံးကြီးဘေးတွင် လဲကျသွားကြသည်။

ရှောက်မာသည် ဒုက္ခရောက်နေသူကို တွေ့လျှင် လက်ပိုက်ကြည့်နေတတ်သူမဟုတ်။

တစ်နည်းနည်းနှင့် ကယ်တတ်သူ ကူညီတတ်သူ ဖြစ်သည်။





ယခုလည်း သူသည် ကျောက်တုံးကြီးပေါ်မှ ခုန်ဆင်းလိုက်သည်။

ထိုသူက ပြေးပြေးဆိုဆို ခုန်ထလိုက်ပြီး ရှောက်မာအား ရန်မူတော့သည်။

ထိုလူသားများ ကျွန်ခုနစ်ယောက်တို့သည်၊ တစ်ပြိုင်နက်တည်း လှုပ်ရှားလာကြသည်။

'ဒုတ်...'

'အား....'

ဦးစွာဝင်ရောက်တိုက်ခိုက်သူကို ရှောက်မာက လက်သီးဖြင့် ခုခံကာ ကွယ်လိုက်သည်။

ထိုလူ ပုံလဲကျသွားသည်။

လူလေးယောက်က၊ ရှောက်မာကို ဝင်ရောက်တိုက်ခိုက်၏။ လူသုံးယောက်က ကျွန်လုံကျိကို ဝင်ရောက်တိုက်ခိုက်သည်။

ရှောက်မာကို ဝင်ရောက်တိုက်ခိုက်သူများထဲတွင် လက်တစ်ဘက်မရှိသူနှင့် ခြေတစ်ဘက်ပြတ်နေသူလည်း ပါ၏။

ရန်သူအားလုံးတွင် လက်နက်ကိုယ်စီပါသည်။

ဓားပါးကားလားကိုင်ထားသူလည်း ပါ၏။

ဓားမြှောင်ကိုင်ထားသူလည်း ပါ၏။

သံလက်စွပ်နှင့်သံလက်စွပ်တွင် ဝါးများချိတ်ကဲ့သို့ စူးများ တပ်ထားသူလည်းပါ၏။

ထို့ပြင် လှံသွားလက်နက်ငယ်ကို ကိုင်ဆောင်ထားသူ လည်းပါ၏။

ထိုလှံသွားလက်နက်ငယ်မှာ ဓားမြှောင်ကဲ့သို့ ပစ်ပေါက်နိုင် သည်။

ထိုလူများ အသုံးပြုသောလက်နက်အားလုံးမှာ တိုနံ့နံ့ဖြစ် နေသည်။

လက်နက်ဟူသည် တစ်လက်မတိုလျှင် တစ်လက်မအန္တရာယ် များသည်ဟု ဆိုကြသည်။

ရန်သူများမှာ ရှောက်မာတို့ကို ရုတ်တရက် ဝင်ရောက် တိုက်ခိုက်ကြခြင်းဖြစ်သည်။

သို့သော် ရှောက်မာက လျင်မြန်စွာ ပြန်လှည့်၍ တုံ့ပြန် နိုင်ခဲ့သည်။

ရှောက်မာသည် ဓားပါးကလေး ကိုင်ထားသူ၏လက်ကို လှမ်းကန်လိုက်သည်။

လှံသွားကိုင်ထားသူ ခြေထောက်ပြင်က တိုးဝင်လာ သည်။





ရှောက်မာက ထိုသူ့လှံသွားကိုင်လက်ကို လက်တစ်ဘက် ဖြင့် ဖမ်းဆုပ်ထားလိုက်၏။

တစ်ဆက်တည်း ရှောက်မာ၏လက်သီး တစ်လုံးက ခြေတစ် ဘက်ပြတ်ရင်ဘတ်ပေါ် စုန်းခနဲရောက်သွားသည်။

'အား….'

ထိုသူ မချိမဆန့်အော်ကာ လဲကျသွားသည်။

ရှောက်မာသည် ကျန်းလုံကျီအတွက် စိတ်မပူပါ။

ကျန်းလုံကျီသည် နှာကန်းနေသော်လည်း ခြေထောက် များမှာ ကြောင်တစ်ကောင်ထက် သွက်လက်သည်။

လက်များကလည်း ကျားလက်ကဲ့သို့ ထက်၏။

'မင်း ဝံပုလွေလား'

ရှောက်မာက သူ့ရှေ့တွင်လဲကာ ညည်းညူနေသော ခြေ တစ်ပေါင်ကျိုးကို ငုံ့ကြည့်ကာ မေးလိုက်၏။

ခြေတစ်ပေါင်ကျိုးက ခေါင်းညိတ်ဝန်ခံသည်။

'လူသားစားဝံပုလွေလား၊ သူတော်ကောင်းဝံပုလွေလား'

'ကျွန်တော် သူတော်ကောင်းပါ'

မင်းက သူတော်ကောင်း ဟုတ်လား'

ပြောပြောဆိုဆို ရှောက်မာက ထိုသူ၏ဆီးစပ်ကို ခြေဖြင့် လှမ်းကန်ပစ်လိုက်သည်။

'အင့်....'

ထိုသူမှာ တစ်ချက်သာအော်နိုင်ပြီး ငြိမ်သက်သွားတော့သည်။

ရှောက်မာ ကျန်းလုံကျိအား လှမ်းကြည့်လိုက်၏။

ကျန်းလုံကျိရှေ့တွင် ရန်သူသုံးယောက် လဲနေသည်။

'တို့ အငိုက်မိခံလိုက်ရသလိုပဲ'

ကျန်းလုံကျိ ပြောသည်။

ရှောက်မာက ပြုံးရုံသာ ပြုံးလိုက်၏။

'ဒါပေမယ့် အခုအတိုင်းဆိုရင် အငိုက်မိခံလိုက်ရသူက တို့မဟုတ်ဘူး၊ သူတို့ပဲ'

သူတို့ဟာ သူတော်ကောင်းတွေမို့ အခုလိုဖြစ်သွားတာနဲ့တူတယ်'

'သူတော်ကောင်းတွေဟာ အငိုက်မိခံရတတ်တယ်ကင်တယ်'

'သူတော်ကောင်းတွေဟာ လူကို ပိုပြီး အစိုက်ဖမ်းတတ်ကြတယ်'

ပြောရင်း နှစ်ယောက်သား ရယ်လိုက်ကြသည်။

ကျောက်တုံးကြီးပေါ်တွင် တိတ်ဆိတ်ငြိမ်သက်လျက်ရှိ၏။

ရှောက်မာက ရယ်မောလိုက်၏။





ကျန်းလုံကျိက မရယ်တော့။

လူဝံပုလွေတို့သည် သူတို့အစရုံပြောင်းသွားစေအောင် တမင်အကွက်ဆင်ခဲ့ခြင်းပေလား။

ရှောက်မာနှင့်ကျန်းလုံကျိ ကျောက်တုံးကြီးပေါ်မှ ဆင်းခဲ့ကြသဖြင့် ကျောက်တုံးကြီးပေါ်တွင် ကျန်ရစ်ခဲ့သူများ တစ်ခုခုဖြစ်ကောင်း ဖြစ်သွားနိုင်သည်။

ကျန်းလုံကျိအား ကျောက်တုံးပေါ် ဦးလှည့်ခုန်တက်သွားလေသည်။

သူသည် ရှမ်းရှမ်းအတွက် စိုးရိမ်နေသည်။

သူ ကျောက်တုံးပေါ် ရောက်သွားသောအခါ ရှမ်းရှမ်း၏ မျက်လုံးအစုံကို မြင်တွေ့လိုက်ရသည်။

သူမ၏ မျက်လုံးအစုံအား ပွင့်နေသည်။

အစွမ်းကုန်ဖွင့်ထား ဝိုင်းစက် ပြူးကျယ်နေသည်။

လှပသော မျက်လုံးရွဲကြီးပင်ဖြစ်သည်။

သို့သော် ဟန်ပန်ကတစ်မူထူးခြားနေသည်။

■ ■ ■

ဟန်အမူအရာသည် မျက်နှာပေါ်တွင် ပေါ်လာတတ်စမြဲ၊ မျက်လုံးအစုံသည် အမူအရာနှင့် ခံစားမှုကို ပြသရာတွင် အရေးအပါဆုံးဖြစ်၏။

ရှမ်းရှမ်းမျက်လုံးတွင် ထင်ဟပ်နေသော ဟန်ပန်မှာ စာဖြင့်ဖွဲ့ရခက်မည်ပင်။

အဘယ့်ကြောင့်ဆိုသော် ဓားတစ်လက်သည် ရှမ်းရှမ်းလည်ပင်းကို ကန့်လန့်ဖြတ် တေ့ထားသည်။

ရှမ်းရှမ်းမှာ ငယ်ရွယ်လှပသော မိန်းကလေးဖြစ်သဖြင့် သူမလည်ပင်းမှာ ဖြူဝင်းမွတ်နေသည်။

သူမ၏ လည်တိုင်မှာ သေးလေးသွယ်သွယ်ဖြစ်သည်။

သို့သော် သူမလည်တိုင်ကို ဖိထားသောဓားကမူ သေးသေးသွယ်သွယ်မဟုတ်ပါ။

အလွန်ကြီးမားသော ဓားကြီးတစ်လက်ဖြစ်သည်။

ဓားကိုင်လက်က ပို၍ တုတ်ခိုင်သန်မာသည်။

ကျန်းလုံကျီ ချက်ချင်းငိုင်ကျသွားသည်။





တူညီသောအရာများသည် ပေါင်းဖက်တတ်စမြဲပင်။

ချမ်းသာသူက ချမ်းသာသူနှင့်ပေါင်းသည်။

လူမိုက်က လူမိုက်နှင့်ပေါင်းသည်။

ရှောက်မာသည် ကောင်းသောလူတစ်ယောက်ဟု မဆိုသာပါ။

သူ့တွင် ချို့ယွင်းချက်များစွာ ရှိသည်။

တိုက်ခိုက်မှုများနှင့် မကြာခဏ ကြုံရတတ်ခြင်းပင်။

ထိုသို့ကြုံသော်လည်း သူသည် နေရာတကာတွင် ဝင်ရောက်စပ်စုတတ်၏။

မှန်သည်ဟု ထင်သည့်ဘက်တွင် ဝင်ရောက်တိုက်ခိုက်တတ်သည်။

ထို့ကြောင့် တိုက်ပွဲသည် သူ့အတွက် မုံညင်းရွက်စားသကဲ့သို့ ရိုးစင်းသော အလုပ်တစ်ခုဖြစ်နေလေသည်။

ကျန်းလုံကျီသည် ရှောက်မာ၏ မိတ်ဆွေရင်းတစ်ယောက်ဖြစ်သည်။

စောစောကပင် လူသုံးယောက်ကို အလဲထိုးခဲ့သေးသည်။

ကျန်းလုံကျီသည် ဓားကို မြင်ရုံနှင့် လိပ်ပြာလွင့်မတတ် ငိုင်သွားသည် မဟုတ်ပေ။

ကျန်းလုံကျီသည် ရှမ်းရှမ်း၏ လည်ပင်းပေါ်မှ ဓားကြီးအပြင် အခြားဓားကြီး ဆယ့်ခုနစ်လက်ကို တွေ့လိုက်ရသောကြောင့် ငိုင်သွားခြင်းဖြစ်သည်။

ကျောက်တုံးကြီးပေါ်တွင် လူဆယ့်တစ်ယောက်ရှိသည်။

ယင်းလူထဲတွင် ဝေါယည်ထမ်းသော အထမ်းသမားလည်း ပါဝင်နေသည်။

ဝေါယည်ထဲတွင်ရှိသော နန်းနန်းနှင့် လူမမယ်မှလွဲ၍ အားလုံးလည်ပင်းတွင် ခါးတစ်လက်စီ အတော့ခံထားရသည်။

ရှမ်းရှမ်းလည်တိုင်တွင် ဖိထားသောခါးမှာ အကြီးဆုံးမဟုတ်သလို အသေးဆုံးလည်း မဟုတ်ပါ။

ခါးကြီးများမှာ ထိပ်ဖျားကြီးပြီး အလယ်ချိန်စီးသည်။

ထိုခါးကြီးမျိုးကို တချို့ခေါင်းကြီးဟု ခေါ်ကြသည်။

ထိုခါးမျိုးသည် လူကို ခုတ်ဖြတ်ရာတွင် ‘တခြားတစ်နေရာကို မခုတ်ပါ။

ဦးခေါင်းကိုသာ ခုတ်ဖြတ်လေ့ရှိသည်။

အလွန်ရက်စက်သူများ အသုံးပြုသည့် ခါးမျိုးပင်ဖြစ်လေသည်။

ချန်ဖဲ့ဖိလည်ပင်းတွင် တော့ထားသောခါးမှာ အလေးချိန်အစီးဆုံးဖြစ်သည်။

ချန်ဖဲ့ဖိက အိပ်ပျော်နေဆဲပင်။



အခန်း (၂၀)

ခါးကြီးအဆယ်နှစ်လက် လူက ဆယ့်ကိုးယောက်။

လူဆိုသည်မှာ လူဝံပုလွေများဖြစ်သည်။
ယင်းတို့ထဲမှ တစ်ယောက်က ခါးကြီးကိုင်ထားပါ။
ခါးကြီးများထက်ရှည်သော ဓားတံကြီးကို ကိုင်ထားလေသည်။
ကျန်းလုံကျိုက ထိုသူကို သိနေသည်။
သူသည် ဝံပုလွေကြီး ပုကျန့်ကို တစ်ကြိမ်မြင်ဖူးသည်။
ထိုသူ ဝတ်စားထားပုံ ဟန်တို့က ပုကျန့်နှင့် ချွတ်စွပ်တူနေသည်။
ပုံစံခွက်နှင့်ပုံ သွန်းထားသကဲ့သို့ ဖြစ်သည်။
ဆောင်းသော ပုံစံမျိုးအားမဟုတ်။

ထို့ကြောင့် ပုကျန့်၏ မကောင်းသောအချက်မှန်သမျှကို ထိုလူက ချွတ်စွပ်တူအောင် ခိုးနိုင်ခဲ့ခြင်းပင်။

သို့သော် ပုကျန့်၏ ထိမထင်ဟန်ပန်မျိုးကိုတော့ သူ တစ်ဆက်လုံး တုပနိုင်မည် မဟုတ်ပေ။

'မင်း ပုကျန့်ရဲ့ သားလား၊ ဒါမှမဟုတ် တစ်ပည့်လား'

ကျန်းလု့ကျိုက မေးလိုက်သည်။

ထိုသူက ကျန်းလုံကျိုကို လုံးဝဂရုမစိုက်ပါ၊

ရှောက်မာကိုသာ စိုက်ကြည့်နေသည်။

'ဟား ဟား ဟား'

ကျန်းလုံကျိုက အားပါးတရ ရယ်မောလိုက်သည်။

မရယ်ချင်ဘဲ ရယ်လိုက်ရခြင်းပင်။

မိမိချစ်သော မိန်းကလေးတစ်ယောက်၏ လည်ပင်းကို ဓား သွားနှင့် ဖိအပ်ခံထားရလျှင် မည်သူက ရယ်ချင်ပါမည်နည်း။

ထို့ပြင် ပုကျန့်၏ လက်ထောက်များသည် လူသတ်ရာတွင် ကြမ်းကြုတ်ရက်စက်လှကြောင်း ကျန်းလုံကျို ကြားဖူးထားသည်။

တစ်ဖက်သား၏ ဒေါသကို ဆွပေးသည့် အနေဖြင့် ကျန်းလုံကျို ရယ်မောလိုက်ခြင်းဖြစ်သည်။





တစ်ဖက်သားကလည်း ကျန်းလုံကျိုကို မသိကျိုးကျွံပြုထားမြဲပြုထားသည်။

ရှောက်မာကို စိုက်ကြည့်မြဲစိုက်ကြည့်လျက်။

'မင်းက မာအမျိုးအနွယ်ဝင်လား'

ရှောက်မာက ခေါင်းညိတ်ပြလိုက်သည်။

ထိုသူက ဆက်၍...

'ဒေါသကြီးတဲ့ ရှောက်မာဆိုတာ မင်းပဲလား'

'ဝံပုလွေအရေခြုံထားတဲ့ ခွေးဆိုးဆိုတာ မင်းပဲလား'

ရှောက်မာကလည်း ခပ်အည်တည် ပြန်မေးလိုက်သည်။

ထိုသူ့မျက်နှာကိုလည်း သေသေချာချာ အကဲခတ်လိုက်လေသည်။

ထိုသူ၏ မျက်လုံးရော မျက်နှာပါ သုံးထောင့်ပုံစံမျိုး ဖြစ်နေသည်။

ထိုသူသည် ရှောက်မာ၏ ဒေါသစကားကြောင့် အလွန်ဒေါသထွက်သွားပုံရသည်။

ဒေါသထွက်လွန်းသဖြင့် မျက်နှာတစ်ခုလုံး ဖြူဖတ်ဖြူရော် ဖြစ်လာသည်။

သို့သော် ထိုသူက ဒေါသကို အစွမ်းကုန် ထိန်းလာသည်။

'မင်း အသက်ကလာတယ်ဆိုတာ ငါသိတယ်'

'ဟုတ်ရဲ့လား'

မိုးဆမ်းပန်းစာပေ

ရှောက်မာအား ပြန်မေးလိုက်သည်။

'မင်းက အရှေ့မြောက်မှာရှိတဲ့ ကျောက်တောင်ကုန်းက လာတာမဟုတ်လား'

'ဟုတ်တော့ရော ဘာဖြစ်သလဲ'

'မင်းအလက်သိုင်းသမား အထူးသဖြင့် လက်သီးပြင်းတယ်၊ မင်းလက်ချက်ကြောင့် ဖုန်လောက်ဝူ အခုအိပ်ရာထဲမှာလှဲနေရတယ်'

'မင်းလဲ မြည်းကြည့်ချင်သလား'

ထိုအခါ ထိုသူက ပြုံး၍...

'အခုလောက်ဆို ကျောက်တောင်ကုန်းအဖွဲ့က ပြိုကွဲသွားကြပြီ၊ အမှောင်လောကသားချင်းမို့ မင်းကို ဝါစိတ်ရှည်လက်ရှည် ဆက်ဆံနေတာ'

'ငါ့နာမည် ထေ့ခန်းကြောင်လို့ ခေါ်တယ်'

ခန်းကြောင်ဆိုသည်မှာ သုံးထောင့်ဖြစ်သည်။

'နာမည်နဲ့လူနဲ့ တော်တော်အပ်စပ်ပါလား'

'မင်းနာမည်ကတော့ မင်းနဲ့လုံးဝမအပ်စပ်ဘူး'

'ဟုတ်ရဲ့လား'

'အမှန်ဆိုရင် မင်းနာမည်ကို ငတုံးလို့မှည့်ဖို့ကောင်းတယ်၊ မင်းက တကယ့်ကိုတုံးတယ်'





ထေ့ခန်းကြောင်သည် ပြောရင်း လက်ထဲတွင်အသင့်ကိုင်ထားသော ဓားတံကြီးဖြင့် ဟိုသည်ထိုးပြလိုက်ပြီး...

'ဓား ဘယ်နှစ်လက်ရှိတယ်ဆိုတာ မင်း ရေတွက်ကြည့်ဖို့ကောင်းတယ်'

များပြားလှသော ဓားကြီးများကိုမြင်လျှင် မည်သူမဆို တိတ်တဆိတ်ရေတွက်ကြည့်မည်သာ ဖြစ်သည်၊

ရှောက်မာကလည်း ရေတွက်ကြည့်ပြီးဖြစ်သည်၊

'ဓားရှစ်လက်က ဘယ်နေရာရောက်နေတယ်၊ ဘယ်ဘက်ကို ထေ့လားတယ်ဆိုတာ ကြည့်ပါဦး'

ရှောက်မာ ကြည့်ပြီးဖြစ်၍ နောက်ထပ်ကြည့်စရာမလိုတော့ပေ၊

ချန်ဖဲ့ဖိ၊ ရှမ်းရှမ်း၊ ကျင်းကျင်း၊ ကျင်းကြူ၊ လောက်ဖိ နှင့် အထမ်းသမားလေးဦးတို့သည်ပင်တွင် ဓားကြီးတစ်လက်စီ ထော့ထားလျက်ရှိသည်။

ကျန်ရှိသော ဓားကြီးကိုလက်အနက် လေးလက်က ဝေါ ယာဉ်ကို ထိုးချိန်ထားသည်။

ကျန်ငါးလက်ကမူ ကျောက်တုံးကြီးပတ်ဝန်းကျင်ကိုစောင့် ရှောက်၍ထားသည်။

ဂျင်းတို့အကြံအစည်က ပီရိလှ၏။

ကျောက်တုံးကြီးအောက်တွင် ပုန်းနေသူရှစ်ဦးသည ရှောက်မာနှင့် ကျန်းလုံကျိုတို့၏အာရုံကို ပြောင်းပစ်သည်။

ကျန်လူများက အခြားနေရာမှနေ၍ ကျောက်တုံးကြီးပေါ်သို့ တက်သွားခဲ့ခြင်းဖြစ်သည်။

ချန်ဖဲ့ဖိ ဘား မျက်ကန်းမဟုတ်ပါ၊
နားလည်း မကန်းပါ၊
သို့ပါလျက်....
ဘယ့်အတွက် လည်ပင်းဓားတေ့ခံနေရပါသနည်း။
ထိုအချက်ကို ရှောက်မာ စဉ်းစားမရဖြစ်နေသည်။
ထိုသို့ဖြစ်ရခြင်းသည် အဓိပ္ပာယ်တစ်ခုခုတော့ရှိပေမည်။
ထို့ကြောင့်....

ရှောက်မာသည် ထေ့ခန်းကြောင်ကို အချိန်ဆွဲ၍စိတ်ရှည်လက်ရှည် စကားပြောနေသည်၊

ကျန်းလုံကျိုကမူ စိတ်မရှည်နိုင်တော့ပါချေ။

ရှမ်းရှမ်း၏ဟန်ပန်မှာ တစ်စထက်တစ်စ သနားစရာကောင်းနေသည်။

'ငါ့ရဲ့ဓားရှစ်လက်က မင်းမိတ်ဆွေတွေရဲ့လည်ပင်းမှာ တေ့ထားတယ်၊ မင်းက ငါ့ရှေ့မှာဟန်ကြီးပန်ကြီး လုပ်နေတယ်၊





ပြောချင်ရာ စွပ်ပြောနေတယ်၊ ဘယ်လောက်တုံးတယ်ဆိုတာ မင်းကိုယ်မင်း စဉ်းစားကြည့်တော့'

'ဟုတ်ပါတယ်၊ ကျုပ်တာအလွန်တုံးပါတယ်၊ တကယ်ပါပဲ ဟဲ ဟဲ ဟဲ'

ရှောက်မာက ဝန်ခံရင်းရယ်မောသလို ရယ်လိုက်သည်။

ထေ့ခန်းကြောင်ကသည်း ရောရယ်သည်။

သူ မရယ်ချင်ဘဲရယ်သည်ကိုကြည့်ကာ ကျန်းလုံကျို အခံရခက်နေသည်။

'မင်းဟာ သေမလောက်တုံးတယ်၊ မင်းမိတ်ဆွေတွေကတော့ မင်းကြောင့်သေရတော့မယ်၊ ဘယ်သူ့ကိုအလျင်သေစေချင်သလဲ၊ ငါ ရွေးခွင့်ပြုပါမယ်'

ထေ့ခန်းကြောင်က ပြောပြောဆိုဆို ရှမ်းရှမ်းအား ဓားတံနှင့် လှမ်းချိန်လိုက်သည်။

ပြီးမှ...

တစ်ဆက်တည်းမေးသည်၊

'အဲဒီမိန်းကလေးအပေါ် မင်းဘယ်လိုမြင်သလဲ'
'သိပ်ကောင်းတယ်'
'သိပ်ကောင်းတယ်ဆိုတာ ဘာအဓိပ္ပာယ်လဲ'

ကျွန်းလုံးကျော်က မအောင့်နိုင်သဖြင့် ဝင်မေးသည်။

'သိပ်ကောင်းတယ်ဆိုတာ သူအသက်ရှင်နေတာ ကောင်းတယ်လို့ ပြောတာ၊ တခြားလူလက်ထဲအပ်ဖို့ မလိုဘူးလို့ ဆိုလိုတာ'

ထိုအခါ....

ကျွန်းလုံးကျော် အသက်ရှူချောင်သွားသည်။

ထေ့ခန်းကြောင်ကမူ လှောင်ရယ် ရယ်နေသည်။

'ခက်တာက သူများရဲ့ခေါင်းကြီးဟာ သူ့လည်ပင်းပေါ်မှာ ရောက်နေတယ်၊ သူ့ကိုသတ်မလား မသတ်ဘူးလားဆိုတာ ပြောရခက်တယ်၊ ငါ့အနေနဲ့လဲ ဘာမှမတတ်နိုင်ဘူး'

ရှောက်မာက ဆက်၍ပြောသည်။

ထေ့ခန်းကြောင်က....

'မင်း တော်တော်လည်တဲ့သူပဲ'

'ကျုပ်စဉ်းစားလို့မရတာ တစ်ခုရှိတယ်'

'မေးစရာရှိတာ မေးပါ'

'မင်းတို့ရဲ့ခေါင်းတွေဟာ တော်တော်ထက်သလိုပဲ'

'သိပ်ထက်တာပေါ့'





'ငါစဉ်းစားရမိသလောက်တော့ လူတွေဟာ ဗိုက်ဝရင်တစ်ခုခု အလုပ်မရှိအလုပ်ရှာလုပ်ချင်ကြတယ်၊ မင်းတို့လဲ ဒီသဘော ရှိမယ်ထင်တယ်၊ တို့ကိုကျီစယ်ချင်လို့ အခုလိုလုပ်တာလား'

'ဒီကျီစယ်နည်းက မနိပ်ပါဘူး'

ထေ့ခန်းကြောင်က ပြန်ပြောသည်။

ထိုအခါ....

ရှောက်မာက....

'ဒါဆိုရင် ကျုပ်တို့ကို အကြွပ်ကိုင်ချင်လို့လား၊ ကျုပ်တို့ ဘာများလုပ်ပေးရမလဲ'

'ဒီတစ်ခါ မင်းစကားမှန်သွားပြီ'

'ကဲ....ကျုပ်ဘာလုပ်ပေးရမလဲ'

'ငါက မင်းလက်သီးနှစ်လုံးကိုပဲ လိုချင်တယ်'

'ကျုပ်လက်သီးက လူကိုပဲထိုးတတ်တယ်၊ ဘာဖြစ်လို့ လိုချင်တာလဲ'

'နောက်ထပ် လူမထိုးစေချင်လို့ပေါ့'

'မင်းတို့မှာ ဓားဆယ့်ရှစ်လက်ရှိတယ်၊ ကျုပ်လက်သီးကို မှုစရာလား'

'သတိထားတာ မမှားဘူးလေ'

'ကျုပ်လက်နှစ်ဘက်ကိုဖြတ်ပစ်မယ်၊ ဒါမှ မင်းတို့ကို ရှာမရှာနိုင်အောင်ပေါ့'

'မင်းပြောတာ နိုးစပ်ပါတယ်

ကောင်းပြီ၊ လိုချင်သပဆိုလဲယူပေါ့'

ရွှေက်မာက ပြောပြောဆိုဆိုထေ့ခန်းကြောင်၏ မျက်နှာကို လက်သီးနှင့် ထိုးချလိုက်သည်။

ထေ့ခန်းကြောင် ရွှေက်မာ လက်သီးကို မြင်၏၊ သေသေချာချာ မြင်ပါ၏။

သို့သော် သူ့အနေဖြင့်လွတ်အောင် မရှောင်နိုင်ပါ။ ရှောင်ချိန် မရလိုက်ပါ။

ရွှေက်မာ၏ လက်သီးက ထေ့ခန်းကြောင်၏ နှာခေါင်းကို ထိမှန်သွားသည်။

အသံက သိပ်မကျယ်လှ။

နှာခေါင်းရိုး ကျိုးသွားသံက ပို၍တိုးညင်းသည်။

သို့သော် အင်မတန် ကော်လှ၏။

ထေ့ခန်းကြောင်သည် နှာကျင်မှု ဝေဒနာကို ဖြင်းထန်စွာ ခံစားလိုက်ရသည်။





မျက်စိထဲတွင် ကြယ်ပွင့်များ ပြေးလွှားသွားသည်ကို မြင်လိုက်ရ၏။

ထေ့ခန်းကြောင် နောက်သို့လန်လဲသွားသည်။

'သတ်ကြဟေ့'

ဟု အော်ဟစ်ရာ အမိန့်ပေးလိုက်လေသည်။

## အခန်း (၂၀)

အော်ဟစ်သလို အမိန့်ပေးသံ ကြားသည်နှင့် ဓားကြီးများက ခုတ်ပိုင်းလိုက်ကြသည်။

ကျန်းလုံကျို ရှေ့သို့ ပြေးထွက်သွားသည်။

ရှမ်းရှမ်းအား ဓားဖြင့် တေ့ထားသူထံသို့ ပြေးသွားခြင်းဖြစ်သည်။

ထိုသူလက်ကို ရိုက်ထုတ်ပြီး လက်သီးစာ ကျွေးလိုက်မည်ဟု ကျန်းလုံကျို စိတ်ကူးထားသည်။

သို့သော် ကျန်းလုံကျို ဘာမှ ဝင်ရောက်စွက်ဖက်စရာ မလိုတော့ပါချေ။





ကျန်းလုံကျို ရှေ့သို့ပြေးထွက်သွားသည့် အချိန်မှာပင် ရှမ်းရှမ်းအား ဓားဖြင့် တေ့ထားသူသည် အားခနဲ အော်ညည်းလိုက်သံ ကြားလိုက်ရ၏။

ထိုသူသည် နာကျင်လွန်းသဖြင့် ခါးကြီး ကိုင်းသွားသည်။

ထိုနောက် လဲကျသွား လူးလှိမ့်နေတော့၏။

သနားစဖွယ်ဟန်မျိုး ဖမ်းထားသော ရှမ်းရှမ်းမှာ နေရာတွင် တည်ငြိမ်စွာ ရပ်နေသည်။

သူမသည် ဓားကိုင်သူအား ကရုဏာသက်စွာ ကြည့်လျက်—

'စိတ်တော့ မရှိပါနဲ့၊ အမှန်ဆိုရင် ကျွန်မက အဲဒီနေရာမျိုး ခြေထောက်နဲ့ဆန့်ဖို့ မကောင်းပါဘူး၊ ဒါပေမယ့် သိပ်လဲ ဝမ်းနည်း မနေပါနဲ့၊ ရှင် လူညွန့်တုံးသွားတော့လဲ ရှင့်အတွက် ဘေးအန္တရာယ်ကင်းတယ်လို့ သဘောထားလိုက်ပေါ့။

ရှင့်ရဲ့ မကောင်းမှုက ရှင့်ကို ပြန်အပြစ်ပေးလိုက်တာပဲ၊ ရှင် စဉ်းစားတတ်ရင် နောင်တ ရပါလိမ့်မယ်၊ ဒီအချိန်မှာ ရှင်ဟာ လူကောင်းတစ်ယောက်အဖြစ်နဲ့ ဝမ်းသာပျော်ရွှင်စွာ နေနိုင်ပါလိမ့်မယ်'

ကျန်းလုံကျိုသည် ရှမ်းရှမ်းကို တအံ့တသြဖြင့် ကြည့်နေမိသည်။

သူမ၏ လှုပ်ရှားမှုက မိမိထက်ပင် လျှန်မြန်နေပါအလားဟု ကြိတ်၍ တွေးနေမိ၏။

စင်စစ်ရှမ်းရှမ်းသည် သိုင်းပညာထက်မြက်သော မိန်းအလေးပင်။

ကျန်းလုံကျိ အတွေးဖြတ်ပြီး အခြားတစ်ဘက်သို့ လှည့်ကြည့်လိုက်သော အခါတွင်မူ လူဝံပုလွေ ဆယ့်ကိုးယောက်မှ ဆယ့်ခုနစ်ယောက် လဲကျနေပြီ။

လူဝံပုလွေ တစ်ယောက်၏ မျက်နှာမှာ သွေးသံရဲရဲ ဖြစ်နေသည်။

မျက်နှာအရေခွံ ခွာထားရသလား မှတ်ရသည်။

ထိုသူသည် စောစောက ချန်ဖဲ့ဖိအား သတ်ဖြတ်ရန် ကြိုးစားခဲ့သူ ဖြစ်သည်။

အမြန်ဆုံးသေသွားသူ နှစ်ယောက်မှာ စောစောက နှိန်နှိန်ရှိရှဝေါယာဥ်နား ရပ်နေသူနှစ်ဦး ဖြစ်သည်။

သူတို့သည် မြေပေါ်တွင် ငြိမ်သက်စွာ လဲလျောင်းနေကြသည်။

ဒဏ်ရာလည်း မဆိုစလောက်သာ ရှိ၏။

သူတို့၏ မျက်စိနှစ်လုံးကြားတွင် သွေးတစ်စက်စီသာ ရှိနေသည်။





မလဲကျသေးသော လူနှစ်ယောက်မှာ လူမမာရှိသော ဝေါယာဥ်အပြင်တွင် ရပ်နေဆဲပင်။

သူတို့သည် ဓားကြီးများကို ကိုင်ထားကြသော်လည်း ခုတ်ပိုင်းရန် သတ္တိမရှိကြတော့ချေ။

ချန်ဖဲ့ဖိက ထိုသူနှစ်ယောက်ကို မျက်နှာထား တင်းတင်းဖြင့် ကြည့်နေသည်။

ထိုလူနှစ်ယောက်၏ ခြေထောက်များမှာ မနားတမ်း တုန်နေသည်။

ချန်ဖဲ့ဖိက ထိုသူနှစ်ယောက်ထံ လက်ညှိုးထိုးလျက်....

'လုပ်ချင် ကိုယ်တိုင်လုပ်လို့ ပုကျန့်ကို ပြန်ပြောလိုက်'

ချန်ဖဲ့ဖိ၏ စကားအဆုံးတွင် ထိုသူနှစ်ယောက်မှာ အပြစ်ဒဏ်မှ လွတ်သွားသည့် အကျဉ်းသားများပမာ တစ်ချိုးတည်း သုတ်ချေတင်တော့သည်။

သို့သော်....

ချန်ဖဲ့ဖိက....

'ပြန်လာစမ်း'

အော်ခေါ်လိုက်သည်။

ချန်ဖဲ့ဖိက ခေါ်သံကြားသောအခါ ထိုသူနှစ်ယောက် ကိုယ်ရှိန်တန့်သွားကြသည်။

ချန်ဖဲ့ဖိ ထိုသူနှစ်ယောက်အနီးသို့ လှမ်းခနဲ ရောက်သွားသည်။

'ငါ ဘယ်သူလဲဆိုတာ မင်းတို့ သိသလား'

ချန်ဖဲ့ဖိက လေသံမှာမာဖြင့် မေးသည်။

လူနှစ်ယောက်က မျက်နှာငယ်ကလေးဖြင့် ခေါင်းငြိမ့်သည်။

'ချန်ဖဲ့ ဖိဆိုတာ ငါပဲ'

ပြောပြောဆိုဆို ချန်ဖဲ့ဖိသည် မြေကြီးပေါ်တွင် ကျနေသော ဓားတစ်ချက်ကို ခြေထောက်ဖြင့် ကလော် ယူလိုက်သည်။

'အိုး…'

'အား…'

မည်သို့မည်ပုံ လှုပ်ရှားလိုက်သည်မသိ။

ချန်ဖဲ့ဖိ ရှေ့မှ လူနှစ်ယောက် မျက်နှာမှ အရေပြားများ ဆန်ကျသွားသည်။

'သွားတော့'

လူနှစ်ယောက် ကြောက်ကြောက်လန့်လန့်နှင့် ချန်ဖဲ့ဖိ ရှေ့မှောက်မှ ပြေးထွက်သွားသည်။

ရှောက်မာအ သက်ပြင်းချသည်။

'ဘာဖြစ်လို့ သက်ပြင်းချရတာလဲ'

'ဟိုလူတွေကို လွတ်မလားလို့ပေါ့'

'ဝံပုလွေနဲ့ တွေ့တဲ့အခါ ဝံပုလွေလို ကျင့်ကြံရတယ်၊ ဘာလဲ ဒေါသကြီးတဲ့ ရှောက်မာက စကြောက်ကြီး ဖြစ်သွားပြီလား'

'ငါက လူတစ်ယောက်ရဲ့ အသက်ကို လွယ်လွယ် မခြွေချင်ဘူး'

'ငါလဲ မင်းအသက်ကိုတော့ မခြွေချင်ဘူးကွ'





ရှောက်မာ မဲ့ပြုံး ပြုံးလိုက်သည်။

ချန်ဖဲ့ဖိ အ…၊

'မင်းသာလာပြီး မခေါ်ရင် တို့ အခုအတိ အေးအေးချမ်းချမ်း ရှိနေမယ်'

'အခုလဲ အေးအေးချမ်းချမ်း မရှိလို့လား'

ရှောက်မာအ ပြန်ပြောလိုက်သည်။

ချန်ဖဲ့ဖိ ပါးစပ် မိတ်ထားလိုက်သည်။

သူ့မျက်လုံးအစုံက ညာဘက်ရှိ တောင်ကမူတစ်ခုကို လှမ်းကြည့်နေသည်။

## အခန်း (၂၂)

နေဝင်သွားခဲ့ပြီ၊

ပတ်ဝန်းကျင်ကို အမှောင်ရိပ်က လွှမ်းလာ၏။

လူနှစ်ယောက်မှာ တောင်ကမူ အနောက်မှလျှောက်ထွက်လာကြသည်။

အေးအေးဆေးဆေး လျှောက်လာခြင်းပင်။

သူတို့ဟန်ပန်မှာလည်း သိမ်သိမ်မွေ့မွေ့ရှိ၏။

ရှေ့ဆုံးမှလူသည် စာပေသမားများ ဝတ်လေ့ရှိသော အပြာရောင် အင်္ကျီရှည်ကို ဝတ်ဆင်ထားသည်။

သူ့လက်ထဲတွင် ခေါက်ယပ်တောင်တစ်လက်ကိုင်ထား၏။ ယပ်တောင်ပေါ်တွင်....

'သူတော်ကောင်းဆိုတာ ယဉ်ကျေးရမည်'





ဟူသော စာလုံး ရေးထိုးထား၏။

အရှေ့မှာင်က တစ်စတစ်စ ပိုလာ၏။

ထိုသူမှာ ကျောက်တုံးကြီးရှိရာသို့ တန်းလျှောက်လာ၏။

ယပ်တောင်ကို ဖြန့်ထားရာမှ ပြန်ခေါက်ပြီး ကျောက်ပေါ် ကို အရှိအသေပြုလိုက်၏။

မိမိအား အရိုအသေ ပြုလာသူကို မည်သူက ရန်ရှာချင်ပါ မည်နည်း။

ဘယ်သူက လက်သီးဖြင့် ထိုးချင်ပါမည်နည်း။

'တစ်ယောက်နဲ့တစ်ယောက် သိကြတာလဲ မဟုတ်ဘူး၊ ဘာဖြစ်လို့ အရိုအသေပြုရတာလဲ'

ကျောက်ဖိုက ပြုံး၍ ပြောလိုက်၏။

ဤတွင် စာပေသမားဟန် ပေါက်နေသူက....

'ကံဆုံလို့ တွေ့ကြတုန်း မိတ်ဖြစ်ဆွေ ဖြစ် အရိုအသေ ပြုတာ ပါ၊ ဘည်သည်ကို ဝတ်ပြုဖို့ဆိုတာ အိမ်ရှင်ရဲ့ တွေ့ရာပဲ...၊ အရက်နဲ့ ဧည့်မခံနိုင်တဲ့အတွက်ကြောင့် အားနာတယ်'

'ကိစ္စမရှိပါဘူး'

ကျောက်ဖိုက ပြောလိုက်၏။

စာပေသမားဟန်ပေါက်သူက ...

'ကျွန်တော့်နာမည် ဝင်းလျှံယိပါ'

'ငါက လောက်ဖိ၊ ဖိအမျိုးအနွယ်ဝင်'

'ဆရာကြီးနာမည်ကို ကျွန်တော် ကြားဖူးနေတာ ကြာပါပြီ၊ ဆရာကျွန်းရဲ့မိတ်ဆွေကြီး မဒဟို့ ဆိုရင် ပိုတောင်နာမည်ကြီးသေးတယ်၊ အခုမှ တွေ့ခွင့်ရတာ ဝမ်းသာစရာပဲ'

ဝင်းလျှံယိက ယဉ်ကျေးသိမ်မွေ့စွာ ပြော၏။

လူကို မြင်ရုံနှင့် ယခုကဲ့သို့ ပြောဆိုခြင်းမှာ အံ့ဩဖွယ်ကောင်းလှသည်။

ထိုသူမှာ ရှောက်မာတို့ ဇစ်မြစ်ကို အတော် သိနေပုံသည်။

ရှောက်မာ ငိုင်တွေသွား၏။

အကြောင်းအား....

ထိုသူ မည်သူ ဖြစ်နိုင်သည်ကို ရိပ်မိလိုက်သောကြောင့်ပင် ဖြစ်သည်။

ဝင်းလျှံယိက ဆက်၍....

'နန်နန် မောင်လေး နာမကျန်း ဖြစ်နေတယ်လို့ ကြားရပါတယ်၊ သဘင်းကြားကြားချင်း ကျွန်တော် စိတ်ပူမိတာအမှန်ပဲ'

'ခင်ဗျားကို ကြည့်ရတာ သတင်း တော်တော် နှံ့စပ်ပုံရတယ်'





ရှောက်မာက မအောင့်နိုင်သဖြင့် ဝင်ပြောလိုက်၏။

ဝင်းလျှံယိအား ပြုံးရှင်း....

'ဒီနေရာဟာ ကောင်းတဲ့နေရာမဟုတ်ဘူး၊ ကျွန်တော်တို့ရဲ့ လူတွေထဲမှာလဲ ကောင်းတဲ့လူတွေက ရှားတယ်၊ ခင်ဗျားတို့ ဇီတောင်ကို ရှောရှောရှူရှူ ရောက်ဖို့ဆိုတာ အင်မတန် ခက်ခဲတယ်'

'ဒါက ကျုပ်တို့ကိစ္စပါ၊ ခင်ဗျားနဲ့ မပတ်သက်ပါဘူး'

ရှောက်မာက ခပ်မာမာ ပြောလိုက်သော်သည်း ဝင်းလျှံယိက ယဉ်ယဉ်ကျေးကျေး ဆက်ပြောသည်။

'ကျွန်တော်က စေတနာနဲ့ ပြောတာပါ၊ အထင်မလွဲပါနဲ့၊ အခက်အခဲရှိရင် ကျွန်တော့်အနေနဲ့ နည်းနည်းပါးပါး ကူညီနိုင်မှာပါ'

'ခင်ဗျား မြင်တာနဲ့ သူတော်ကောင်းဖြစ်မှန်း ကျုပ် သိပါတယ်၊ အခက်အခဲကတော့ ဇီတောင်ကို ဖြတ်ကျော်ဖို့ပဲ၊ ပို့မယ့်ပို့ ကူတို့ရောက်အောင် ပို့ရမယ်လို့ စကားလဲ ရှိတယ် မဟုတ်လား'

လောက်ဖိက ဝင်ပြော၏။

'ကျွန်တော် ကူညီချင်ပါတယ်၊ ဒါပေမယ့် ကျွန်တော့်မှာလဲ အခက်အခဲတာ ရှိနေတယ်'

'ဘာအခက်အခဲလဲ'

ရှောက်မာက ဖြတ်မေးလိုက်၏။

'ဒီတောင်ကို ကျော်ဖို့ဆိုဘာ အခက်အခဲ အများကြီး ရှိပါတယ်၊ ရှောရှောရှူရှူနဲ့ ဖြတ်ကျော်ချင်ရင်တော့ လမ်းစ ပွင့်အောင် တစ်ခုခု လုပ်ရမှာပဲ'

'ဘာလုပ်ရမှာလဲ'

ရှောက်မာက မေးလိုက်ပြန်သည်။

ဝင်းလျံယိက ပြုံးလိုက်၏။

ထို့နောက်....

'အမှန်ဆိုရင် သိပ်ခက်တာ မဟုတ်ပါဘူး၊ တစ်ခုတော့ ရှိတယ်'

'ခင်ဗျား လိုချင်တာကို ရှင်းရှင်းပြောပါ'

ရှောက်မာက စိတ်မရှည်ဟန်နှင့် ပြောလိုက်၏။

ထိုအခါ ဝင်းလျံယိက....

'လိုချင်တာကတော့ တစ်သိန်းတန်တဲ့ရွှေ၊ လက်သီးတစ်ရုံ လက်တစ်ဆုပ်ပါပဲ၊'

'ရွှေလိုချင်ရင်တော့ ရတယ်၊ လက်သီးနဲ့ လက်တစ်ဆုပ် ဆိုတာကတော့ ခပ်ဆန်းဆန်း ဖြစ်နေတယ်၊ ခင်ဗျားရဲ့ တောင်း ဆိုချက်က အတော်ထူးခြားပါလား'





'ဟုတ်လယ်....ထူးခြားတယ်လို့ ပြောရမှာပေါ့'

'ဘယ်လိုလက်သီးမျိုး လိုချင်သလဲ၊ လက်အရော ဘယ်လို လက်မျိုး ကြိုက်သလဲ'

'လူ့ခန္ဓာကိုယ်ဆိုတာ ပျက်စီးသင့်တဲ့အရာမှဟုတ်ဘူး၊ လူ တစ်ယောက် ဖြစ်လာဖို့အတော့ အလွန် ခဲယဉ်းတယ်၊ ဒါ ကြောင့်....

ဝင်းလျံယိက စဉ်းစားဖြတ်ထားသဖြင့်....

'ဒါကြောင့် ခင်ဗျားက လူတွေကို ထိုးသတ်တဲ့ လက်သီးနဲ့ လူအရေခွံ ခွာသတ်တဲ့လက်မျိုး လိုချင်နေတယ်ပေါ့ ဟုတ်လား'

ရှောက်မာက ဖြတ်မေးလိုသည်။

ဝင်းလျံယိက ခေါင်းညိတ်ပြီးသာ....

'ခင်ဗျားတို့က ကျွန်တော့် တောင်းဆိုချက်ကို လိုက်လျော နိုင်မယ်ဆိုရင်တော့ အားလုံး အဆင်ပြေသွားမှာပဲ၊ နန်နန်နဲ့ မောင်လေးလဲ သုံးရက်အတွင်း ဒီတောင်ကို အေးအေးဆေး ဆေး ဖြတ်ကျော်သွားနိုင်မယ်၊ တကယ်လို့ ခင်ဗျားတို့က ကျုပ် ဆန္ဒကို ငြင်းရင်တော့ ကျုပ်က ကူညီချင်ပေမယ့် ဘယ်လိုမှ ကူညီနိုင်စရာ မဟုတ်ဘူး'

'ဟား ဟား ဟား'

ရွှေကံမာ အားပါးတရ ရယ်မောလိုက်သည်။

ဟန်ဆောင်ရယ်လိုက်ခြင်း မဟုတ်။

ကာယကံရှင်၏ ရယ်လိုက်ခြင်းဖြစ်၏။

သူသည် သူမြင်တွေ့နေရသော သူ့ကော်စင် အတုအယောင်မှာ အလွန်ရယ်စရာကောင်းသည်ဟု ထင်သဖြင့် ရယ်လိုက်မိခြင်းဖြစ်၏။

ထိုသူ့ကော်စင် အတုအယောင်မှာ အလွန်စက်ဆုပ်ရွံရှာဖွယ်ကောင်းသည်ဟုလည်း ထင်မိသည်။

'ကျုပ် ယောင်္ကျားကို အချိန်ယူပြီး စဉ်းစားကြည့်ပေါ့၊ မနက်ဖြန် ကျုပ် အဖြေသာ ပေးတော့မယ်လေ'

'ခင်ဗျား လာဖြစ်အောင် လာနော်'

ရွှေကံမာက တကယ့် အလေးထားသည့်ဟန်မျိုးဖြင့် ဖိတ်ခေါ်လိုက်သည်။

'လာပါ့မယ်၊ ကဲ...မိုးချုပ်လှပြီ၊ ဟေးအဘွားရယ်အလံများလှတယ်၊ ဒီည အေးမအေး ချမ်းချမ်း ဖြစ်နေချင်ရင်တော့ ခင်ဗျားတို့အားလုံး ဒီမှာနေတာပဲ ကောင်းတယ်'

ဝင်းလျှံယိ ခါးကိုင်းပြီး အရှိအသေပြုလိုက်၏။





ထို့နောက် ယပ်တောင်ကို ဖွင့်ကာ ဖြည်းဖြည်းချင်း လှည့်ထွက်သွား၏။

သူ့လူ ခြောက်ယောက်ကလည်း ဝင်းလျှံယိ နောက်မှ ဖြည်းဖြည်းချင်း လိုက်ပါသွား၏။

သူတို့အပြုအမူက အဆည်းယားစရာ ကောင်းလှ၏။ ရွှေကံမာ အသံ ဝေါ်သွားထွက်သွားသည်။

'သူ ဘာဖြစ်လို့ တို့ကို ရန်မရှာတာလဲ မသိဘူး'

ချန်ဖဲ့ဖိက ရွှေကံမာ၏ စကားကို ဘာမှထင်မြင်ချက် မပေးဘဲ ပြန်မေး၏။

'သူက အကြမ်းနည်းသုံးခဲ့ရင်တော့ ခုလောက်ဆိုရင် သူ့ခေါင်းဟာ ကြေမွနေလောက်ပြီ'

'အဲ့ဒီအခါကျရင် မင်းရှဲ့လူတွေလဲ လူနဲ့ တူချင်မှ တူတော့မှာပေါ့'

ချန်ဖဲ့ဖိက ပြောလိုက်၏။

ကျွန်းလုံကျိက ဝင်၍...

'အခု သွားနေတဲ့ လူတွေဟာ သူတော်ကောင်း ဝံပုလွေနဲ့ တူတယ်'

'ခေါင်းယပ်တောင်ကိုင်တဲ့ သူဟာ သူတော်ကောင်းဝံပုလွေခေါင်းဆောင်ပဲ'

ကျန်းလုံးကျီ စကားကို ချန်ဖဲ့ဖိက ပြေလိုက်၏။

'မင်းက သူတို့ကို အစောကြီးကတည်းက မြင်လိုက်တယ်ပေါ့'

ကျန်းလုံးကျီက ဆက်မေး၏။

'ဟုတ်တယ်'

'သူတို့ကြည့်ရတာ ခေါင်းကိုင်ထားတဲ့ လူတွေလောက် မသိုးဘူး ထင်တယ်'

'မထူးဘူး၊ သူတို့က သူတော်ကောင်းယောင် ဆောင်ပြီး တစ်နည်းကောက်ကျစ်တာပေါ့'

'သူတို့တောင်းတဲ့ အခွင့်အရေးဟာ မဖြစ်နိုင်တာဘဲ၊ သူတို့ ဘာဖြစ်လို့ ရန်မရှာတာလဲ မသိဘူး'

'သူတော်ကောင်းဝ ပုလွေတွေက ညဘက်မှာ ရန်မရှာဘူး'

'ဘာဖြစ်လို့လဲ'

'ဒါ သူတို့စည်းကမ်းပဲ၊ လူဝပုလွေချင်း နားလည်မှုယူထားတာလဲ ဖြစ်မယ်'

'ငါ့အတွက်ကတော့ ကံကောင်းတာပဲ၊ သူတို့က ငါ့လက်ကိုလဲ မလိုချင်ဘူး၊ ငါ့လက်သီးကိုလဲ မလိုချင်ဘူး'

ခပ်လှမ်းလှမ်းမှ လောက်ဖိက လှမ်းပြောလိုက်၏။





ချန်ဖဲ့ဖိ လောက်ဖိရှေ့မှောက် ရောက်သွား၏။ လောက်ဖိ ချက်ချင်း မျက်နှာပျက်သွား၏။

'သူတို့က မင်းရဲ့ လက်သီးနဲ့ လက်ကို မလိုချင်ပေမယ့် ငါ လိုချင်တယ်'

'ဒါဖြင့် မင်း...မင်း'

'မင်းရဲ့ လက်တင်မကဘူး၊ အရေခွံပါ နွာပစ်မယ်'

လောက်ဖိသည် အရုပ်မြင့်သူဖြစ်၏။

ယခုမူ တစ်ဝက်ခန့် ပုသွားသည်ဟု မှတ်ရ၏။

လောက်ဖိ ကြောက်ကြောက်နှင့် ထိုင်ချလိုက်သောကြောင့်ပင် ဖြစ်၏။

'မင်းရဲ့လက်ကို သူများ မလိုချင်ဘူး၊ မင်းရဲ့ အရေခွံကိုလဲ သူများ မလိုချင်ဘူး'

ချန်ဖဲ့ဖိ တစ်ဘက်သို့ လှည့်လိုက်၏။

ထိုအချိန်တွင် နန်နန်က ဝေါယာဉ်ထဲမှ ဆင်းလာပြီ ဖြစ်သည်။

လောက်ဖိသည် ယခုတိုင် မတ်တတ်မရပ်ရဲသေးချေ။

နန်နန်က လောက်ဖိထံသို့ လျှောက်သွားပြီး လောက်ဖိကို မေးထူလိုက်၏။

ထို့နောက်....

'ရှင့်ကို ကျေးဇူးအများကြီး တင်ပါတယ်၊ စောစောက ကျွန်မကို ဓားကြီးနှစ်လက်နဲ့ ဝင်ခုတ်မယ်အလုပ်မှာ ရှင်က အသက်ကယ်အပ်နဲ့ ပစ်လိုက်လို့ပေါ့၊ နို့မို့ဆို ကျွန်မ သေပြီ'

လောက်ဖိက နှာခေါင်းကို လက်နှင့် ပွတ်လိုက်၏။

ပြီးမှ....

'ပြီးခဲ့တာ ပြီးသွားပါပြီ၊ ကိစ္စမရှိပါဘူး၊ အမှန်ဆို ငါက ဒီကိစ္စကို ဘယ်သူ့မှ သိစေချင်တာ မဟုတ်ဘူး'

'ရှင်က ပညာတတ်ထားပေမယ့် အသိမခံချင်ဘူး၊ ဒါကို ကျွန်မလဲ ရိပ်မိပါတယ်၊ ဒါပေမယ့် ရှင်က ကျွန်မအသက်ကို ကယ်ခဲ့တာပဲ၊ ကျွန်မအနေနဲ့ ကျေးဇူးတင်စကား မပြောလို့ ဘယ်ဖြစ်ပါ့မလဲ'

နန်းနန်းက ပြောရင်း ပုလဲကုံးတစ်ကုံးကို ထုတ်လိုက်လေသည်။

'အမှတ်တရအနေနဲ့ ဒီဟာလေးကို ယူလိုက်ပါ'

ပုလဲကုံးပေါ်တွင် ပုလဲရှစ်လုံးရှိသည်။

ပုလဲများက အရည်အသွေးကောင်းပြီး အရွယ်အစား တူညီသည်။





လောက်ဖိသည် ပစ္စည်းတန်ဖိုးကိုလည်း နားလည်သူ ဖြစ်သည်၊

ထိုပုလဲကုံးသည် သူ့အတွက် သုံးလတိတိ အားပါးတရ နေထိုင်စားသောက်နိုင်အောင် တန်ဖိုးကြီးသည်။

ရှောက်မာ အတော် အံ့ဩသွားရလေ၏။

လောက်ဖိ ပုလဲကုံးကို ယူ၍ အံ့ဩခြင်း မဟုတ်ပါ။

နန်းနန်း ပြောဆိုခဲ့သော စကားကို ကြား၍ အံ့ဩသွားရခြင်း ဖြစ်၏။

အံ့ဩသွားရသူမှာ ရှောက်မာ တစ်ဦးတည်း မဟုတ်၊

ကျန်းလုံကျီက လောက်ဖိကို ကြည့်လိုက်ပြီးမှ မြေပေါ်မှ အလောင်းနှစ်လောင်းကို ကြည့်လိုက်၏၊

'မင်း ဒီပညာမျိုး ဘယ်က တတ်ထားတာလဲ၊ ဒီလက်နက်မျိုး သုံးတာ တစ်ခါမှ မမြင်ဖူးပါဘူး'

လောက်ဖိက ချောင်းတစ်ချက် ရှင်းလိုက်၏။

'အဟမ်း....'

ထို့နောက် ခေါင်းကို မော့လိုက်ပြီး...

'ဒါက အသိမခံနိုင်တဲ့ လက်နက်ပဲ၊ မိတ်ဆွေတွေကြားမှာ ဘယ်သုံးပါ့မလဲ၊ မသုံးမဖြစ်လို့သာ သုံးလိုက်ရတာ'

'ရှင်ကတော့ တကယ့် မိတ်ဆွေကောင်း ပီသပါတယ်'

နန်းနန်းအာ ပြောရင်း ချန်ဖဲ့ဖိကို တစ်ချက်ကြည့်လိုက်လေသည်။

ချန်ဖဲ့ဖိက အသက်ဖင်းမဲ့သလို ငြိမ်သက်နေ၏။

နန်းနန်းအာ ဆက်၍...

'ငွေတစ်သိန်းလောက်ကတော့ ကျွန်မ ထုတ်ပေးနိုင်ပါတယ်၊ ဒါပေမယ့် ဝင်းလျှံယိရဲ့ တောင်းဆိုချက်ဟာ ဘယ်လိုမှ လက်မခံနိုင်တဲ့ တောင်းဆိုချက် ဖြစ်နေတယ်'

နန်းနန်းအာ ချန်ဖဲ့ဖိအား ကြည့်လိုက်ပြန်၏။

'အခု အတော်မိုးချုပ်နေပြီ၊ ကျွန်မတို့ ရှေ့ဆက်သွားကြရင် ကောင်းမယ်ထင်တယ်'

ချန်ဖဲ့ဖိအာ သဘောတူကြောင်း ခေါင်းညိတ်ပြလိုက်လေသည်။

ရှောက်မာအာ...

'ဘယ်သူ ရှေ့ဆုံးက သွားမှာလဲ'

'မင်းပဲပေါ့'

ချန်ဖဲ့ဖိအာ ပြောလိုက်သည်။

'ခင်ဗျားက နောက်ဆုံး လိုက်မယ်ပေါ့'

'ဟုတ်တယ်'





'ကျွန်းလုံကျိအာ ရော'

'မင်းနဲ့ အဖော်လုပ်ရမှာပေါ့'

ထိုအခါ လောက်ဖိက...

'ငါလဲ ရှောက်မာနဲ့အတူ သွားမယ်'

'မင်း လက်နက်ပုန်းပစ်တဲ့နေရာမှာ ဒါလောက် တော်နေမှတော့ အလယ်မှာပဲ နေဖို့ ကောင်းတယ်'

'ငါ နောက်ဆုံးက လိုက်တာ မဟုတ်ပါဘူး'

လောက်ဖိအာ ပြန်ပြောလိုက်၏။

ချန်ဖဲ့ဖိအာ ပြုံးလိုက်သည်။

ရှောက်မာအာ...

'အကြောင်းတစ်ခုခု ပေါ်လာရင် ဝေါယာဉ် နှစ်စီးကို ဦးစားပေး ကာကွယ်ရမယ်'

'သူတို့အာ ဒါတွေကို...'

ချန်ဖဲ့ဖိ၏ စကားမဆုံးမီမှာပင် လူနှစ်ယောက် မြေကြီးပေါ်မှ ခုန်ထလာသည်။

ထော့စန်းကြောင် မသေသေး။

ရှောက်မာ၏ လက်ချက်ကြောင့် နှာခေါင်းရိုးကျိုးသွားသူ တစ်ယောက်မှာလည်း မသေသေးပါချေ။

ရှောက်မာက ဒေါသကြီးတတ်သူသာ ဖြစ်သည်။

လူသတ်ဝါဒကို အလိုရှိသူတစ်ယောက် မဟုတ်ပါ။

ဝေါယာဉ်ထဲမှ လူမမာက ချောင်းဆိုးလာပြန်၏။

ခုန်ထလာသော လူနှစ်ယောက်သည် ဝေါယာဉ်ဆီသို့ တန်းသွားသည်။

ဝေါယာဉ်ကို ထိန်းသိမ်းနိုင်ပါက အခြားသူများကိုလည်း ထိန်းသိမ်းနိုင်မည် ဖြစ်သည်။

စထော့စန်းကြောင်သည် ရှောက်မာ၏ လက်သီးကို မရှောင်နိုင်ခဲ့ပါ။

သို့သော် သူ၏သိုင်းပညာမှာ မဆိုးလှ။

သူက လက်လျင်မြန်သည့်ပြင် အားကောင်းပါးသူလည်း ဖြစ်၏။

ယခုဆိုလျှင် ရှောက်မာ ကျန်းလုံကျိနှင့် ချန်ဖဲ့ဖိတ္တိသည် ဝေါယာဉ်နှင့် အတော်လှမ်းနေသည်။

ရောက်နေသောလူစုထဲတွင် သူတို့သုံးဦးသာ ကြောက်စရာ ကောင်းနေသည်။

စထော့စန်းကြောင်သည်အခွင့်ကောင်းကို လက်လွှတ်မခံနိုင်။

သူ့လက်ထဲမှဆေးတံသည် သံမဏိဖြင့် ပြုလုပ်ထားသော ဆေးတံဖြစ်၏။





ဆေးတံ၏အိုးသည် လက်သီးဆုပ်ခန့်ကြီးမား၏။

လူတစ်ယောက်၏ဦးခေါင်းကို ထောင်းလည်းကောင်း၊ သွေးကြောကိုထောက်လည်းကောင်း ရိုက်လိုက်ပါက တစ်ချက်တည်းနှင့် သေသွား၏။

သူ့အဖော်သည် ဓားကြီးတစ်လက်ကို တိတ်တဆိတ် ကောက်ကိုင်လိုက်သည်။

ဓားရောင် တစ်ချက် လက်သွားသည်။

ဓားကြီးသည် ဝေါယာဉ်အမိုးပိုင်းကို ခုတ်ပိုင်းလိုက်ခြင်းပင်။

ဓားကြီးက ထက်မြပြီး လေးလံလှသည်။

သစ်ချောင်း အဘယ်မျှကြီးစေကာမူ ခေါင်မိုး ပွင့်ထွက်သွားမည်သာဖြစ်၏။

ထိုအချိန်တွင် ဝေါယာဉ်ထဲမှ လူနာက ပြင်းပြင်းထန်ထန် ချောင်းဆိုးလာသည်။

ရန်သူ့ဓားချက်မှ လွတ်နိုင်စရာ အကြောင်းမရှိပါချေ။

ရှောက်မာနှင့်ချန်ဖဲ့ဖိတ္တိသည် လျင်မြန်ဖျတ်လတ်သူများ ဖြစ်၏။

သို့တိုင် ယခုမှလှုပ်ရှားလျှင် အချိန်မီမည် မဟုတ်ပါချေ။

စထော့စန်းကြောင်သည် တစ်ချက်တည်းနှင့် ကိစ္စပြတ်အောင် လုပ်မည်ဟု အပိုင်တွက်ထားဟန်တူသည်။

သို့သော် သူ့တွက်မှာ မှားယွင်းနေသည်။

ယင်းအချိန်တွင် ဝေါယာဉ်၏အရိပ်ထဲမှ ဓားရောင်နှစ်ချက် လက်လာသည်။

ဓားတစ်လက်သည် ဓေးကြီးကိုင်သူ၏ကိုယ်ပေါ် ကျရောက်သွားသည်။

'အား....'

အော်ညည်းသံတစ်ချက် ထွက်လာပြီး လူတစ်ယောက် လဲကျသွားသည်။

ဓားရောင်တစ်ချက် လက်သွားပြန်သည်။

ထိုဓားသွား ဓားကြီးကိုင်သူ၏ရင်ဘတ်ထဲသို့ စိုက်ဝင်သွားသည်။

ဓားချက် တိကျသည်။

မြန်ဆန်သည်။

ထို့ပြင် ရက်စက်ကြမ်းကြုတ်လှသည်။

ယင်းအချိန်မှာပင် တချွမ်းချွမ်းမြည်သံများ ထွက်ပေါ်လာသည်။

ထေ့စန်းကြောင်သည် သူ၏သံမဏိဆေးတံဖြင့် ဓားသုံးသက်ကို မြန်လည်တိုက်ထုတ်လိုက်သည်။

ထေ့စန်းကြောင်သည် အကောင်းပါးသူဖြစ်၏။

အခြေအနေမဟန်မှန်း သိ၍ ဝေါယာဉ်ပေါ်မှ တစ်သားတန်းကို ခြေဖြင့်အနိုလိုက်ပြီး နောက်ကျွမ်းပစ်လိုက်သည်။

သူသည် ရှောင်ပြေးရန် အစွမ်းကုန်ကြိုးစားသည်။

သို့သော် သူ့အဘွက် အချိန်နှောင်းသွားလေပြီ။

နောက်ကျွမ်း ပစ်လိုက်သောအချိန်မှာပင် ဓားတစ်လက်က သူ့ကိုယ်အောက်ပိုင်းကို ထိုးဖောက် ဝင်ရောက်သွား၏။

ယခုဓားချက်သည် ပို၍တိကျပြီး ပို၍ကြမ်းတမ်းသည်။





'အား....'

ထေ့စန်းကြောင် အသံနက်ကြီးဖြင့် အော်ဟစ် လဲကျသွားသည်။

သူသည် သေသွားသည့်တိုင် သူ့အားဝင်ရောက် တိုက်ခိုက်သူမှာ ချောမောလှပသော မိန်းကလေးတစ်ယောက် ဖြစ်လိမ့်မည်ဟု ထင်လိမ့်မည်မဟုတ်ချေ။

## အခန်း (၂၃)

ခါးတွင် သေနတ်တစ်လက် ချင်းကျလျက်ရှိသည်။

မိန်းကလေးနှစ်ယောက် ပခုံးချင်းယှဉ်၍ ရပ်နေကြသည်။

တို့၏မျက်နှာပေါ်တွင် စည်းထားသော အနက်ရောင်အဝတ်စသည် လေထဲတွင် မသိမသာ လှုပ်ခါနေသည်။

သူတို့၏ခါးကိုင်သေနတ်ကမူ တုတ်တုတ်မျှမလှုပ်။

သူတို့သည် ယခုကဲ့သို့ ဖြစ်သွားသည့်တိုင် တခစ်ခစ်ရယ်နေကြသည်။

လူသတ်သည့်အလုပ်မှာ သူတို့အတွက် အလွန်ပျော်စရာကောင်းနေသည်လားမသိ။

သူတို့သည် ငယ်ရွယ်သူ၊ နုပျိုသူများဖြစ်သည်။





ထို့ကြောင့် အသက်အစ်ချောင်း၏တန်ဖိုးကို သေသေချာချာ နားလည်ပုံမရပါချေ။

သူတို့သည် မိန်းကလေးများဖြစ်၍ သူတို့၏ရယ်သံမှာ ချိုလွင်၍ နားထောင်ကောင်းနေသည်။

ရုပ်ပုံရယ်နည်းလေးလည်း ဆွဲငင်အားကောင်းလှသည်။
ချစ်ဖို့ပဲ သူတို့အား ခပ်တည်တည်ကြည့်ရင်း...
မင်းတို့က ဓားပြည်းပိုကျွမ်းပါလား
မီးပသက် မကုတ်သေးပါဘူး
ကျောင်းကျောင်းက ခပ်ပြုံးပြုံးဖြင့် ပြန်ပြောလိုက်သည်။
ကျူးကြူးက တစ်ချက်မဲ့လိုက်ပြီး...

အပဲပြောပြော ကျွန်မတို့က ရှေ့ကမြောက်မိဘူး၊ သူ့လက်ချက်ကြောင့် ကျွန်မတို့ချက်နှာမှာ ယောင်ကိုင်းဖူးတယ်

ကျောင်းကျောင်းတို့၏ ဟန်ပန်မူယာမှာ ကလေးဆန်ဆန်များနှင့် တူနေသည်။

အသက်အလည်း သိပ်မကြီးလှသေးသည်မဟုတ်၊ အသက်နှစ်ဆယ်ဝန်းကျင်အရွယ်များသာ ရှိကြသေးသည်။

သို့ပါလျက် အလွန်ရက်စက်ကြမ်းကြုတ်ပြီး ပညာသားပါလှသော ဓားပြသားကို ဘာကြောင့် ပိုင်ဆိုင်ထားကြပါသနည်း။

'မင်းတို့ကို ဘယ်သူက သိုင်းပညာသင်ပေးတာလဲ'

ချန်ဖဲ့ဖိက မေးလိုက်သည်။

ထိုအခါ ကျောင်းကြီးက....

'ရှင် သိချင်လေ၊ ကျွန်မက မပြောချင်လေပဲ'

ကျင်းကျင်းက တခစ်ခစ်ရယ်သည်။ ပြီး....

'ရှင်က ချောက်မထက်တောင် ပိုတော်တယ်လို့ ပြောသံကြားတယ်၊ ဒါတောင် ကျွန်မတို့ရဲ့ ဇစ်မြစ်ကို မမှန်းနိုင်ဘူးလား'

ချန်ဖဲ့ဖိသည် တစ်ချက်ပြုံးလိုက်ပြီး မိန်းကလေးထံသို့လျှင်မြန်စွာရောက်သွားသည်။

အစ်ချိန်တည်းမှာပင် မိန်းကလေးထံမှ ဓားကို လုယူရန်ကြိုးစားလိုက်သည်။

သိုင်းပညာကို အသုံးပြုပြီး ဖမ်းချုပ်နည်း ခုနစ်ဆယ့်နှစ်မျိုး သိုင်းပညာကိုပါ ရောနှောသုံးစွဲလိုက်သည်။

မိန်းကလေးတို့က တခစ်ခစ်ရင်း ရင်ကိုကော့လိုက်ကြသည်။

ထိုအခါ ဓားနှစ်လက်ကို နောက်ကျောတွင် ဝှက်ထားကဲ့သို့ ဖြစ်သည်။

ချန်ဖဲ့ဖိသည် ဓားကို ဖမ်းကိုင်နိုင်ခြင်းမရှိ။

မိန်းကလေးတို့၏ရင်ဘတ်ကို ထိလုမတတ်ဖြစ်သွား၏။





ကျင်းကျင်းက ပြုံးလျက်....

'ကျွန်မတို့ပိုင်တဲ့ဓားကို ဘာဖြစ်လို့လုချင်ရတာလဲ'

ကျောင်းကြီးကလည်း....

'လူကြီးဖြစ်နေတာတောင် ကောင်မလေးသီဖဓားကို လုချင်တယ်၊ ရှက်လဲမရှက်ဘူး'

ထိုအခါ....

ကျင်းကျင်းက...

'ရှင့်အကြောင်း ကျွန်မသိပ်ရှက်တယ်၊ တကယ့်ကို ရှက်စရာကြီးပဲ'

ချန်ဖဲ့ဖိ ရှက်သည်းရှက်၊ ဒေါသလည်း ထွက်သွားရတော့သည်။

သို့သော်....

သူကဘာမှမပြော မိန်းကလေးနှစ်ယောက်ကိုသာ ကြည့်နေသည်။

ထိုအချိန်မှာပင်....

မိန်းကလေးနှစ်ယောက်က ကိုယ်ကိုလှည့်လိုက်ရင်း၊ ချန်ဖဲ့ဖိအား ဓားဖြင့်လှမ်းထိုးလိုက်သည်။

ချန်ဖဲ့ဖိက ဓားကိုလုယူရန်မကြိုးစား ဓားချက်မထိမှန်အောင်သာ ရှောင်ထွက်လိုက်သည်။

သို့သော်....

မိန်းကလေးနှစ်ယောက်က မကျေနပ်နိုင်။

ချန်ဖဲ့ဖိုအား ညှပ်ပူးညှပ်ပိတ် ဝင်ရောက်တိုက်ခိုက်ကြလေသည်။

မျက်စိတစ်မှိတ် လျှပ်တစ်ပြက်အတွင်းမှာပင် ဓားချက် သုံးချက် ထိုးသွင်းခဲ့သည်။

ဓားချက်သုံးချက်က သွက်လက်မြန်ဆန်လှသည်။

ထို့အပြင်....

ပညာသားပါလှ၏။

တတိယဓားချက်သည် ချန်ဖဲ့ဖိုရင်ဝကို ဖောက်မိမတတ် ဖြစ်သွားသည်။

ချန်ဖဲ့ဖိုက ကိုယ်ကိုတစ်ချက်စောင်းလိုက်သည်။

ထိုအခါ....

ဓားနှစ်လက်သည် သူ့ချိုင်းအောက်မှပင် ညှပ်မိလျက်သား ဖြစ်သွားသည်။

ချန်ဖဲ့ဖို၏ လုပ်ပုံကိုင်ပုံမှာ အန္တရာယ်များလှသည်။

ကျင်းကျင်းက ဓားကိုပြန်ဆွဲနုတ်သည်။

သို့သော်....





နုတ်၍မရ။

ကျင်းကျင်းမျက်နှာ ငိုမဲ့မဲ့ဖြစ်လာသည်။

ကျင်းကြူးက ပို၍ဆိုးသည်။

မျက်ရည်များပင် စီးကျလာသည်။

သို့သော်....

မိန်းကလေးနှစ်ယောက်က ဓားကိုဆွဲယူရန် ကြိုးစားနေပြန်သည်။

ချန်ဖဲ့ဖိုက လက်နှစ်ဘက်ကိုခွာလိုက်ရာ မိန်းကလေး နှစ်ယောက် အရှိန်လွန်ပြီး နောက်သို့ဖင်ထိုင်လျက်လဲကျသွားတော့သည်။

နှစ်ဦးစလုံးမှာ ပြန်မထတော့ပေ။

'လူကြီးက ကလေးကိုအနိုင်ကျင့်တယ်၊ ရှက်ဖို့သိပ်ကောင်းတယ်'

ကျင်းကျင်းက ငိုသံပါဖြင့်ပြောသည်။

'ဟုတ်တယ်၊ သိပ်ရှက်ဖို့ကောင်းတယ်'

ကျင်းကြူးကလည်း ပြောလိုက်ပြန်သည်။

ထိုစဉ်....

ဝေါယာဉ်ထဲမှ ချောင်းဟန့်သံထွက်ပေါ်လာသည်။

ချောင်းဟန့်သံပေ်သွားပြီးနောက်....

'တိတ်စမ်း'

စကားတစ်ခွန်းမျှပြောလိုက်သော်လည်း ထိုလူ အတော် မောပန်းသွားပုံရသည်။

သို့သော်...

သူ၏ဩဇာမှာကား အလွန်ညောင်းသည်။

ထိရောက်မှုရှိလှ၏။

ထိုအသံကိုကြားလျှင် မိန်းကလေးနှစ်ယောက် ငိုသံလည်း တိတ်၊ စကားသံလည်းတိတ်သွားကြပြီး နေရာမှထရပ်လိုက်ကြသည်။

ချုန်ဖဲ့ဖိုက နေရာတွင်ရပ်နေဆဲပင်။

သူသည် စင်းယန်ကို မျက်တောင်မခတ်စိုက်ကြည့်နေသော်လည်း ဘာမှမမြင်ရပါချေ။

ဝေါယာဉ်ပေါ်မှလူက မနားတမ်း ချောင်းဆိုးနေပြန်သည်။

ထိုသူသည် မည်သူနည်း။
မည်သည့်ရောဂါ စွဲကပ်နေသနည်း။
သိချင်သော်လည်း ချုန်ဖဲ့ဖိုက မမေးတော့ပါ။





နောက်သို့ပြန်လှည့်ထွက်သွားသည်။

ရှောက်မာနှင့် ကျန်းလုံကျိတို့က ချုန်ဖဲ့ဖိုကို စောင့်မျှော်လျက်နေဆဲပင်။

'သူတို့ရဲ့ဓားပညာက ဘယ်သူ့ဆီက သင်လာတယ်ဆိုတာ မှန်းလို့ရသလား'

ရှောက်မာက ဆီး၍မေးလိုက်သည်။
ချုန်ဖဲ့ဖိုက ပါးစပ်ပိတ်ထားသည်။
အတန်ကြာမှ....

'ငါမှန်းလို့မရသေးဘူး'

ထိုအခါ...

ရှောက်မာက....

'မှန်းဖို့မပြောနဲ့ ဒီဓားပညာမျိုးရှိမှန်းတောင် မသိသေးဘူး၊ မြင်လဲမမြင်ဖူးသေးဘူး'

'ဝူတန်ဓားသိုင်းတော့ မဟုတ်ပါဘူး'

ကျန်းလုံကျိ ပြောသည်။

'ဘယ်ဟုတ်မလဲ'

'တင်ချီခန်း၊ ခွန်းလွန်း၊ နန်ဟိုင်၊ ဝမ်းစန်းစူတို့အဖွဲ့တွေရဲ့ ဓားသိုင်းတော့ မဖြစ်နိုင်ဘူးလား'

ကျန်းလုံကျီက မေးပြန်သည်။

ရှောက်မာက...

'အပိုတွေပြောမနေနဲ့'

ကျန်းလုံကျီ၏မေးခွန်းမှာ အပိုစကားများ ဖြစ်နေတော့သည်။

အကြောင်းအား....
သူပြောသည့်အဖွဲ့မှန်သမျှ သိနေသည်။
'အပိုစကားမဟုတ်ဘူးနော်'

'ဘာဖြစ်လို့လဲ'
ရှောက်မာက ပြန်မေးလိုက်သည်။
ကျန်းလုံကျီက....

'တို့တောင်မမြင်ဖူးဘူးဆိုရင် တခြားသူလဲမြင်ဖူးမှာ မဟုတ်ဘူး၊ ဒီပညာမျိုး သိုင်းလောကမှာ တစ်ခါမှမပေါ်ဖူးဘူးလို့ ပြောမယ်ဆိုလဲရတာပဲ၊ ခက်တာက ဒီပညာမျိုးက အခုမှ ပေါ်လာတဲ့ ပညာဆိုရင်လဲ ဒီလောက်အထိအစွမ်းထက်မျှင်မှ ထက်မယ်၊ နှစ်ပေါင်းတော်တော်ကြာကတည်းက တွေ့ခဲ့တဲ့ပညာလို့ဆိုရင် ပိုပြီးနီးစပ်မယ်'

'ဟုတ်တယ်'





ရှောက်မာက ထောက်ခံလိုက်သည်။
ကျန်းလုံကျီက ဆက်၍ပြောသည်။

'ဒီပညာမျိုးသင်ပေးတဲ့သူဟာ ထိပ်သီးသိုင်းပညာရှင်ပဲဖြစ်ရမယ်'

'ဒါပေါ့'

'သိုင်းလောကမှာ ထင်ထင်ပေါ်ပေါ်မလှုပ်ရှားဘူးတဲ့ ထိပ်သီး သိုင်းပညာရှင် ဘယ်နှစ်ယောက်ရှိသလဲ'

'များများစားစားရှိမှာ မဟုတ်ဘူး'

'ဒါကြောင့် သေသေချာချာစဉ်းစားလိုက်ရင် အဖြေပေါ်လာမှာပဲ'

ကျန်းလုံကျီက မှတ်ချက်ချလိုက်သည်။
ထိုအချိန်တွင်....
နန်းနန်းက ဝေါယာဉ်ထဲပြန်ဝင်သွားပြီဖြစ်သည်။

လောက်ဖိ၊ ရှမ်းရှမ်းနှင့်မိန်းကလေးနှစ်ယောက်က ခပ်ဝေးဝေးတွင် ရပ်နေကြသည်။
ကျန်းလုံကျီက နှစ်ကိုယ်ကြားအသံဖြင့် စကားဆက်လေသည်။

'အသက်ခြေအပ်နဲ့ ပစ်လိုက်တဲ့လူဟာ လောက်ဖိမဟုတ်ဖို့များတယ်'

ရှောက်မာက ခေါင်းညိတ်လိုက်သည်။

'လောက်ဖို ချော်လဲရောက်ဝင်လုပ်မှာပဲဆိုပြီး နန်းနန်းက တမင် ဆက်ဆက်ပြောလိုက်တာ ဖြစ်ရမယ်'

ရှောက်မာက ပြုံးလိုက်သည်။

'ဒါမျိုးကျတော့ လောက်ဖိုက သူလုပ်တာမဟုတ်ဘူးလို့ ဘယ်ပြောပါ့မလဲ၊ တခြားကိစ္စဆိုရင် သူလုပ်တာတောင် သူ့အ ဘူးကွယ်မှာ'

'လက်နက်ပုန်းနဲ့ ပစ်လိုက်တဲ့သူက ဘယ်သူ ဖြစ်နိုင်သလဲ'

ကျန်းလုံကျိုမေးသည်။

ရှောက်မာက ဘာမှ ပြန်မပြော။

'နန်းနန်းက ဘာဖြစ်လို့ လောက်ဖိုလုပ်တာကို ပြောလိုက်တာလဲ၊ နောက်တစ်ချက်က ဘာဖြစ်လို့ အဖိုးတန်တဲ့ ပုလဲလုံးကို ထုတ်ပေးတာလဲ၊ ဒီပုလဲလုံးက အနည်းဆုံး နှစ်ရာသုံးရာတန်တယ်'

ကျန်းလုံကျိုက ဆက်ပြောသည်။

'နှစ်ရာဘယ်ကမလဲ၊ နှစ်ထောင်သုံးထောင်တန်တယ်'

ရှောက်မာကပြောသည်။

'သူ ဘာကြောင့် ဒီလိုလုပ်ရတာလဲ၊ သူ့မျက်စိက ချို့ယွင်းချက် ရှိနေလို့လား၊ လူကတော့ မှားနေသလား'





'သူ့မျက်စိ ချို့ယွင်းချက် မရှိဘူးဆိုတာ ငါပြောခဲ့တယ်'

ရှောက်မာက ပြောလိုက်သည်။

'ဒါဆိုရင် လက်နက်ပုန်းပစ်တဲ့သူဟာ နန်းနန်းကိုယ်တိုင်ပဲ ဖြစ်ဖို့များတယ်၊ သူ့အကြောင်းကို ဖုံးကွယ်ချင်တာနဲ့ လောက်ဖိုကို လွှဲချထားတာဖြစ်မယ်'

'ဟုတ်တယ် ဖြစ်နိုင်တယ်'

'ဟိုကောင်မလေးနှစ်ယောက်ကို ပညာသင်ပေးတဲ့သူဟာလဲ နန်းနန်းဖြစ်ဖို့များတယ်'

'ဟုတ်တယ်'

'ခက်တာက နန်းနန်းဟာ ဘာဖြစ်လို့ ကိုယ့်ကိုယ်ကို ဖုံးကွယ်ထားရတာလဲ၊ ဝိုင်းပညာတတ်တယ်ဆိုတာ သိက္ခာကျစရာမှ မဟုတ်တာဘဲ'

ကျန်းလုံကျိုက နားမလည်ဟန်နှင့် ပြောလိုက်သည်။

ရှောက်မာက ကျန်းလုံကျိုကို အကဲခတ်လိုက်သည်။ အတန်ကြာမှ....

'ကျုပ်တစ်ခုမေးချင်တယ်၊ နန်းနန်း ဘာပဲလုပ်လုပ် ခင်ဗျားနဲ့ ဘာဆိုင်သလဲ'

ကျန်းလုံကျိုက ဘာမှ ဆက်မပြောဘဲ ချာခနဲ လှည့်ထွက်သွားသည်။

ရွှောက်မက ချန်ပဲ့ဖိဘက်သို့ လှည့်ကြည့်လိုက်သည်။

ချန်ပဲ့ဖိမျက်နှာက ခပ်တည်တည်ဖြစ်နေသဲပင်။
သွားကြစို့'

ဟုဆာ ချန်ပဲ့ဖိကပြောသည်။



## အခန်း (၂၄)

ညဉ့်နက်နေပြီဖြစ်သည်။
လမ်းက ပို၍ကြမ်းလာသည်။
ပို၍ မတ်လာသည်။
မြင်ကြီးလည်း ခဲရာခဲဆစ် လျှောက်နေရသည်။
ရှမ်းရှမ်းနှင့် ကျင်းကျင်းတို့ညီအစ်မသည် တစ်လုံးလိုလိုပင် ဝေါယဉ်နောက်မှ လိုက်လာကြသည်။
လောက်ဖိက သူတို့နှင့် စကားပြောချင်ပုံရသည်။
သူတို့နောက်မှာ လိုက်ပါလာသည်။
လောက်ဖိကို မကိုစ္စတွင် ဝါသနာပါသူအဖြစ် သတ်မှတ်ထားကြသည်။
ရွှောက်မာက နန်နန်အကြောင်း စဉ်းစားနေသည်။

နန်းနန်းလုပ်ခဲ့သည့် ကိစ္စသည် ကျန်းလုံကျော်နှင့် လုံးဝမဆိုင်သော်လည်း သူနှင့်မူ တစ်နည်းနည်း ဆက်သွယ်နေသည်ဟု တွေးမိသည်။

နန်းနန်းသည် သိုင်းပညာ တတ်ထားသည်ကို အဘယ့်ကြောင့် ဖုံးကွယ်ထားခဲ့သနည်း။

သူမ တစ်ယောက်တည်း မည်သည့်ရောဂါမျိုး ရသွားခဲ့သနည်း။

အဘယ့်ကြောင့် လူတစ်ဦးထဲကသာလျှင် ထိုရောဂါကို ကုပေးနိုင်ခဲ့သနည်း။

သူမ၏ မောင်သည် မည်သည့်လူစားမျိုး ဖြစ်လေသနည်း။

အဘယ့်ကြောင့် မျက်နှာမပြခဲ့သနည်း။

ရှောက်မာ ဆက်မစဉ်းစားတော့ပါ။

လူသုံးယောက် ရှေ့ဘက်မှ လျှောက်လာသည်ကို မြင်တွေ့လိုက်ရသောကြောင့် ဖြစ်၏။

ညဉ့်နက်နေပြီ ဖြစ်သည်။

သို့သော် လရောင်က ရှိနေသည်။

ထိုလူသုံးယောက်ကို လရောင်ဖြင့် လှမ်းမြင်နေရသည်။

လူသုံးယောက်ဆိုသည်မှာ အမျိုးသားတစ်ယောက်နှင့် အမျိုးသမီးနှစ်ယောက်ဖြစ်သည်။





အမျိုးသားက ခြေညှပ်ဖိနပ် စီးထားသည်။

ဆံပင်များ ဘုတ်သိုက်ဖြစ်နေသည်။

အမျိုးသမီးငယ်နှစ်ဦးက ထိုသူ၏ လက်များကို တစ်ဘက်တစ်ချက်မှ တွဲကိုင်ထားသည်။

ထိုသူ ထွက်ပြေးမည်စိုး၍ ဆုပ်ကိုင်ထားသကဲ့သို့ ဖြစ်နေလေသည်။

အမျိုးသမီးငယ်နှစ်ယောက်က လှလည်းလှသည်။

အသက်လည်းငယ်သည်။

အမျိုးသမီးငယ်နှစ်ဦး၏ ဝတ်ပုံစားပုံမှာ ရိုးရိုးယဉ်ယဉ်လေးဖြစ်သည်။

တစ်ယောက်က ဂါဝန်ရှည်ကို ဝတ်ဆင်ထားသည်။
ဂါဝန်တစ်ဖက်တစ်ချက်တွင် အနားခွဲထားသည်။
ထို့ကြောင့်....

လမ်းလျှောက်ရာတွင် ပေါင်တံ မကြာခဏ ပေါ်လာလေသည်။

သူမ၏ ပေါင်တံက ဖွေးဝင်းနေသည်။
ရှည်သွယ်သည်။
အသားကျစ်လစ်သည်။

ရှောက်မာ ထိုမျှ ဆွဲဆောင်အားကောင်းသော ပေါင်တံအလှကို တစ်ခါမှ မမြင်ပါချေ။

အခြားတစ်ယောက်က ပေါင်တံပေါ်သော်လည်း ရင်တိုက်အင်္ကျီဝတ်ထား၍ ရင်သား မပေါ်တပေါ်ဖြစ်နေသည်။

နှစ်ယောက်စလုံးပင် လောကကြီးကို ထီမထင်ဟန်မျိုး ပေါက်နေသည်။

ဤနေရာသည် စံပုလွှေတောင်ဖြစ်သည်။

သို့သော်....

ရင်းတို့သုံးဦးစလုံးပင် ကိုယ်ပိုင်ခြံဝင်းထဲတွင် လမ်းလျှောက်နေသကဲ့သို့ ဖြစ်နေသည်။

ရှောက်မာအား သူတို့ကို လှမ်းကြည့်နေသကဲ့သို့ သူတို့လည်း ရှောက်မာကို လှမ်းကြည့်နေသည်။

အထူးသဖြင့် ပေါင်တံလှသော မိန်းကလေးက ရှောက်မာကို တစ်ချိန်လုံးကြည့်နေသည်။

ရှောက်မာ မျက်နှာကို လွှဲထားလိုက်သည်။

သူသည် သူတို့ကို ကြောက်၍ မဟုတ်ပါ။
ထို့ပြင် မကိစ္စနှင့်ပတ်သက်၍ ရှင်းလင်းသောသူတစ်ယောက် လည်း မဟုတ်ပါ။





ယခုကဲ့သို့ မျက်နှာလွှဲထားခြင်းမှာ ထင်းဆိုင်မှ အဘွားကြီး ပြောခဲ့သည့်စကားကို သတိရမိသောကြောင့် ဖြစ်သည်။

စံပုလွှေတောင်ပေါ်တွင် ရှင်ပျော်ပျော် စံပုလွှေ သို့မဟုတ် သိုက်မတော်ပါသော ဝံပုလွှေရှိသည် မဟုတ်ပါလား။

သူတို့သည် တစ်ခါတစ်ရံ လူသတ်သည်။

တစ်ခါတစ်ရံ ကူညီတတ်သည်။

တစ်ခါတစ်ရံ ပျော်ပါးတတ်သည်။

အရေးကြီးသည်မှာ သူတို့နှင့် ကင်းကင်းရှင်းရှင်းနေလျှင် သူတို့က မည်သူ့ကိုမျှ ရန်ရှာမည် မဟုတ်ပါချေ။

ရှောက်မာ လုံးဝပြဿနာ မတက်ချင်ပါ။

ဤနေရာတွင်တော့ ထိန်းရမည်။

သူတို့ကလည်း ရှောက်မာကို ရန်မရှာပါ။

အခြားသူများကိုလည်း မကြည့်ပါ။

သူတို့သုံးဦးသည် လက်ချင်းချိတ်လျက် အနီးရှိတောတန်းထဲသို့ ဝင်သွားကြသည်။

လောက်ဖီသည် ပေါင်တံလှသော အမျိုးသမီးငယ်ကို အငမ်းမရ ကြည့်လိုက်သည်။

အလယ်မှ အမျိုးသားက လောက်ဖိကို မျက်နှာတင်းတင်းဖြင့် လှမ်းကြည့်သဖြင့် လောက်ဖိ ရင်ထိတ်သွားရ၏။

ပေါင်တံလှသော မိန်းကလေးက လောက်ဖိကို ပြုံးပြုံးကလေး ပြန်ကြည့်သည်။

လောက်ဖိ စိတ်လှုပ်ရှားသွားရသည်။

သူတို့သုံးဦးသည် ဧတာဘန်းထဲသို့ ဝင်ရောက်ပျောက်ကွယ်သွားကြသည်။

ထိုအချိန်မှာပင် အနက်ရောင် ဝတ်ဆင်ထားသော လူတစ်စုတို့က လမ်းတစ်ဘက်တစ်ချက်မှ ထွက်ပေါ်လာ၏။

စုစုပေါင်း လူသုံးဆယ်လောက် ရှိမည်ဟု ခန့်မှန်းရလေသည်။



## အခန်း (၂၇)

ညဥ့်စံပုလွေမျာ‌း လာနေပြီဖြစ်သည်။

ညဥ့်ငံပုလွေမျာ‌းမှာ အမှောင်ထဲတွင်သာ ပေါ်လာတတ်သည်ဖြစ်၍ ပိုကြောက်စရာကောင်းသည်။

အမှောင်ထဲတွင်သာ လှုပ်ရှားခဲ့ရသူသည် လူမြင် မခံနိုင်သော အကြောင်းတစ်ခုခု ရှိမည်သာ ဖြစ်၏။

သူတို့သည် အနက်ရောင်ဗတ်စုံကို ဝတ်ဆင်ထားကြသည်။ စီးထားသည့်ဖိနပ်သလည်း အနက်။

ထိုပြင် မျက်နှာတွင် တပ်ဆင်ထားသော အသားစကလည်း အနက်ရောင်ပင်ဖြစ်သည်။

အားလုံး ဝံပုလွေကဲ့သို့သော မျက်လုံးမျိုးပိုင်ဆိုင်ထားကြသည်။

အားလုံးမှာ လျှင်မြန်ဖျတ်လတ်ကြသည်။

နောက်ဆုံး လျှောက်ထွက်လာသူမှာ တော့ကျူ ဖြစ်သည်။

ထိုသူ၏ လမ်းလျှောက်ပုံ ဝ နေးကွေးခြင်း

ယင်းလူစုထဲတွင် အနှေးကွေးဆုံးဖြစ်၏။

သို့သော်...

ထိုလူ၏ မျက်နှာသည် အထူးပင် တင်းမာ ခက်ထန်နေသည်။

ထိုသူ ရောက်သည်နှင့် အခြားသူများ ချက်ချင်း တင်းမာသွားသလားမှတ်ရသည်။

ရှေ့က ဦးဆောင်သော လူစုသည် အပတ်နိုင်ဆုံး စုံရှုံးများကိုပြုဖြစ်သည်။

သောက်ဖိသည် မြေးပေါက်ရှာနေဟန်တူသည်။

မျက်လုံးက ဂဏှာပြိမ်ဘဲ ဟိုကြည့်သည်ကြည့် လုပ်နေသည်။

တော့ကျူးသည် ကြည်ချောင်းရှင်းသည့်အနေဖြင့် ချောင်းနှင်ချက် ဟန့်လိုက်သည်။

အားလုံးက တော့ကျူးအား တော့မည်ဟု ထင်နေကြသည်။

သို့သော်...





ချောင်းဟန့်သံ ထွက်ပေါ်လာသည်နှင့် လက်နက်မျိုးစုံ၊ လက်နက်ပုန်း မျိုးစုံတို့က ရှောက်မာတို့ကို ဝင်ဆောက်တိုက်ခိုက်လာကြသည်။

လက်နက်တို့က စုံလင်လှသည်။

ဓားရှည်၊ ဓားမကြီး၊ လှံ၊ တုတ်ရှည်၊ လှံချွန် နှင့် လေးမြားအပြင် အိပ်မွေ့ချခသော ဆေးမှုန့်တို့လည်း ပါရှိလေသည်။

ဝှစ် ဝှစ် ဝှစ်

ဝီ ဝီ ဝီ

ရှပ်... ရှပ်... ရှပ်

သိုင်းလောကတွင် ရှိရှိသမျှ လက်နက်များ ထိုနေရာတွင် တစ်ပြိုင်တည်း ထွက်ပေါ်လာသည်ဟု ဆိုနိုင်၏။

သူတို့၏ ပစ်မှတ်က လူတစ်ဘက်သား၏ အရိုက်နေရာပင် ဖြစ်သည်။

ထိမှန်ပါက လူကို အသက်မသေသည့်တိုင် တစ်သက်လုံး ဒုက္ခရောက်သွားနိုင်၏။

- ကံကောင်းသည်မှာ ထိုလူစုထဲတွင် အဆင့်မြင့် သိုင်းသမားများများစားစား မပါရှိခြင်းပင်။

ကျင်းကျင်းတို့ ညီအစ်မက ခေါ်းများကို ဝှေ့ယမ်း၍ ရန်သူတို့နှင့် ယှဉ်ပြိုင်တိုက်ခိုက်ကြသည်။

'ချွမ်း....ချွမ်း....ချွမ်း'

'ထန်း....ထန်း....ထန်း'

ရှမ်းရှမ်းကလည်း ခါးတွင်ပတ်ထား သည့် ဓားပျော့ကိုထုတ်ပြီး ရန်သူတို့ကို လက်တုံ့ပြန်သည်။

'ချွမ်း... ထန်း....ထန်း'

ပတ်ဝန်းကျင်တွင် ဓားချင်းထိခတ်သံတို့ ညံသွား၏။

မီးပွားမီးပွင့်တို့လည်း ပြန့်ကြဲနေ၏။

ရှောက်မှာသည် ဆေးမှုန့်သုံးသည့် လူနှစ်ဦးထံသို့ ပြေးဝင်သွားပြီးလက်သီးနှစ်လုံးပစ်သွင်းလိုက်သည်။

'ခွပ်....ခွပ်'

'ရန်သူ နှစ်ဦးစလုံးသည် နှာခေါင်းရိုး ကြေမွသွားပြီး မချိမဆန့် အော်ညည်းပြီး လဲကျသွားသည်။

ချန်ဖဲ့ဖိကလည်း သွက်လက်လျင်မြန်စွာ လှုပ်ရှားနေလေသည်။

ဝင်လာသမျှ ရန်သူတို့၏လက်နက်ကို ရှောင်တိမ်းပြီး အလဲထိုးပစ်နေသည်။





'ခွပ်....'

'အင့်'

'ဒုတ်'

'အား'

သို့သော်....

လက်နက်မျိုးစုံကိုင်ဆောင်ထားသည့် ရန်သူတို့သည် လှိုင်းတံပိုးကဲ့သို့ တလိမ့်လိမ့် လှိမ့်ဝင်နေဆဲပင်။

ဓားသွားတို့ပေါ်မှ လွင့်ထွက်သွားသော သွေးစက်တို့သည် လရောင်အောက်တွင် ဝင်းလက်သွားသလား ထင်မှတ်ရသည်။

'ချွင်'

'ထန်း'

'အား'

ကျင်းကျင်းတို့က လက်ရည်သာသော်လည်း မိန်းမသားများ ဖြစ်ကြသည်။

အချိန်ကြာသောအခါ မောဟိုက်လာကြသည်။

လောက်ဖိတွင် ဒဏ်ရာရထားသလား မသိ။

မကြာခဏ အော်နေသည်။

ရှောက်မာနှင့် ကျန်းလုံကျိတို့ကမူ လူမမာနှင့် နန်းနန်းရှိနေသည့် ဝေါယာဉ်ကို ကာကွယ်ထားလိုက်ကြသည်။

ဝေါထမ်းလာသူတို့က သံတုတ်ဖြင့် ရန်သူတို့ကို လိုက်ရိုက်သည်။

'ခွပ်'
'အား'
'ချွမ်း'
'ထန်း'
'အိုး'

ဝေါထမ်းလာသူများသည် ရန်သူအချို့ကို သုတ်သင်နိုင်ခဲ့သော်လည်း သူတို့ကိုယ်တိုင် ဒဏ်ရာရလာသည်။

'လူဆိုးခေါင်းဆောင်ကို အလျင်ဖမ်း'

ကျန်းလုံကျိက အော်ပြောလိုက်သည်။

ကျန်းလုံကျိတို့ သုံးသည့်လက်နက်သည် ထူးဆန်းသည့် လက်နက်မျိုးဖြစ်သည်။

ဖိနပ်ချုပ်သမား သားရေလွှီးဖြတ်နေသကဲ့သို့ သူ့ဓားချက် ဝှေ့ယမ်းလိုက်တိုင်း ရန်သူတစ်ဦး အသားပါသွားသည်။

'ဝှစ်...ဝှစ်'





'အား'
'အီး'
'ထော့ကျိုးကြီးကို အလျင်ရှင်းပစ်လိုက်၊ ကြားလား'
ရှောက်မာက ရန်သူတို့ကို တိုက်ခိုက်ရင်း အော်ပြောလိုက်သည်။
'ကြားတယ်ဟေ့'

ကျန်းလုံကျိကလည်း ရန်သူတို့ကို ရှင်းရင်း ပြန်အော်လိုက်သည်။

'နောက်ပြန်ဆုတ်'

ထော့ကျိုးကြီးက သူ့လူများကို အမိန့်ပေးလိုက်သည်။

သူ့အသံ ဆုံးသည်နှင့် သူ့လူများ ရိပ်ခနဲ ရိပ်ခနဲ ပျောက်ကွယ်သွားတော့၏။

ထော့ကျိုးကြီးကိုလည်း မမြင်ရတော့။

စောစောက အကြမ်းပတမ်း တိုက်ခိုက်ခဲ့သည့် စစ်တလင်းသည် ရုတ်ခြည်းပြန်သည့် အေးချမ်းငြိမ်သက်သွားသည်။

မြေပေါ်တွင် လဲကျနေသည့်သူများ မရှိပါက ဤနေရာတွင် ရန်ပွဲဖြစ်ခဲ့သည်ဟု ထင်မှတ်စရာမရှိတော့ပေ။

ရှမ်းရှမ်းနှင့် ကျင်းကျင်းတို့ ညီအစ်မသည် ပင်ပန်းနွမ်းလျ နေသည်။

သူတို့သည် သွေးများအိုင်ထွန်းနေသော မြေပေါ်တွင် ထိုင်ချလိုက်သည်။

လောက်ဖိုးက ပို၍ဆိုးသည်။

တစ်ကိုယ်လုံး ပျော့ခွေပြီး မြေပေါ်သို့ ခြေပစ်လက်ပစ်လှဲချလိုက်သည်။

'သူတို့ သွားကုန်ကြပြီလား'
နန်းနန်းက ဝေါယာဉ်ထဲမှ လှမ်းမေးသည်။
'ဟုတ်တယ်'
ရှောက်မာက ပြောသည်။
'ကျွန်မတို့ထဲက လူဘယ်နှစ်ယောက် ဒဏ်ရာရသွားသလဲ'
'သုံးယောက်'
ချန်ဖဲ့ဖိုက ဝင်ပြောသည်။

ဒဏ်ရာရသော လူသုံးဦးတွင် ကျောင်းကျောင်းလည်း ပါဝင်နေသည်။

ကျန်နှစ်ဦးက အထမ်းသမားများဖြစ်သည်။

လောက်ဖိုသည် တစ်ချိန်လုံး အော်ဟစ်နေခဲ့သော်လည်း ဒဏ်ရာတစ်ချက် မရခဲ့။

'ဒီမှာ ဆေးရှိတယ်၊ သူတို့ကို သွားပေးလိုက်ပါ'
နန်းနန်းက ပြောရင်း လက်တစ်ဘက်ကို ဝေါယာဉ် အပြင်ဘက်သို့ ဆန့်ထုတ်ကာ ဆေးပုလင်းကို ပေးသည်။





သူမလက်သည် ကျောက်ဖြူသက် ပြောင်ချောနေသည်။

ရှောက်မာက ဆေးပုလင်းကို လှမ်းယူမည် ပြုသည်။

နန်းနန်းက ရှောက်မာ၏လက်ကို ညင်သာစွာ ဆုပ်ကိုင်လိုက်သည်။

သူမ၏ အပြုအမူကြောင့် ရှောက်မာ ရင်ထဲတွင် နွေးထွေးသွားရသော ပီတိများ ဖြာဝေသွားရသည်။

စွန့်စားရကျိုးနပ်ပြီ ပင်ပန်းရကျိုး နပ်ပြီဟု ရှောက်မာ ထင်မိသည်။

လောလောဆယ်လည်း အမောပြေသွားရသည်။
သူမသည် ရှောက်မာ၏ ခံစားချက်ကို သိနေသလိုပင်။
သူမက ရှောက်မာကို ခပ်တိုးတိုး ကပ်ပြောသည်။
'ရှင့်ကိုတော့ ကျေးဇူးတင်စရာ မလိုတော့ဘူးနော်၊ ကျွန်မအစား ရှင့်လူတွေကိုတော့ ကျေးဇူးတင်လိုက်ပါ'
'ကောင်းပါပြီ'
ရှောက်မာ ကျေနပ်စွာ ပြောလိုက်သည်။

## အခန်း (၂၆)

နန်းနန်းသည် ရှောက်မာကို ကျေးဇူးမတင်ပါ။

သူမအစား ရှောက်မာကို ကျေးဇူးတင်ခိုင်းလိုက်၏။

ဤသည်မှာ အကြောင်းရှိ၏။

အကြောင်းမှာ နန်းနန်း အနေဖြင့် ရှောက်မာကို ကျေးဇူးတင်စရာ မလိုသောကြောင့်ပင် ဖြစ်သည်။

သူတို့နှစ်ယောက် ကျေးဇူးတင်စကား ပြောစရာ မလိုအပ်တော့အောင် တစ်သားတည်းကျနေသည့် သဘောပင်။

ရှောက်မာကလည်း နန်းနန်းသဘောကို နားလည်သည်။

ခြေသံလုံးအိမ်တို့ အမားသည် မေတ္တာစစ် မေတ္တာမှန်ကို ခံစားရပါက အဘယ်သို့ ရှိလေမည်နည်း။





ထိုမေတ္တာကို တစ်သက်လုံး မမေ့ပျောက်နေ၍ ရမည်မဟုတ်တော့ပါ။

နွေးထွေးတမ်းတစွာ ပျော်နေမည်သာ ဖြစ်လေသည်။

■ ■ ■

ပြည့်ဝိုင်းသော လမင်းသည် တောင်းကောင်ထက်တွင် ထိန်သာနေဆဲပင်။

လရောင်သည် သွေးအိုင်ထွန်းသော စစ်ဆလင်းပေါ်သို့ဖြာဆင်းလာသည်။

ရှမ်းရှမ်းက စိတ်သက်သာရာ ရကာ းဟာန်ဖြင့် သက်ပြင်းတစ်ချက် ရှိုက်လိုက်သည်။

'ဘာပဲဖြစ်ဖြစ် တို့က သူတို့ကို တွန်းလှန်နိုင်ပြီးပြီ၊ သူတို့လာရဲတော့မှာ မဟုတ်ဘူး'

ကစ်ကိုယ်တည်း ပြောသလိုလို အမျ ားကို ပြောသလိုလိုနှင့် ပြောသည်။

'မထင်နဲ့'

ကျန်းလုံကျော် လေသံပြတ်နှင့် ပြောလိုက်သည်။

ရှမ်းရှမ်း မျက်နှာတစ်ချက် ပျက်သွားသည်။

'ဘာဖြစ်လို့ မထင်ရမှာလဲ၊ သူတို့ နောက်ထပ် လာခဲ့ပါဦးမလား'

'ဝံပုလွေတောင် အကြောင်း မင်း ကောင်းကောင်း မသိသေးပါဘူး'

'ဒါဖြင့် သူတို့ နောက်ထပ်လာဦးမယ် ဆိုလိုတာပေါ့ ဟုတ်လား'

ကျန်းလုံကျော် မပြောတော့ချေ။

သူတို့ မလာပါစေနှင့်ဟု ကျန်းလုံကျော် ကိုယ်တိုင်လည်း ဆုတောင်းနေသည်။

သို့သော်...

ထိုဆုတောင်းပြည့်ဖို့ကား လွယ်လိမ့်မည် မထင်။

ညဥ့်ဝံပုလွေများကား ထိုမျှ အဘောကောင်းမည် မဟုတ်၊ လွယ်လွယ်နှင့် လက်လျှော့သွားမည် မဟုတ်။

ညဏ်နီ ညဏ်နက်တစ်မျိုး ဆင်ကာ ရောက်လာဖို့ များသည်။





ထိုအချက်ကို ကျန်းလုံကျော် သိနေသည်။

ကျန်းလုံကျော် ဆက်ပြင်းမျှင်းမျှင်း ချလိုက်သေး၏။

'ရေးဆက်ကြမယ်'

ချန်ဖဲ့ဖိက စိုးရိမ်မကင်းသည့်ဟန်ဖြင့် စကားစလိုက်သည်။

ကျင်းကျင်းက....

'အခုသွားကြမလား'

'အခုသွားကြမှာပေါ့'

'ကျွန်မတို့ တစ်အောင့်တော့ အနားယူဖို့ ကောင်းပါတယ်'

'မင်းနားချင်ရင် နေခဲ့လေ'

ချန်ဖဲ့ဖိက ပြန်ပြောလိုက်သည်။

ကျင်းကျင်း ပါးစပ်ပိတ်သွားတော့သည်။

အထမ်းသမားတို့သည် အပြန်အလှန် ပတ်တီး စည်းပေးနေကြသည်။

သူတို့ထဲမှ တစ်ယောက်က....

'လောက်လျှူက အတော် ဒဏ်ရာပြင်းပြင်း ရထားတယ်၊ ရှေ့ဆက်လျှောက်လို့ရတောင် ဝေါယာဉ်တော့ ထမ်းနိုင်မှာ မဟုတ်ဘူး'

'ဟုတ်တယ်၊ သူက ပိုးအတိုနဲ့ဘဲတယ်'
တစ်ယောက်က ထောက်ခံသည်။
'ရောဂါမရှိတဲ့လူ ဝေါယာဉ်မစီးလဲ ရပါတယ်'
ထိုစကားကို အထမ်းသမားကြီးများထဲမှ မပြောရဲပါ။
ပြောသူမှာ ချန်ဖဲ့ဖိသာ ဖြစ်သည်။
'ဘယ်ရမလဲ၊ စီးကိုစီးရမယ်'
နန်းနန့်အသံ ပေါ်လာသည်။
'မင်းမှာ ခြေထောက် မရှိဘူးလား'
နန်းနန်းက...
'ဘာဖြစ်လို့ မရှိရမှာလဲ'
'ဒါဖြင့် ဘာဖြစ်လို့ ကိုယ့်ဟာကိုယ် လမ်းမလျှောက်ချင်တာလဲ'
'ကျွန်မ ကုန်းကြောင်းလျှောက်တောင် ဝေါယာဉ်ကို ဒီအတိုင်း ထားလို့ မဖြစ်ဘူး'
နန်းနန်းက ပြန်ပြောသည်။
ချန်မဲ့ဖိ ဘာမှ မပြောသာတော့ပါ။
ဝေါယာဉ်ထဲတွင် စွန့်လွှတ်၍ မရသော ပစ္စည်းများ ရှိကြောင်း ချန်ဖဲ့ဖိ ရိပ်မိထားပြီး ဖြစ်သည်။
'အထမ်းသမား မရှိလဲ ဘာကိစ္စမှ မရှိပါဘူး။ ဘယ်သူဖြစ်ဖြစ် ဝင်ထမ်းလို့ ရတာပဲ'
ရှောက်မာက ဝင်ပြောသည်။
လောက်ဖိကလည်း အလောတကြီး ဝင်ပြောသည်။
သူထမ်းရမည်ကို စိုးရိမ်နေသလိုပင်။





'မထမ်းတတ်ရင် ထမ်းတတ်အောင် သင်လို့ရပါတယ်၊ ဘာခဲယဉ်းတာ မှတ်လို့'
ထိုအခါ လောက်ဖိက...
'သင်စရာရှိလဲ နောက်မှသင်မယ်'
'သင်စရာရှိ အခုပဲ သင်တာ ကောင်းတာပေါ့၊ အခုသင် အခုတတ်မယ်ဆိုတာ ငါ ပြောရဲတယ်'
လောက်ဖိ မျက်နှာ ရဲလာသည်။
မကျေမနပ် ဖြစ်သွားပုံရသည်။
'ဘာလဲ၊ ငါ့ကို ဝေါယာဉ်ထမ်းခိုင်းမလို့လား'
'မင်း မထမ်းချင် ဘယ်သူထမ်းမှာလဲ'
ရှောက်မာက ခပ်တည်တည် ပြန်ပြောလိုက်၏။
လောက်ဖိ ဘာမှ မပြောတော့။
ကျွန်လုံကျို၊ ရှမ်းရှိမ်းနှင့် ကျင်းကျင်းလီ့ကို တစ်လှည့်စီ ကြည့်လိုက်သည်။
ချန်ဖဲ့ဖိကိုမူ လောက်ဖိ ခေါင်းငုံ့၍ပင် မကြည့်ဝံ့ချေ။
ယင်းလူစုအပေါ်တွင် လောက်ဖိ ဩဇာပေးရန် လုံးဝမရှိတော့ကြောင်း လောက်ဖိ သိနေသည်။
ထို့ကြောင့်...
ဝေါယာဉ်ထမ်းရမည့်လူမှာ တစ်ဦးတည်းသာ ရှိကြောင်း လောက်ဖိ သဘောပေါက်သွားသည်။
ပြောင်းလဲ၍ မရနိုင်သောကိစ္စတစ်ခုကို ပြောင်းလဲရန် ကြိုးစားသူမှာ လူမိုက်သက်သက်သာဖြစ်မည်။ သို့မဟုတ် မိုက်ရူးရဲလည်း ဖြစ်နိုင်သည်။

လောက်ဖီ ထိုမျှမက
သူသည် ထိုင်ရာမှထကာ....
'ကောင်းပြီ၊ ထမ်းစေချင် ထမ်းရမှာပေါ့၊ မင်းနဲ့ငါ မိတ်ဆွေတွေဖြစ်ခဲ့လို့ အခုလို လိုက်လျှောစားနော်'
လောက်ဖီက မဖြစ်ညစ်ကျယ် လုပ်လိုက်သေး၏။
'မင်းက ဉာဏ်လဲကောင်းတယ်၊ ချစ်စရာလဲ ကောင်းပါတယ်'
'ဘာဖြစ်လဲ'
ရှောက်မှာ ဘာမှ မပြောတော့ပါ။



## အခန်း (၂၃)

အနက်ရောင် ဝတ်ဆင်ထားသော လူတစ်စု အမှောင်ထဲမှ ထွက်လာနေသည်။

ဆည်တင်ကြိမ်တွင်တော့ စောစောက ထွက်လာသောအနက်ရောင် ဝတ်စုံရှင်များထက် ပိုများသည်။

ခြေထောက်ကျိုးနှင့်လူလည်း လိုက်ပါလာသည်။

ထိုလူမှာ ခပ်လှမ်းလှမ်းရှိ သစ်ပင်အောက်တွင် ရပ်နေသည်။

ကျန်းလုံကျော ခပ်ကျယ်ကျယ် အော်ပြောလိုက်သည်။

'ကျုပ်ဟာ စားကောက်ကြီးပါ၊ ခင်ဗျားတို့နဲ့ တစ်လမ်းတည်းပဲလို့ ပြောလို့ရတယ်'

ထော့ကျိုးကြီးသည် ကျန်းလုံကျော်ကဲ့သို့ပင် နားကန်းနေဟန်တူသည်။

ကျင်းလုံကျို ပြောသည့် စကားကို လုံးဝ ကြားဟန်မတူ။ သာမှုမပြောထဲ ချောင်းနှစ်ချက် ဟန့်လိုက်သည်။

'အဟမ်း... အဟမ်း'

သူ့ချောင်းသံက အချက်ပေးလိုက်၏။

'ဝိုး...'

'ဝှစ်... ဝှစ်'

'ဝိုး... ဝိုး... ဝိုး'

ချောင်းသံနှင့်အတူ လက်နက်မျိုးစုံနှင့် လက်နက်ပုန်းများ သည် တစ်ပြိုင်တည်း တိုက်ခိုက်လာပြန်သည်။

သည်တစ်ကြိမ် လက်နက်က ပိုစုံသည်။

တိုက်ခိုက်ပုံကလည်း ပို၍ကြမ်းသည်။

သိုင်းကျွမ်းကျင်သူများကလည်း ပို၍ များပြားလာသည်။

'ချွင်... ချလွမ်း... ထန်း'

'ထန်း... ထန်း... ထန်း'

လက်နက်မျိုးစုံကို လက်နက်ကိုယ်စီဖြင့် ကာကွယ်သူ ကာကွယ်သည်။

ချန်ဖုံ့ဖိုသည် လက်နက်မျိုးစုံကို ရှန်ပုံကာ တိမ်းရှောင် လိုက်ပြီးမှ ဓားပျော့ကို ဆွဲထုတ်လိုက်သည်။

သူ့ခါးမှ ဓားပျော့ဟု ဆိုသော်လည်း တစ်ချက်ဝှေ့ယမ်း လိုက်သောအခါ ဖြောင့်တန်းသွားသည်။

ဓားရောင်မှာ တဖိတ်ဖိတ် တလက်လက်နှင့် ထူးခြားစွာ တောက်ပနေသည်။





တကယ်တော့ သူသည် ထိုဓားကို ထုတ်သုံးရန် စိတ်မကူးခဲ့။ လူမြင်သွားမည်ကိုလည်း စိုးရိမ်နေသည်။

ယခုမူ မီးကုန်ယမ်းကုန် တိုက်ခိုက်ရတော့မည် ဖြစ်သဖြင့် သူ့ဓားပျော့ကို မလွှဲမရှောင်သာ ထုတ်သုံးရတော့သည်။

ယခု တိုက်ပွဲသည် ပထမအကြိမ်ထက် ပို၍ ကြမ်းတမ်းပြီး ပို၍ ကြောက်စရာ ကောင်းနေသည်။

ကျင်းကျင်းတို့ ညီအစ်မသည် ဓားချင်းထက်လှသည်။ သို့သော် သူတို့နှစ်ဦးစလုံး ဒဏ်ရာရနေပြီ။

အင်အားချင်းမမျှစွာ တိုက်ခိုက်နေရသောကြောင့် ဖြစ် သည်။

'ချွမ်း ထန်း ထန်း ထန်း....

'ထန်း ထန်း ထန်း....'

ဝင်လာသောဓားချက်များက ပြင်းထန်လှသည်။

ကျင်းကျင်းတို့ညီအစ်မမှာ အသက်လုကာ ခုခံကာကွယ်နေ ၏။

သူတို့ဘက်က တိုက်ချိန်မရ။

လောက်ဖိသည် ဓားချက်တစ်ချက် ထိမှန်ခံလိုက်ရ၏။

ကျောပြင်ကို ထိမှန်သွားခြင်းဖြစ်သည်။

ဒဏ်ရာက မသေးလှပါ။

ကျောပြင်မှသွေးများ အဆက်မပြတ်ယိုစီးနေသည်။

သို့သော် သည်တစ်ကြိမ်တွင် သူသည်အောင့်ကာမနေတော့။ မာန်သွင်း၍ သူ့ဓားပြားကြီးဖြင့် ရန်သူများကို ခုခံတိုက် ခိုက်နေသည်။

'ချွမ်း ချွမ်း'

'ဒုတ် ဒုတ်'

'အိုး....'

'အား....'

လောက်ဖိရှေ့တွင် လူနှစ်ယောက် လဲကျသွားသည်။

ခဏ်ရာရထားသော်လည်း လောက်ဖီ အားတက်လာ၏။

ကျန်းလုံကျိက ဓားကောက်ကြီးဖြင့် ရန်သူများကို ရင်ဆိုင်တိုက်ခိုက်နေသည်။

သူ့ဓားချက် ဝှေ့ယမ်းလိုက်လျှင် ရန်သူတစ်ယောက်တော့ အထိနာ၏။

'ထန်း....'

'ဒုတ်....'

'အား....'

ချန်ဖဲ့ဖိ၏ဓားချက်က ပိုကြောက်စရာကောင်းသည်။

သူနှင့်ဆုံမိသော အနက်ရောင်ဝတ်စုံရှင်များအားလုံး အထိနာလျက်ရှိ၏။

သူ့ဓားချက်မှာ လျှပ်ပြက်သကဲ့သို့ ဖြာခနဲ လက်ခနဲဖြင့် သွက်လက်စွာ ရန်သူကို ထိုးနှက်နေ၏။

'အိုး....'

'အီး....'

'အား....'

ရန်သူများ သူ့ရှေ့မြေပြင်တွင် တဘုန်းဘုန်း လဲကျနေသည်။





သို့သော် ထူးခြားသည်က ဒဏ်ရာကြီးကြီးမားမားကို မတွေ့ရပါ။

နဖူးတည့်တည့်တွင် သွေးတစ်စက်တစ်စက် ပေါ်လာ၏။

သူသည် ရန်သူ့လက်နက်ကို သူ့ဓားနှင့်ကာကွယ်ရင်း လက်နက်ပုန်းကို အသုံးပြုကာ တိုက်ခိုက်နေခြင်းပင်ဖြစ်သည်။

သို့သော် လက်နက်ပုန်းက မည်သည့်နေရာမှ ပေါ်လာသနည်း။

မည်သူမျှ မသိကြပါ။

အသက်ခြွေ လက်နက်ပုန်းသည် အမှောင်တွင်းမှ ပေါ်လာသလိုလို၊ မြေကြီးအောက်မှ ထွက်ပေါ်လာသလိုလို ထင်မှတ်ရပေသည်။

ထော့ကျိုးကြီးသည် ခပ်လှမ်းလှမ်းတွင်ရပ်ကာ တိုက်ပွဲအခြေအနေကို အကဲခတ်နေမိ၏။

'အား....'

'အီး....'

ထော့ကျိုးကြီး အားထားရသော လက်ထောက်နှစ်ယောက်နှစ်ယောက်က လက်နက်ပုန်း ထိမှန်၍ သေဆုံးသွားကြတော့သည်။

တိုအခါကျတော့မှ ထော့ကျိုးကြီးက....

'ဆုတ်ကြ'

သူ့လူများကို အမိန့်ပေးလိုက်သည်။

ညဥ့်ဝံပုလွေများ ချက်ချင်းဆိုသလို အမှောင်ရိပ်ထဲ ဝင်ရောက်ပျောက်ကွယ်သွားကြ၏။

လရောင် ပို၍အေးစက်လာသည်လား ထင်ရသည်။

မြေပြင်ပေါ်တွင် လဲကျနေသော အလောင်းများက ပို၍ များလာသည်။

ဤတစ်ကြိမ်တွင် နန်နန်က မိမိဘက်မှကျနေသည်ကို မမေးတော့ပါ။

သူသည် ဝေါယာဉ်ထက်မှ လှမ်းတွေ့လိုက်သည်။

မိမိဘက်မှ လူအများအပြား ဒဏ်ရာရသွားပြီဖြစ်ကြောင်း သူမှာ စောစောကပင် လှမ်းမြင်ခဲ့ပြီးဖြစ်သည်။

သူတို့သည် သူသေကိုယ်သေ တိုက်ကွက်ကိုသုံးခဲ့ကြ၏။

ဝံပုလွေများတွင် အသက်ကို ပဓာနမထားသူများ ရှိနေသည်။

ယင်းကြောင့် နှစ်ဖက်အထိနာခြင်းဖြစ်၏။

ချန်ဖဲ့ဖိတစ်ဦးတည်းသာလျှင် ဟန်မပျက် မတ်တတ်ရပ်နေသည်။

သူ့တစ်ကိုယ်လုံးတွင် သွေးများပေကျံလျက်ရှိ၏။

သို့သော် သူ့သွေးများကား မဟုတ်ပါချေ။

ညဥ့်ဝံပုလွေများ၏သွေးများသာဖြစ်၏။

ညဥ့်ဝံပုလွေများ ဆုတ်ခွာသွားချိန်တွင် ချန်ဖဲ့ဖိလက်ထဲတွင် ဓားမရှိတော့ပေ။

လက်ချည်းသက်သက် ဟန်မပျက်ရပ်နေခြင်းပင်ဖြစ်၏။

ရှမ်းရှမ်းသည် ဝေါယာဉ်ပေါ်မှ သစ်သားတန်းကိုမှီကာ ရပ်နေသည်။

ဘောင့်အေစင့်ဆင်းတစ်း ရပ်နေခြင်းမျိုးမဟုတ်။





ပျော့တိပျော့ခွေ ရပ်နေခြင်းဖြစ်၏။

'သူတို့ သူ့ကို လတ်ကြဉ်းမလားမသိဘူး'

ပြောရင်း ရှမ်းရှမ်း ငွေ့ခနဲ ပုံလဲကျသွားသည်။

ကျန်းလုံကျိအား ချက်ချင်းပြေးသွားကာ ရှမ်းရှမ်းအား ပွေ့မလိုက်သည်။

တစ်ဆက်တည်း သူမ၏သွေးခုန်နှုန်းကို စမ်းကြည့်သည်။

ချန်ဖဲ့ဖိက....

'သူမသေနိုင်ပါဘူး၊ ဆေးနည်းနည်းမိထားတာပါ'

သည်တော့မှ ကျန်းလုံကျိ စိတ်သက်သာရာ ရသွားတော့သည်။

'မြောက်မှာက ဆေးသုံးတဲ့လူကို ဦးဦးဖျားဖျား အလဲထိုးခဲ့တယ်၊ ဆေးမှုတ်တဲ့အရိယာကို ခြေထောက်နဲ့နင်းခြေခဲ့တယ်၊ ဒါတောင် သူ ဘယ်လိုဆေးမိမှန်းမသိဘူး၊ သူ ဘယ်ဆေးမိတာလဲ'

ကျန်းလုံကျိ ချန်ဖဲ့ဖိကို မေးလိုက်သည်။

ချန်ဖဲ့ဖိက ရှမ်းရှမ်းကိုမေးထိုးပြလိုက်ပြီး....

'ငါမေးမယ့်အစား သူ့ကိုမေးရင် ပိုမကောင်းဘူးလား'

ပြန်ပြောလိုက်သည်။

ကျန်းလုံကျိ ရှမ်းရှမ်းကို မေးစရာမလိုတော့ပါ။

အဘယ်ကြောင့်ဆိုသော် ရှမ်းရှမ်းမှာ သတိလစ်သွားပြီဖြစ်သည်။

မျက်နှာမှာ ဖြူပပ်ဖြူရော် ဖြစ်နေသည်။

ကျွန်းလုံကျီ၏ မျက်နှာမှာလည်း ဖြူဖပ်ဖြူရော် ဖြစ်လာသည်။

သူသည် ရှမ်းရှမ်းအတွက် အစိုးရိမ်လွန်ကဲနေပုံရသည်၊

'သူ ဘယ်လိုဆေးမိခံရတာလဲ မသိဘူး'

ကျွန်းလုံကျီ နန်နန်ဘက်လှည့်ပြောလိုက်ပြန်သည်။

'ဆေးမိထားပေမယ့် များများစားစား မဟုတ်ပါဘူး။ အသက်အန္တရာယ် မစိုးရိမ်ရပါဘူး၊ ကျွန်မမှာ ဖြေဆေးရှိပါတယ်၊ တန်ရှိအဆိပ်လောက်ဆို များများမိတာတောင် ဖြေနိုင်ပါတယ်'

'ဟိုလူတွေပြန်လာရင်တော့ သူသေဖို့ပဲရှိတယ်'

ချွန်ပဲ့ဖိ၏စကားမှာ အနည်းငယ်ရှိုင်းစိုင်းသွားသည်။

တစ်ဖက်က အားပေးနေပါလျက် သူ့အားပေးမှုကို ဖျက်ဆီးလိုက်သလို ဖြစ်သွားသည်။

သို့သော် သူ့စကားမှာ အမှန်တရားလည်းဖြစ်နေ၏။

လူဝံပုလွေများက အလွန်ရက်စက်ကြမ်းကြုတ်သည်။

သူတို့က နှစ်ကြိမ်တိုင်တိုင် တိုက်ခိုက်ခဲ့ခြင်းအတွက် အငြိုးကြီးကြီးထားမည်မှာလည်း သေချာ၏။

သူတို့ကိုရန်မပြုသည့်တိုင် ရက်စက်စွာသော ဝံပုလွေများသည် ရန်ပြုထားသူအပေါ် အဘယ်မျှရန်ငြိုးကြီးကြီးနှင့် ရက်စက်မည်ကို တွေးဝံ့စရာပင် မကောင်း။

သည်တစ်ကြိမ် ဝံပုလွေများ ပြန်လာပါက မည်သူ့အစောင့်ရှောက်ကာကွယ်ပါမည်နည်း။

မိမိအသက်ကိုပင် အနိုင်နိုင်စောင့်ရှောက်ရပေမည်။





'ဒီကောင်တွေပြန်လာရင်တော့ သူတင်မဟုတ်ဘူး၊ ဘို့လဲ သေကုန်ကြမှာတဲ့'

လောက်ဖိက ငိုမဲ့မဲ့အသွင်ဖြင့်ပြောသည်၊

သူကလည်း ဒဏ်ရာရထားသူဖြစ်သဖြင့် ဝံပုလွေများနှင့် ထပ်တိုက်ရမည်ကို ကြောက်ရွံ့နေပုံရသည်။

'ဘာပဲပြောပြော သူတို့ဘက်က အသေအပျောက် ပိုများတာသေချာတယ်၊ လောလောဆယ်ပြန်လာနိုင်မယ် မထင်ဘူး'

ညဥ့်ဝံပုလွေများဘက်မှ သေသူ၊ ဒဏ်ရာရသူများ ပေါင်းကြည့်လျှင် ငါးဆယ်နီးနီးရှိမည်ကို ရှောက်မာ ရေတွက်ထားပြီး ဖြစ်သည်။

'ရှင်ကော ဒဏ်ရာရသေးလား'

နန်နန်က ရှောက်မာကိုကြည့်ကာ စိုးရိမ်မကင်းသောလေသံဖြင့် မေးသည်။

'နည်းနည်းပါးပါးလေး လက်မောင်း ခါးရှပ်ထိသွားရုံလောက်ပဲ၊ ငါ့အတွက် စိုးရိမ်စရာမရှိဘူး၊ ငါ့ဟာငါ ဆေးထည့်ပြီးပြီ၊ ဒဏ်ရာကြီးတဲ့သူတွေကိုသာ ဂရုစိုက်ပါ'

'သူလို့တွေ အသေအပျောက်များတယ်ဆိုတော့ ပြန်လာချင်မှ လာမှာ'

မြေတွင်းလဲနေသေး ကျင်းကျင်းက တုန်ယင်သောလေသံဖြင့် ပြောသည်။

'လောလောဆယ်မလာဘူးဆိုတာ ငါပြောရဲပါတယ်'

ရှောက်မာက နှစ်သိမ့်အားပေးလိုက်သည်။

သို့သော် လောက်ဖိက....

'အခုချက်ချင်း ပြန်လှည့်လာချင်လဲ လာနိုင်တယ်'

ရွှေကမာက လောက်ဖိကို ဆတ်ခနဲ လှည့်ကြည့်လိုက်ပြီး...

'ဘာဖြစ်လို့ လူတွေမကြားချင်တဲ့စကားကို ခပြောချင်နေရတာလဲ၊ ဒါဆိုရင် ခင်ဗျားကို လူတွေမုန်းသွားမှာပေါ့'

'ဝါမပြောလဲ လူတွေကအခေါ်ကိုမုန်းပြီးသားမဲ့'

'ကိုယ့်အကြောင်းကိုယ်သိထားလို့ ကောင်းပါတယ်လေ'

နန်းနန်းက ရှမ်းရှမ်းကိုအဆိပ်ဖြေဆေးကျွေးပြီး ရွှေကမာတို့ဘက် လှည့်လာသည်။

'ဝံပုလွေတောင်ဟာ တအယ့်ကို ကြောက်စရာကောင်းမှန်း အခုမှ ကျွန်မသေသေချာချာသိတော့တယ်၊ အပြစ်မဲ့တဲ့သူကို နှိပ်စက်တဲ့အတွက် သူတို့မှာဘာအကျိုးရှိမှာလဲ'

နန်းနန်းက ပြောသည်။

'ဒါကို သူတို့စဉ်းစားနိုင်တဲ့အရည်အချင်းမရှိဘူး၊ ဒီအရည်အချင်းမရှိတာ လူစိတ်ပျောက်နေလို့ဖြစ်မှာပေါ့'

ရွှေကမာက မှတ်ချက်ချလိုက်သည်။



## အခန်း (၂၀)

စင်စစ် ဝံပုလွေတောင်သည် မည်သည့်အရာနှင့်မျှ နှိုင်းမရအောင် ကြောက်ခက်ဖွယ်ကောင်းသည်။

သို့သော်...

ရွှေကမာက လေသံကျယ်ကျယ်ဖြင့်...

'ဒီနေရာက ဘာမျှားထူးထူးခြားခြား ကြောက်မက်ဖွယ်ကောင်းနေလို့လဲ၊ ခွေးမသားတွေ တို့ကိုလစေမ်းတိုင်း မသာပေါ်ကုန်မယ်၊ တစ်တောင်လုံးမှာရှိတဲ့ခွေးဝံပုလွေတွေကို မျိုးဖြုတ်မယ်'

ရွှေကမာက သူ့ဝေသီအတိုင်း ဆဲရေးကာအော်ပြောလေသည်။

ရှောက်မာသည် ဝံပုလွေတောင်လာတော့သည်ကို သိသိသာသာ ပြောင်းလဲလာသည်။

ထိုအသုံး အနှုန်းမျိုး မသုံးတော့ပေ။

ယခုမှ တမင်သုံးလိုက်ခြင်းဖြစ်သည်။

ဝံပုလွေများကို မဖြစ်မနေရင်ဆိုင်ရမည့်အတူတူ ဂရုမစိုက်သည့် သဘောကို ထုတ်ပြလိုက်ခြင်းဖြစ်သည်။

ကြောက်နေမှန်းသိလျှင် ပို၍ရန်ရှာလိမ့်မည်ဟုထင်သည်။

လူဆိုသည်မှာ ကြောက်တတ်မှန်းသိလျှင် ဖြဲခြောက်တတ်သည့် သဘောရှိသည် ကိုလည်း ရှောက်မာသိသည်။

လူမိုက်တို့သည် သူတို့ထက်မိုက်သူကို ကြောက်တတ်မှန်းလည်း ရှောက်မာသိသည်။

ထို့ကြောင့်...

ရှောက်မာ ကြမ်းပြနေခြင်းဖြစ်သည်။

'ကြောက်စရာကောင်းဘူးလို့ ရှင်တကယ်ထင်သလား'

'လူတောမတိုးဝံ့လို့ အမှောင်နယ်မှာကျက်စားနေတဲ့ဒုစရိုက်အမား ခွေးမျိုးတွေကို ဘာကြောက်ရမှာလဲ၊ သူတို့အားလုံး သေကုန်တော့မယ်၊ လောလောဆယ်လဲ အထိနာကုန်ကြပြီ၊ တို့က အသက်ရှင်နေသေးတယ်၊ ငါကတော့ ဒီတောင်ပေါ်ကလူ မိုက်တွေ အားလုံးသတ်ပြီးမှ သေမယ်'

'အေး...ငါလဲ ဒီတောင်ပေါ်ကဝံပုလွေစုတ်တွေကို သတ်ပြီးရင် မင်းကို သတ်ရဦးမယ်'

ချန်ဖဲဖိက ရှောက်မာသဘောကိုသိသဖြင့် တမင် ဝင်ပြောလိုက်ခြင်းဖြစ်သည်။





'ငါကလဲ မင်းကိုသတ်ချင်နေတာကြာပြီ၊ ဒီလိုဆိုအလောင်းအစားလုပ်ပြီး သတ်ကြမယ်'

'ဘယ်လိုလုပ်မှာလဲ'

'လူဝံပုလွေတွေကို မင်းနဲ့ငါ ဘယ်သူက များများသတ်နိုင်မလဲ လောင်းမယ်၊ ငါက လူဝံပုလွေများများသတ်နိုင်ရင် မင်းကို သတ်မယ်၊ မင်းက လူဝံပုလွေများများသတ်နိုင်ရင် ငါ့ကို သတ်'

'စိန်လိုက်'

'ဒီလိုနဲ့ မရသေးဘူး'

ကျန်းလုံကျိက ဝင်ပြောသည်။

'ဘာကိစ္စ မရရမှာလဲ'

'ငါကလဲ မင်းတို့နှစ်ယောက်စလုံးကို သတ်ချင်နေတာကြာပြီ၊ သိုင်းလောကမှာ ထိပ်သီးဆိုတာ နှစ်ယောက်မရှိရဘူး၊ တစ်ယောက်တည်းသာ ရှိရမယ်၊ ငါက လူဝံပုလွေတွေကို မင်းတို့ထက် များများသတ်ပြမယ်၊ ပြီးရင် မင်းတို့အလှည့်ပေါ့'

'ကောင်းပြီ ဘယ်သူ့အလှည့်ကျမယ်ဆိုတာ အချိန်တန်တော့ သိကြရမှာပေါ့'

စင်စစ်....

သူတို့သုံးယောက်က ဝံပုလွေများကို ပြန်လည်ခြောက်လှန့်ပြလိုက်ခြင်းဖြစ်သည်။

သူတို့သုံးယောက်စလုံးက သိုင်းစွမ်းရည်ထက်မြက်သည်။ သတ္တိကောင်းသည်။

ပြီး အသက်ရှင်နေသေးရွှေ့ စိတ်မလျော့တတ်သူများဖြစ်လေသည်။

စိတ်မလျော့သူအတွက် မျှော်လင့်ချက်ဆိုသည်မှာရှိစမြဲ၊ ဇွဲကောင်းသူသည် ပန်းတိုင်ကိုရောက်ရစမြဲပင်။

နန်းနန်းသည် ရှောက်မှာတို့ အားနှင့်မာနီနှင့်ပြောနေသည်ကို ကြည့်ကာ အားတက်သလိုခံစားရသည်။

သူမ၏မျက်လုံးများက ကြည်လင်တောက်ပလာသည်။

သို့သော်....

တအယ်တမ်းကြည့်ပါက အခြေအနေမကောင်းလှ။

မိုးလင်းရန် အဝေးကြီးလိုသေးသည်၊

ထိုအချိန်အတွင်း ညဉ့်ဝံပုလွေများသည် အချိန်မရွေးရောက်လာနိုင်သည်၊

လူစုပြီး ပြန်လည်တိုက်ခိုက်နိုင်သည်။

ထို့အပြင်....

အခြားဝံပုလွေများရန်ကလည်း ရှိသေးသည်၊

အခြားဝံပုလွေရန်မရှိသည့်တိုင် သူတို့နှင့်တွေ့ခဲ့သော သူတော်ကောင်း၊ ဝံပုလွေရန်ကရှိသေးသည်၊

သူတော်ကောင်းဝံပုလွေသည် ညဉ့်ဝံပုလွေထက်ကြောက်စရာကောင်းသည်ဟု အဆိုရှိသည်၊

စင်စစ်....

သူတော်ကောင်းဝံပုလွေဆိုသည်မှာ အမည်ခံထားခြင်းဖြစ်သည်။



ထိုသူများကလည်း အမဲလိုက်ဆောင် ဒုစရိုက်သမားများသာ။

'ကဲ...အားလုံး ရှေ့ဆက်လို့လျှောက်လို့ရမလား'

ရှောက်မာတို့ကဲ့သို့ အခြေအနေကိုနားလည်သော နန်းနန်းက ပြောသည်၊

'ဘာဖြစ်လို့မရရမှာလဲ'

ရှောက်မာက ဝင်ပြောသည်၊

ချန်ဖုံ့ဖီကလည်း....

'ဘယ်သူမှခြေမကျိုးဘူး၊ ဘာဖြစ်လို့မလျှောက်နိုင်ရမှာလဲ'

လောက်ဖီက....

'ဒါပေမယ့် ငါ...ငါ'

'ခင်ဗျားဒဏ်ရာရထားမှန်း ကျုပ်သိတယ်၊ ဝေါ မထမ်းနိုင်ရင် ကျုပ်ပဲထမ်းပါ့မယ်'

ရှောက်မာက ဖြတ်ပြောလိုက်သည်။

စင်စစ်....

ရှောက်မာသည် လောက်ဖီကဲ့သို့ပင် ဒဏ်ရာ ရထားလေသည်။

ဒဏ်ရာက လောက်ဖီကဲ့သို့ပြင်းထန်သည်။

သို့သော်....

သူသည် ဒဏ်ရာကြီးကြီး၊ ကျယ်ကျယ်မရသလို ဟန်ဆောင်၍နေခဲ့သည်။

ရှောက်မာက သတ္တိရှိကောင်းသူပင်ဖြစ်သည်၊

အသက်မသေနိုင်လျှင် ဘယ်လောက်ဒဏ်ရာကြီးကြီးမှု၊ သူလုပ်စရာရှိသည့်အလုပ်ကို ဆက်လုပ်တတ်သူဖြစ်သည်။

လူအချို့သည် အခက်အခဲမည်မျှကြုံပါစေ၊ ဇွဲကိုမူ ဘယ်တော့မှ မလျှော့။

ရှောက်မာ ထိုအစားထဲက ဖြစ်သည်။

သေဘာမှစိတ်ကိုလျှော့မည့်သူ၊

သူတို့အားလုံး ခရီးဆက်ကြသည်။

အားလုံး ဒဏ်ရာကိုယ်စီရထားသည်။

ခြေကုန်လက်ပမ်းကျနေကြသည်။

သို့သော်....

ဇွဲကောင်းသော ရှောက်မာကိုကြည့်အာ အားလုံးပင် အားတက်လာကြသည်။

ရှမ်းရှမ်းက သတိလစ်နေသည်။

ထို့ကြောင့်....

နန်းနန်းအ ရှမ်းရှမ်းကို ဝေါယာဉ်နှင့်လိုက်ပါစေသည်။

သူမကိုယ်တိုင်ကမူ ခြေကျင်လိုက်ပါလာသည်။

လောက်ဖိသည် မကြာခဏ သက်ပြင်းရှိုက်နေဆဲဖြစ်နေသည်။

ကြာတော့ ရှောက်မာက....

'အသံထွက်ရဲထွက်ကြည့်၊ နှာခေါင်းကို ကြေမွအောင်ထိုးလိုက်ရုံဘင်မကဘူး၊ ဝေါယာဉ်လဲထမ်းခိုင်းမယ်'

ထိုအခါကျမှ လောက်ဖိငြိမ်သက်သွားသည်။





ကျင်းကျင်းတို့ညီအစ်မသည်လည်း ဒဏ်ရာ ရထားကြလေသည်။

သို့သော်....

အသက်ငယ်သူများဖြစ်၍ ခံနိုင်ရည်ရှိသည်။

နန်းနန်း၏လိမ်းဆေးအလည်း အတော်ထိရောက်သည်။

သွားရင်းလာရင်းပင် ဒဏ်ရာအသက်သာလာ၏။

နန်းနန်းက ခရီးမထွက်ခင်ကတည်းက တကယ့်ဆေးကောင်းဝါးကောင်းများကို ငွေကုန်ကြေးကျခံကာ စုဆောင်းဝယ်ယူခဲ့သူဖြစ်သည်။

ထို့ကြောင့်....

ကျင်းကျင်းတို့ညီအစ်မ ဟန်မပျက် လမ်းလျှောက်နိုင်လေသည်။

ရှောက်မာက လောက်ဖိကိုခြောက်လိုက်သည့်စကား ကြားရသောအခါ အသံထွက်အောင်ရယ်မိကြသည်။

ရယ်နိုင်သောသူသည် မျှော်လင့်ချက်ရှိစမြဲ ဟုတ်မှန်သည်ဟု ဆတ်မှတ်ရသည်။

သူတို့ အတော်ခရီးပေါက်ခဲ့လေသည်။

ခရီးပေါက်ခဲ့သော်လည်း အမှောင်ထဲက လွတ်မြောက်နိုင်ခြင်း မရှိသေးပေ။

ရှောက်မာသည် ဝေါယာဉ်ကိုထမ်းထားသော်လည်း သူ့ခြေထောက်က သွက်လက်မြန်ဆန်နေသည်။

နန်းနန်းသည် နောက်မှထက်ကြပ်မကွာ လိုက်ပါလာတော့သည်။

ထို့အပြင်....

ရှောက်မာအား တစ်ချိန်လုံးကြည့်နေသည်။

ကြည်ညိုလေးစားနေသော အကြည့်၊ ချစ်မြတ်နိုးလှသော အကြည့်ဖြင့် ကြည့်နေမိလေသည်။

ကျွန်ုပ်ကိုကား တစ်ယောက်သူအပေါ် စိတ်ရောက်နေသည်။

သူစိုက်ရောက်နေသူမှာ အခြားသူမဟုတ်ပါ။

ရှမ်းရှမ်းပင် ဖြစ်သည်။

ကျွန်ုပ်ကိုသည် ဝေါယာဉ်အား သို့ မသိမသာ ကပ်လာတတ်သည်။

ရှမ်းရှမ်းအား ငြိမ်ချက် သား စောင်းနေဆဲပင်။

အခြားဝေါယာဉ်မှ လူများသည် အိပ်ပျော်နေဟန် တူပေသည်။

ချောင်းဆိုးသည့် အသံသို့ မကြားရပေ။

'သူ့ကြည့်ပုံက နောက်ထပ် မသောဘူးနဲ့ တူတယ်'

နန်းနန်းက ခပ်တိုးတိုး ပြောသည်။

ရှောက်မာက ဆက်၍....

'အဲပြဲဖြစ်ဖြစ် တင်နေရာရှာပြီး အနားယူကြရင် ကောင်းမယ်၊ နို့မို့ဆို အမောဆို့ကုန်တော့မယ်'

နန်းနန်းက ပြောရင်း ပြုံးလိုက်သည်။

'အမောဆို့ကုန်တော့မယ် ဆိုပေမယ့် ရှင့်ကိုတော့ ထည့်မပြောပါဘူး၊ ရှင့်ကြည့်ရတာ သံမဏိနဲ့ ထုသားတဲ့လူလိုပဲ'

ရှောက်မာ အား ပြန်မပြော။





ချွေးများကို လက်ဖြင့် သပ်ချလိုက်သည်။

ရှောက်မာသည် သံမဏိဖြင့် ထုသားထားသောလူ မဟုတ်။ အသွေးအသားနှင့် ဖွဲ့စည်းသော လူသား။

အချစ်နှင့် ပတ်သက်၍ ပြောရလျှင် အသည်းနှလုံးဖြင့် ဖွဲ့စည်းထားသော သူဟုလည်း ဆိုနိုင်သည်။

မည်သို့ပင်ဖြစ်စေ၊ လူသည် လူသားပင်။

သို့သော် လူချင်းမှ ကွာသည်။

ရှောက်မာမှာ လူတကာထက် တွေ့ရှိသည်။

လူတကာထက် ဇွဲရှိသည်။

လူတကာထက် လုံ့လရှိသည်။

ထို့ကြောင့် သူသည် အများကြားတွင် သံမဏိဖြင့် ထုထားသည့်လူလို ဖြစ်နေသည်။

သို့သော် တစ်နေ့နေ့တွင် သူလည်း အလဲထိုးခံရကောင်း ခံရလိမ့်မည် ထင်သည်။

တိုက်ပွဲဆိုသည်မှာ အနိုင်ချည်းမရှိ၊ အရှုံးနှင့်လည်း ရင်ဆိုင်ရတတ်သည်ကို သူသိနေသည်။

ရှောက်မာသည် သူ့အတွေးနှင့်သူ နှုတ်ဆိတ်နေ၏။

ကျွန်မက ရှင့်ကို ယူမယ်ဆိုရင် ရှင် လက်ခံနိုင်ပါ့မလား'

နန်းနန်းက ရုတ်တရက် မမျှော်လင့်သော စကားကို ပြောလာသည်။

ရှောက်မာ ရင်ထဲတွင် ကြည်နူးသွားရသော်လည်း ငြိမ်မြဲ ငြိမ်နေလိုက်သည်။

'ရှင် သူ့ကို သတိရနေတုန်းပဲလားဟင်၊ သူက ဘယ်လို အမျိုးသမီးလဲ'

ရှောက်မာမျက်နှာ သိသိသာသာ ပျက်သွားသည်။

နန်းနန်း စကားကြောင့်ဟု မဆိုသာပါ။

ရှောက်မာ မျက်နှာတစ်ချက် ပျက်သွားရသည်က လူတစ်ယောက်ကို မြင်တွေ့လိုက်ရသောကြောင့်ပင် ဖြစ်သည်။

သူမြင်တွေ့လိုက်ရသူကား....

ထော့ကျိုးကြီးပါတကား။



## အခန်း (၂၉)

ကြမ်းတမ်းသော လမ်းအတိုင်း ကြည့်လိုက်ပါက မြင့်မားသော ကျောက်တုံးကြီးတစ်တုံးကို မြင်တွေ့ရမည် ဖြစ်သည်။

ထော့ကျိုးကြီးသည် ထိုကျောက်တုံးကြီးပေါ်တွင်မတ်အတ်ရပ်နေသည်။

သူ့မျက်လုံးများ အမှောင်ထဲမှာပင် တလက်လက် တောက်ပနေ၏။

ဝေါယာဥ်နောက်မှ လိုက်ပါလာသော ချန်ဖဲ့ဖီက ရုတ်တရက် ပြေးတက်လာသည်။

'အကြမ်းနည်းနဲ့ ဖြတ်ကျော်မလား၊ ဒါမှမဟုတ် ရပ်လိုက်မလား'

ချန်ဖဲ့ဖီက ရှောက်မာနား ကပ်ပြောသည်။

ရှောက်မာယာ ဝေါယာဉ်ကို အောက်ချထားလိုက်သည်။

ရှေ့မှ ကျောက်တုံးကြီးသည် လူသွားလမ်းကို ပိတ်ဆို့ထားသည်။

ကျောက်တုံးကြီး နောက်ကွယ်တွင် လူဘယ်လောက် များများ ရှိနေမည်ကို ခန့်မှန်းမရနိုင်။

ကျင်းကျင်းတို့ကလည်း ထော့ကျူးကြီးကို မြင်သွားသည်။

'ဝါ ဒီလူကြီးကို သတ်ပစ်ချင်ပြီ'

ကျင်းကျွင်း အံကြိတ်၍ ပြောသည်။

ကျင်းကြူက....

'နင် ဒီလူကြီးကို သတ်လို့ရမလား'

'ရတာပေါ့'

'ဒါဆိုရင် သွားသတ်ကြမလား'

'သွားမယ်'

ကျင်းကျင်းတို့ ညီအစ်မသည် ချက်ချင်း ရှေ့သို့ ပြေးတက်သွားကြရာ ဓားကိုယ်စီ ထုတ်လိုက်ကြသည်။

ငယ်ရွယ်သူတို့မှာ စိတ်ဓာတ် ပြင်းထန်ကြစမြဲပင်။

မဟုတ်ခံ စိတ်ဓာတ်လည်း အပြည့်ရှိသည်။

သူတို့သည် ကျောက်တုံးကြီးပေါ်မှ ထော့ကျူးကို သတ်ရန် ဆန္ဒပြင်းပြနေကြ၏။

အခြားသူများက တားသည်ကိုပင် အချိန်မရလိုက်။

ထော့ကျူးကြီးသည် လက်နှစ်ဘက်ကို ပိုက်ကာ ကျောက်တုံးကြီးပေါ် ရပ်နေသည်။





ကျင်းကျင်းတို့ကို တွေ့သည့်တိုင် မျက်နှာပျက်မသွားချေ။ ပြုံးပင် ပြုံးလိုက်သေး၏။

'သေကာနီးအောင် ပြုံးနေတယ်၊ ပြုံးလို့မရအောင် သတ်ပစ်မှ'

ကျင်းကျင်းက ကြုံးဝါးလိုက်သည်။

ကျင်းကြူက....

'သူ့ပြုံးပုံက သေတော့မယ့် ဘဲနာကြီးနဲ့ တူနေတယ်၊ မျက်နှာကို ကြည့်မရဘူး'

ကျင်းကျင်းတို့ ညီအစ်မသည် ကိုယ့်သေတွင်းကိုယ် ပြန်တူးသည်နှင့် တူနေ၏။

သူတို့နှစ်ယောက်သည် အလဟဿ အသေခံရမည့်သဘော အက်ရောက်နေသည်။

ထော့ကျူးကြီး၏ ဟန့်ပန်အမူအရာကို မြင်ရရုံနှင့် သိုင်းပညာထက်မြက်ကြောင်း သိသာနေသည်။

ထို့ပြင် သိုင်းပညာကျွမ်းကျင်သူထဲမှ ထိပ်ထိပ်ကျဲ ဖြစ်နေသည်။

သူရပ်နေသော နေရာကလည်း အမြင့်ဆုံးဖြစ်သည်။

အပေါ်စီးမှ ကြည့်နေခြင်း ဖြစ်သည်။

ချိန်ဖဲ့ဖိသည် နောက်မှရပ်၍ ကျင်းကျင်းတို့ ညီအစ်မကို ခင်တိုက်လိုက်သည်။

ကျင်းကျင်းတို့ညီအစ်မ လဲကျသွားသည်။

'ရှင် ဘာသူတောနဲ့ ဝင်ရှုပ်တာလဲ'

ကျင်းကြူက အော်မေးလိုက်သည်။

ကျင်းကျင်းကလည်း....

'ရှင် တစ်ခုခု ချွတ်ယွင်းပြီနဲ့ တူတယ်'

သူတို့ညီအစ်မ ပြောစကားကို ချန်ဖဲ့ဖိက ဂရုမစိုက်။

ကျောက်တုံးကြီးပေါ်မှ ထော့ကျိုးကြီးကို မော့ကြည့်နေသည်။

ထော့ကျိုးကြီးက ပြုံး၍ ...

'မင်းမှာ တစ်ခုခု ချွတ်ယွင်းနေတာ သေချာတယ်၊ မင်းက သူတို့ကို ဝင်ကယ်တယ်၊ သူတို့က မင်းကို ကျေးဇူးမတင်ဘူး၊ မြန်ရန်လုပ်နေတယ်၊ ဒီအလုပ်ကို ချွတ်ယွင်းချက်ရှိတဲ့ လူသာ လုပ်မယ်'

ချန်ဖဲ့ဖိသည် ဘာမှပြန်မပြောဘဲ ငြိမ်မြငြိမ်နေသည်။

'အမှန်ဆိုရင် မင်းဝင်ကယ်လဲ အပိုပဲ၊ မင်းတို့အားလုံး သေရမှာပဲ'

ထိုအခါကျတော့မှ ချန်ဖဲ့ဖိက...

'ခင်ဗျားက လက်ရှိတယ် မဟုတ်လား၊ ဘာဖြစ်လို့ ကိုယ်တိုင် မဆင်းလာတာလဲ'

'မလိုအပ်လို့ပေါ့'

ထိုအချိန်မှာပင် ဝတ်ရုံနက်တစ်ထည်ခန့် ကျောက်တုံးကြီး အကွယ်မှ ထွက်လာကြသည်။

ထော့ကျိုးကြီးက...

'မင်း ခေါ်ပညာတော်တယ်၊ လက်သိပ်ယားနေတယ် မဟုတ်လား၊ ပြီးတော့ မင်းမှာ ဓားကောင်းတစ်လက် ရှိတယ်မဟုတ်လား'





ချန်ဖဲ့ဖိက ဘာမှ မပြော။

သူ့ဓားက မြင်ရုံနှင့် ဓားကောင်းတစ်လက် ဖြစ်ကြောင်း သိသာနေ၏။

'ဒေါ်ယာဉ်ထမ်းလာတဲ့ကောင်ရဲ့ လက်သီးက တော်တော် ကောင်းမှာပဲ'

'ခင်ဗျားတို့ သိပြီးရောပေါ့'

'ငါ့ရဲ့ သွေးသောက် ခုနစ်ယောက မင်းတို့ဓားနဲ့ လက်သီးကို မြင်ချင်သေးတယ်တဲ့'

ထော့ကျိုးကြီး၏ ချောင်းဆိုးသံ ပေါ်လာသည်။

အချက်ပေးသည့် ချောင်းဆိုးသံဖြစ်ကြောင်း သိလိုက်သဖြင့် ကျင်းကျင်းတို့ညီအစ်မ မျက်နှာပျက်သွားသည်။

ချောင်းဆိုးသံနှင့် တစ်ဆက်တည်းမှာပင် ဟိုမှ သည်မှ ကြက်တွန်သံများကို ကြားလာရသည်။

ထော့ကျိုးကြီးက သူ့လူများကို ခေါ်ကဆုတ်ရန် လက်ပြလိုက်သည်။

ထော့ကျိုးကြီး၏လူများ ရုတ်တရက် ပျောက်ကွယ်သွားသည်။

ထော့ကျိုးကြီးလည်း မရှိတော့။

'အောက် အီး အီး အွတ်'

'အောက် အီး အီး အွတ်'

ကြက်တွန်သံများ ဟိုမှ သည်မှ ထွက်ပေါ်နေဆဲ၊ ဂီတသံသို့လို အသံတစ်မျိုးကလည်း ထွက်ပေါ်လာသည်။

ရှောက်မာသည် ကျစ်ကျစ်ပါအောင် ဆုပ်ထားသော လက်သီးကို ဖြေလျော့လိုက်သည်။

နန်းနန်းက စိတ်ထက်အားရှု ရသွားဟန်ဖြင့် သက်ပြင်းချသည်။

ချန်ဖဲ့ ဖိ၏ မျက်နှာသည် ခံစားမှုကင်းမဲ့နေသလို ဖြစ်နေသည်။

သို့သော်....

စောစောကကဲ့သို့ပင် တင်းမာနေခြင်းမရှိပါ။

ကျောင်းကျောင်းတို့ညီအစ်မက ချန်ဖဲ့ ဖိထံသို့ ပြေးသွားကာ ပါးကို နမ်းလိုက်သည်။

'ရှင် ချစ်စရာကောင်းမှန်း အခုမှသိတယ်'

'ရှင်ဟာ လူဆိုးမဟုတ်ဘဲကိုး'

ရှောက်မာက ပြုံးသည်။

နန်းနန်းကလည်း ပြုံးသည်။

ကျောင်းကျောင်းတို့ကိုကြည့်ကာ သူတို့ အပြုံးချင်း ဆုံမိသွားကြလေသည်။



## အခန်း (၃၀)

အမှောင်တဲထွင် မျက်လုံးသုံးစုံ ဖြစ်ပေါ်နေသည်မှာ လူသားများကို ဖျက်ဆီးလိုသော ဆန္ဒပင်။

၎င်းတို့သည် လူတစ်ဖက်သားကိုသာမက မိမိကိုယ်ကိုပင် ပြန်လည်ဖျက်ဆီးမည်ဖြစ်သည်။

မျက်လုံးသုံးစုံသည် စောစောပိုင်းက ရှောက်မာတို့ရှေ့မှ ပြတ်သွားကြသော လူသုံးယောက်ပင် ဖြစ်သည်။

သူတို့ကား ယောကျ်ားတစ်ဦးနှင့် မိန်းမပျိုတစ်ဦး။

ရှောက်မာသည် သူတို့ကို စိတ်ဝင်စားသလို မသိယောင်ဆောင်နေသည်။

သို့သော်....

လှပသော ပေါင်တံပိုင်ရှင် မိန်းမပျိုအား ရှောက်မှာကို တစ်ချိန်လုံး ကြည့်နေသည်။

ထို့နောက်....

'ဟော့....'

ခေါ်သံပေးလိုက်သည်။

'ဘယ်သူ့ကို ခေါ်တာလဲ'

ရှောက်မှာအား မေးလိုက်သည်။

လှပသော ပေါင်ထံပိုင်ရှင် မိန်းမပျိုအား....

'ရှင့်ကို ခေါ်တာပေါ့'

'မင်းမှ ငါ့မသိတာဘဲ'

'မသိလဲ ခေါ်လို့ရတယ်၊ ဟုတ်တယ်နော်'

မိန်းကလေးအား ညုတုတု ပြန်ပြောသည်။

ရှောက်မှာ နှုတ်ဆွံ့အသွားသည်။

'ဟော့....'

မိန်းကလေးအား ခေါ်လိုက်ပြန်သည်။

'ငါ့နာမည် ဟော့ မဟုတ်ဘူး'

'ဒါဆိုရင် ဘယ်လိုခေါ်ရမလဲ'

'လူတွေက ငါ့ကို ရှောက်မှာလို့ ခေါ်ကြတယ်'

'ကျွန်မက ဟော့လို့ပဲ ခေါ်ချင်တယ်၊ ရှင့်ကို ခေါ်မှန်းသိရင်ပြီးတာပဲ'

ရှောက်မှာအား နှုတ်ဆွံ့အသွားပြန်သည်။

အမည်နာမဆိုသည်မှာ ခေါ်သူနှင့် အခေါ်ခံရသူ နားလည်လျှင် ပြည့်စုံသည်ပင်။





ရှောက်မှာ မည်သို့ တန့်ကွက်ပါမည်နည်း။

'ဟော့....'

မိန်းကလေးက ခေါ်ပြန်သည်။

'ဘာလုပ်မလို့လဲ'

'ကျွန်မနောက်က လိုက်ခဲ့ပါ'

'ဘာဖြစ်လို့ လိုက်ရမှာလဲ'

'ကျွန်မရှင့်ကို ချစ်လို့ပေါ့'

ရှောက်မှာ အံ့ဩသွားသည်။

ဘာပြန်ပြောရမှန်းမှသိ ဖြစ်သွားသည်။

မိန်းကလေးမှာ ဤမျှ ပြောင်ကျကျ ပြောလိမ့်မည်မထင်။

'နင်နဲ့ လိုက်သွားလို့ ဘယ်ဖြစ်မလဲ'

'ဘာဖြစ်လို့လဲ'

'ဘာဖြစ်လို့လဲဆိုတော့ ငါလဲ သူ့ကိုချစ်တယ်၊ နင့်ထက်တောင် ပိုချစ်တယ်'

နန်နန်စကားကလည်း အံ့ဩဖွယ်ရာ စကားပါပင်။

ယင်းသို့ပြောရင်းဖြင့်လည်း တစ်ဘက်နှင့်တစ်ဘက် ရန်ဖြစ်စေနိုင်သည်။

သို့သော်...

ပေါင်တံသွယ်လှမိန်းကလေးက စိတ်မဆိုးပါ။

နန်နန်ကို ပြုံးရင်းမေးသည်။

'သူထွက်သွားရင် မမ စိတ်ဆိုးသွားမှာလား'

'စိတ်တော့ မဆိုးပါဘူး၊ ဒါပေမယ့် စိတ်တော့ ထိခိုက်တာပေါ့'

နန်းနန်းအား ပြေသည့် မိန်းကလေးက တစ်ချက်ရှိုက်ကာ...

'စိတ်ထိခိုက်တယ်ဆိုတာ ကောင်းတာမဟုတ်ဘူး၊ တစ်ဖက်သား စိတ်ထိခိုက်မှာ ငါသိပ်ကြောက်တယ်'

'ဒါဆို ညည်းလဲ သွားလမ်းသွားပေါ့'

'တင့်အင်း...မမတို့နှစ်ယောက်စလုံး ကျွန်နဲ့လိုက်ခဲ့'

'ဘာဖြစ်လို့ 'လိုက်ရမှာလဲ'

'ဘာဖြစ်လို့လဲဆိုရင် ကျွန်မတို့ဆီမှာ အင်မတန် ပျော်စရာကောင်းတယ်'

'ဟုတ်တယ်၊ ကျုပ်တို့ဆီမှာ ပျော်စရာချည်းပဲရှိတယ်၊ လွတ်လပ်မှုပဲရှိတယ်၊ ဘေးဂီတသံလဲ ကြားရမယ်'

'ဂီတသံ ဟုတ်လား'

ရှောက်မှာက မေးသည်၊

ထိုအချိန်တွင်...

အဝေးဆီမှ ဂီတသံ ထွက်ပေါ်နေဆဲပင်၊

'ဟုတ်တယ်၊ဂီတသံလဲ ကြားရမယ်'

'အခုကြားနေရတာ မင်းတို့ရဲ့ ဂီတသံပဲလား'

'ပူဇော်ပွဲဆိုရင် ဂီတသံ ပါရမှာပဲ'

လူငယ်၏ စကားမှာ မှန်သင့်သလောက် မှန်နေ၏၊

ရှောက်မှာ စိတ်ဝင်စားလာရ၏၊

'ဘာပူဇော်ပွဲလဲ'

'နေမင်းကိုပေါ့'

'မိုးမှ မလင်းသေးဘာ၊ နေမင်းကို ဘာဖြစ်လို့ ပူဇော်ရမှာလဲ'





'ဒီကနေ့ ပူဇော်ပွဲ စောလုပ်မယ်'

ဘာအတွက်လဲ

လူငယ်က ပေါင်တံလှလှ မိန်းကလေး ခေါင်းကို တစ်ချက် ပွတ်လိုက်သည်၊

ပြီးမှ...

'သူက ခင်ဗျားကို ချစ်လို့ပေါ့'

ရှောက်မှာ မျက်ချင်းသားဘာပေါက်သွားသည်၊

ဂီတသံ ဖြစ်ပေါ်လာခြင်းသည် အရုဏ်ကျင်းတော့မည် ဖြစ်ကြောင်း သတိပေးခြင်းပင်၊

ညဥ့်ဝမှ လူတို့၏ စိညာဥ်များနှင့် တူနေ၏၊

အာရုဏ်ချုပ်ငြိမ်းသွားလျှင် ၎င်းတို့သည်၊ ပျောက်ကွယ်သွားမည်ပင်၊

'ရှင်တို့က ကျွန်မတို့ကို ကယ်ခဲ့တယ်ထားဦး၊ သူက ရှင်တို့နောက် လိုက်မှာမဟုတ်ဘူး'

မိန်းကလေးက...

'ရှင်ပေါ့'

'ဒီမှာရှိတဲ့လူအားလုံး ဘယ်သူမှာနင်တို့နောက် လိုက်မှာမဟုတ်ဘူး'

နန်းနန်းက ဝင်ပြောသည်၊

ထိုအခါ မိန်းကလေးက

'ငါ ဘာကောင်းအခမှ မလိုက်ခိုင်ပါဘူး၊ ဒါပေမယ့် လာမယ်လို့ ဆန္ဒရှိရင် ဘယ်သူပဲဖြစ်ဖြစ် လာနိုင်ပါတယ်'

သူမ၏ အသံမှာ ဘွဲ့ဆောင်မှု အပြည့်ပါသည်၊

သူမက ဆက်ပြောသည်။

'ဂီတသံထွက်တဲ့နေရာကို မှန်းပြီးလာခဲ့ရင် ကျွန်မတို့ဆီ ရောက်လာမှာပဲ၊ ရောက်လာချင် မကြုံဖူးတဲ့ ပျော်ရွှင်မှုနဲ့ ကြုံရမယ်၊ လိုက်လာမိလို့လဲ ရှင်တို့အားလုံး ဘယ်တော့မှ နောင်တမရဘူးလို့လဲ ကျွန်မ ပြောရဲတယ်'

ထို့နောက် မိန်းကလေးသည် ကျင်းကျင်းတို့ ညီအစ်မထံ လျှောက်သွားပြီး ကျင်းကျင်းတို့ ညီအစ်မကို တစ်စုံတစ်ခု တိုးတိုးပြောနေသည်။

ကျင်းကျင်းတို့ ညီအစ်မမှာ ဆေးမိခံရသကဲ့သို့ မျက်လုံးများ ရီဝေကာ ကြောင်တောင်တောင် ဖြစ်နေသည်။

မိန်းကလေး ထွက်သွားသည့်တိုင် ကျင်းကျင်းတို့ ညီအစ်မမှာ ထိုအတိုင်း ဖြစ်နေသည်။



## အခန်း (၃၁)

မိန်းကလေးနှစ်ယောက်နှင့် လူငယ်ထွက်သွားသည်မှာအချိန် အတော်ကြာသွားခဲ့လေပြီ။

'ဒီကောင်မနှစ်ယောက်က ဏဝေမနဲ့တူတယ်'

နန်းနန်းက ပြောသည်။

'မင်းကကော'

ရှောက်မာက ရယ်မောရင်း ပြန်မေးသည်။

နန်းနန်းက ရှောက်မာ အမေးကို ပြန်မဖြေဘဲ ကျင်းကျင်းတို့ ညီအစ်မဘက်သို့ လှည့်ကာ....

'ဟိုကောင်မက ဘာပြောသွားတာလဲ'

'အပျိုဟုတ်မဟုတ် မေးတာပါ'

'တခြားဘာတွေ ပြောသွားသေးလဲ'

နန်နန်က မရောက မေးသည်၊ ကျင်းကျင်းက မဖြေပေ။

ဝေါယာဥ်ထဲက လူမသာ ချောင်းတဟွက်ဟွက် ဆိုးနေပြန်သည်။ သည်တစ်ကြိမ် ချောင်းဆိုးသည်မှာ အရှေ့တိုင်းထက် ပို၍ ပြင်းထန်သည်။

နန်နန်၏ မျက်လုံးအိမ်ထဲတွင် ကရုဏာနှင့် သောကရိပ်များ သန်းလာသည်။

'အဲဒါဖြစ်ဖြစ် ကစ်နေရတာရှာပြီး အနားယူဖို့ ကောင်းတယ်'

ချန်ဖဲ့ဖိက နန်နန်ကို လှည့်ကြည့်သည်။

ချန်ဖဲ့ဖိ မကန့်ကွက်ပါ။

အားလုံး အနားယူသင့်ကြောင်း သူ သဘောပေါက်သည်။

သို့သော်....

ဝံပုလွေတောင်ပေါ်တွင် စိတ်ချလက်ချ အနားယူနိုင်သော နေရာက အလွန်ပင် ရှားပါးလှသည်။

ရှောက်မာကလည်း ဘာမှမကန့်ကွက်ဘဲ စဥ်းစားနေသလိုလို လုပ်နေသည်။

'ရှစ် ဗီတောင်ကို ရောက်ဖူးတယ် မဟုတ်လား'

ကျန်းလုံကျူဗက် လှည့်မေးလိုက်သည်။

'ရောက်ဖူးပါတယ်'

'ဒါဆိုရင် ရှင်က စိတ်ချရမယ့် နေရာကို ရှာပေးပါလား'

'ငါရောက်ဖူးတာ ငါးနှစ်ကြာခဲ့ပြီ၊ အဲဒီအချိန်တုန်းက လူတွေကလဲ ဒါလောက် များသေးဘူး၊ အခုအခြေအနေနဲ့ဆိုတော့ လုံခြုံတဲ့နေရာကို သိပ်ပြီး စဥ်းစားနေရပြီ'





'ဦးနှောက်ခြောက်ခံ မနေပါနဲ့၊ ခင်ဗျားတို့ သွားချင်တဲ့နေရာကို ကျုပ် ပို့ပေးမယ်'

လူတစ်ယောက်၏ အသံသာ ဦးစွာပေါ်လာသည်။

ရောင်နီသန်းစ ပြုလာပြီ ဖြစ်သည်။

လူတစ်ယောက်သည် မီးပုံးတစ်ခုကိုဆွဲလျက် ကျောက်တုံးကြီးနောက်မှ ဖြည်းဖြည်းလှမ်းထွက်လာသည်။

ထိုသူ၏ အသွင်ကို ကြည့်ခြင်းအားဖြင့် ကုန်သည်တစ်ယောက် ဖြစ်ကြောင်း သိသာနိုင်သည်။

ဝံပုလွေတောင်ပေါ်တွင် မတွေ့ရသော ရိုးရိုးသား လူတစ်ယောက်ပင်၊ ထိုလူကို ကြည့်ရသည်မှာ သဘောကောင်းပုံလည်းရသည်၊ ယဥ်ကျေးသိမ်မွေ့ပုံလည်းရသည်။

'ခင်ဗျား ဘယ်သူလဲ'

ရှောက်မာက သိုးမေးလိုက်သည်။

'ကျုပ်က ကုန်သည်တစ်ယောက်ပါ၊ ဝံပုလွေ မဟုတ်ပါဘူး၊ စိတ်အေးအေးထားပါ'

'ဝံပုလွေတောင်မှာလည်း ကုန်သည်ရှိတယ်လား'

'ကျုပ်တစ်ယောက်တည်း ရှိပါတယ်၊ သစ်ယောက်တည်းရှိနေလို့ ခုလောက် အသက်ရှင်နေတာပါ'

'ဘာဖြစ်လို့လဲ'

'ဘာဖြစ်လို့လဲဆိုရင် ဝံပုလွေတွေက စီးပွားရေးလုပ်တယ်၊ ကျုပ်မရှိရင် သူတို့ အခက်အခဲတွေမှာ အများကြီး၊ သူတို့က လုပ်တတ်တတ်တယ်၊ ငွေပဲလုတတ်တယ်၊ စီးပွားရေးအကြောင်း နားမလည်ဘူး'

‘ခင်ဗျားက ဘာစီးပွားရေး လုပ်သလဲ’

‘ဘာပဲဖြစ်ဖြစ်လုပ်တယ်၊ ကျုပ်က သူတို့အတွက် ပစ္စည်း သိမ်းပေးတယ်၊ ရောင်းပေးတယ်၊ မိန်းမတွေ လိုက်ရှာပေး တယ်’

‘ဒီကိစ္စကတော့ တကယ်အရေးကြီးတယ်’

ရှောက်မာက ပြုံး၍ ပြောလိုက်သည်။

‘သိပ်ပြီး အရေးကြီးပါတယ်’

‘ဒါကြောင့် ခင်ဗျားကို မသတ်ဘဲထားတာပေါ့၊ ဟုတ် လား’

‘ဟုတ်တယ်၊ သူတို့က ကျွန်တော့်ကိုသတ်ရင် ပုရွက်ဆိတ် တစ်ကောင် အသက်သေလောက် လွယ်တာ၊ ဒါပေမယ့် ပုရွက်ဆိတ် သတ်လို့ ဘာအကျိုး ရှိသလဲ’

‘ဘာအကျိုးမှ မရှိပါဘူး’

‘ဒါလောက် ကျုပ်ဒီမှာ နှစ်တော်တော်များများ နေနိုင်ခဲ့ တာပေါ့’

‘ခင်ဗျား ကျုပ်တို့ကို ဘယ်လိုက်ပို့မှာလဲ’

‘ငြိမ်းချမ်းရေးညော့်ရိပ်သာ’

‘ဝံပုလွေတောင်မှာလဲ ညော့်ရိပ်သာ ရှိသလား’

‘ရှိတယ်၊ တစ်ခုပဲရှိတယ်’

‘ပိုင်ရှင်က ဘယ်သူလဲ’

‘ကျုပ်ပဲ’

‘စိတ်ချရသလား’





‘စိတ်ချရတာပေါ့၊ ညော့်ရိပ်သာထဲ ဝင်တာနဲ့ ခင်ဗျားတို့ ဘာမှ မဖြစ်စေရဘူး၊ ကျုပ် တာဝန်ယူပါတယ်’

‘တကယ်လား’

‘တကယ်ပါ၊ ကျုပ် သဘောတူညီချက် ရပြီးသားပါ၊ အကြီး ကျူးကိုယ်တိုင် သဘောတူခဲ့တယ်’

အကြီးကျူးသည် ဘုရင်ကဲ့သို့ ဩဇာညောင်းသူ၊ သူ့စကား သည် အမိန့်ပင်။

သူ့ကို မည်သူမျှ အမတုဝံ့သူ၊ သူ့အကြောင်းကို လူ တိုင်းသိကြသည်။

ကုန်သည်ကြီးကို ဈေးနှုန်းမေးပြီး နန်နန်က ငွေချေလိုက် သည်။

နန်နန် ချေသောငွေမှာ ကုန်သည်ကြီး တောင်းငွေထက် ဆယ်ဆများသည်။

ငြိမ်းချမ်းရေးညော့်ရိပ်သာသည် ညော့်ရိပ်သာနှင့် ဆင်ရုံသာ ဆင်သည်ဟု ဆိုရမည်။

သစ်သားဆိုင်းဘုတ်မှလွဲ၍ အခြားမည်သည့် ညော့်ရိပ်သာ နှင့်မျှ မတူပါချေ။

အိမ်ပုံစံဖြစ်သည်။

အိမ်က အိုမင်းနေပြီ။

အိမ်ထဲတွင် လူငယ်တစ်ဦးသာ ရှိသည်။

လူငယ်၏ ခေါင်းပေါ်တွင် အနာများ ဗလပွရှိနေသည်။

‘ဒါ....ကျုပ်သားပဲ’

ကုန်သည်ကြီးက ပြောသည်။

'ကျုပ် မိန်းမက ကောင်းတာ မဟုတ်ဘူး၊ အခုစာကြီး အတည်းက နှင်ထုတ်လိုက်ပြီ'

ကုန်သည်ကြီးသည် မဆီမဆိုင် စကားများကိုလည်း ပြောတတ်၏။

ကုန်သည်ကြီးက ဆက်ပြော၏။

'ကျုပ်တို့ဆီမှာ အခန်းရှစ်ခန်းရှိတယ်၊ စားသောက်ခန်းကလဲ အကျယ်ကြီးပဲ၊ ထမင်းစားခန်းကလဲ သိပ်မကျဉ်းလှဘူး၊ အစားအသောက်တွေကလဲ ဖထမတန်းစားချည်းပဲ၊ ဒါကြောင့် ညှိုသည် ပြတ်တယ်လို့မရှိဘူး'

ထိုစကားအဆုံး မှန်ကောင်းနိုင်သည်။

ရှောက်မာတို့ရောက်ပြီ၊ ညှိုသည်တစ်ယောက် ထပ်ရောက်လာသည်။ ညှိုသည်က ပိန်ပိန်ပါးပါး အဘိုးအို၊

အဘိုးအိုက ကတ္တူပါ အနွေးထည်ကို ဝတ်ထားပြီး ရောက်ရောက်ချင်း အရက်တစ်ပိုင်း သောက်နေ၏။

အဘိုးအိုတွင် သုံးပေခန့်ရှိသော ဆေးတံကြီးပါသည်။

ဆေးတံကို သံဖြင့် ပြုလုပ်ထားသည်။

ဆေးအိုးမှာ အသမတန် ကြီးမားသည်။

အလေးချိန်မှာ သုံးပိသာခန့်ရှိ၏။

ပိန်ခြောက်သည့် အဘိုးအိုက ထိုဆေးတံကြီးကို ကိုင်ထားသည်မှာ အံ့သြစရာပင်ဖြစ်သည်။

သို့သော်...

အဘိုးအိုကမူ ထိုဆေးတံကို မြက်ပင် သစ်ပင် ကိုင်ထားသကဲ့သို့ ပေါ့ပါးစွာ ကိုင်ထား၏။





ထိုအဘိုးအိုကား ပုကျန့်။

အတုမဟုတ်၊

အစစ်ပင်...။

ပုကျန့်မှာ ဝံပုလွေတောင်တွင် ဝါအရင့်ဆုံး ဝံပုလွေ၊ ရှောက်မာတို့အားလုံးက သူ့ကို သိလိုက်ပြီဖြစ်၏။

ပုကျန့်၏ စူးရှသောမျက်လုံးအစုံက ရှောက်မာတို့ကို စိုက်ကြည့်နေပြီဖြစ်၏။

'ထေ့ခန်းကြောင်ကို ဘယ်သူ သတ်လိုက်တာလဲ'

ပုကျန့်က တောက်အောင်ကျော်မေးသည်။

'ကျုပ်ပါ'

'ကျုပ်ပါ'

ရှောက်မာနှင့် ချန်ဖဲ့ဖိတို့က အလုအယက်ဖြေ၏။

ပုကျန့်က အလဲ့စားချေရန် ရောက်လာခြင်း ဖြစ်သည်။ ဤသည်ကို ရှောက်မာတို့ကလည်း သိနေကြပြီ။

ကျင်းကျင်းတို့ ညီအစ်မ၏ဓားသည် ပုကျန့်၏ ဆေးတံကို ခုခံနိုင်မည် မဟုတ်ပါချေ။

ထို့ကြောင့် ရှောက်မာတို့က အလုအယက် ဖြေလိုက်ကြခြင်း ဖြစ်သည်။

ပုကျန့်က ခပ်ယဲ့ယဲ့ ပြုံးလိုက်သည်။

'ကျုပ်က ထေ့ခန်းကြောင် တစ်ယောက်တည်းကို သတ်တာ မဟုတ်ဘူး၊ ကျုပ်သတ်တာ လူဝံပုလွေတွေ အများကြီး၊ ခရင်းရှင်းရင် ကျုပ်နဲ့သာရှင်းပါ ပုကျန့်'

ရှောက်မာက စတင် စိန်ခေါ်လိုက်သည်။

'ကျုပ် မင်းအကြောင်း ကြားဖူးပါတယ်'

'ရွှောက်မာဆိုတာ ကျုပ်ပဲ'

'ရွှောက်မာဆိုတာ မြင်းကလေးကို ဆိုလိုတာလား၊ မင်းက မြင်းမဟုတ်ဘူး၊ မြည်းဖြစ်နေတယ်'

ပူကျန့်က ပြန်ပြောလိုက်သည်။

ရွှောက်မာက ခပ်ယဲ့ယဲ့ ပြုံးလိုက်၏။

'သူများလုပ်တာကို မင်းက ကိုယ်ဝင်လုပ်တာလို့ ဝန်ခံနေတယ်၊ မြည်းလို အ,တဲ့လူမှ မင်းလို လုပ်ကြတယ်၊ မင်းက ဆက်သီပဲသုံးတယ်၊ ထေ့ခန်းကြောင်က ခေါ်ခဲ့ သေရတာ'

'ဒါပေမယ့်—ကျုပ်က...'

'ငါ သိတယ် သူက မင်းတို့ကို သတ်ချင်နေတယ်၊ မင်းတို့က သူ့ကို ပြန်သတ်လိုက်တယ်၊ ဒါ နည်းလမ်းကျပါတယ်'

'ခင်ဗျားက နည်းလမ်းတွေ ဘာတွေလဲ နားလည်သကို'

ရွှောက်မာက လှောင်လိုက်သည်။

'အမှန်ဆိုရင် စာရင်းရှင်းစရာတောင် မလိုပါဘူး၊ ဒါပေမယ့်....'

ပုံကျန့်က လက်သီး ကျစ်ကျစ်ပါအောင် ဆုပ်ပြီး ဆက်ပြောသည်။

'သေတဲ့လူက ဓတ္တဲ့တော် ခံလိုက်ရတယ်၊ ဒီလောက် ရက်စက်တဲ့ ခေါ်သမားဟာ ဘယ်သူလဲဆိုတာ ငါသိပါတယ်'

ချန်ဖဲ့ဖိက ပါးစပ်နှင့် စကားမပြောတော့ပါ။

ဓားပျော့ကို ဆွဲထုတ်လိုက်သည်။

'ရှမ်း'





ချန်ဖဲ့ဖိ ဓားကို လေထဲတွင် ဝှေ့ယမ်းလိုက်သည်။

'ဝှစ်...ဝှစ်'

ဓားမှာ လေထဲတွင် ဝှေ့ယမ်းလိုက်သည်နှင့် ရှိုးရှိုးမြွေကဲ့သို့ ထောင်မတ်သွားသည်။

ဓားရောင်က မျက်စိ ကျိန်းလောက်အောင် ဖိတ်ဖိတ်လက်နေသည်။

'ဘယ်လောက်ကောင်းတဲ့ ဓားပါလား'

'ဟုတ်တယ်'

'ကောင်းပြီ၊ မင်းကို ငါစောင့်နေမယ်'

'ဘာပြောတယ်၊ စောင့်နေမယ် ဟုတ်လား'

'ဟုတ်တယ်၊ မင်း တစ်ရေးလောက် အိပ်လိုက်ဦး၊ ငါ....စောင့်နေမယ်'

'စောင့်နေစရာ မလိုပါဘူး'

'ဒီနေရာမှာ လူကိုသတ်လို့ ဘယ်ဖြစ်မလဲ'

'ဘာဖြစ်လို့လဲ'

'သူများခြေရိပ်သာ နာမည် ပျက်သွားမှာပေါ့၊ မင်းက ရက်ချင်း ပွဲစမယ်ဆိုရင်တော့ မင်း သွားချင်ရာသွား၊ ငါ...အခု လိုက်ခဲ့မယ်'

'ကောင်းပြီ'

ပူကျန့်က ချန်ဖဲ့ဖိကို စိုက်ကြည့်နေသည်။

ချန်ဖဲ့ဖိက မတ်တတ်ရပ်ကာ ခြေလှမ်းကျဲဖြင့် ထွက်သွားတော့သည်။ ကျောင်းကျောင်းနှင့် ကျောင်းကြူတို့သည် ယခုတိုင် ကြောင်တောင်တောင် ဖြစ်နေဆဲပင်။

'သူ တစ်ခုခု ဖြစ်သွားသလား မသိဘူး'

နန်းနန်းက တိုးတိုးကပ်၍ပြောသည်။

ရှောက်မာက ဘာမှမပြော။

လက်သီးကိုသာ ကျစ်ကျစ်ပါအောင် ဆုပ်ထားသည်။

သည်ပွဲက မည်သူ ရှုံးမည်နိုင်မည်ကို တွက်မရသည့်ပွဲ။

'တစ်ခုခု ဖြစ်သွားမှာပေါ့၊ အကျိုးလဲ ရှိသွားမှာပါ'

ကုန်သည်ကြီးက ဝင်ပြောသည်။

'ဘာအကျိုးရှိမှာလဲ'

ရှောက်မာက လှမ်းမေးလိုက်သည်။

ကုန်သည်ကြီးက....

'သူ သေသွားမှာ သေချာတယ်၊ တစ်ယောက် လျော့သွားတော့ အခန်းတစ်ခန်း ဆက်သာသွားမယ်၊ မင်းတို့ပိုပြီး စားစားသောက်နိုင်သာပေါ့'

'တောက်'

ရှောက်မာ တက်ခေါက်သံက ဝါးတက် ခေါက်သံကဲ့သို့ ကျယ်လောင်သွားလေသည်။



## အခန်း (၇၂)

နှင်းထုက သိပ်သည်းစွာကျလျက်ရှိသည်။

လေတဟူးဟူးတိုက်နေသော်လည်း နှင်းထုကို မပြိုခွဲနိုင်ပါချေ။

ပုကျန့်၏အနွေးထည်သည် လေပြင်းကြောင့် အထက်သို့ လန်တက်သွားသည်။

သို့သော်....

သူ၏ခန္ဓာကိုယ်သည် မတ်မတ်ကြီး ရပ်လျက်ရှိနေပေသည်။

သူသည် ဖြစ်သလိုရပ်လိုက်ခြင်းပင်။

ခြေနှစ်ဘက်ကို အားမထား၊ စုံမထား။

သို့သော်...

ထိုသို့ရပ်နေခြင်းကပင် အတော်မှာနိုင်ပါနေလေသည်။

စစ်ပွဲပေါင်းများစွာ ကြုံဖူးခဲ့သော စစ်သည်သူလျှင် ထိုသို့သော ဟိတ်ဟန်မျိုးရှိနိုင်ပေသည်။

ချန်ဖဲ့ဖီအလည်း မလှုပ်မယှက်ရပ်နေသည်။

တစ်ဘက်လူအလှုပ်ရှားခြင်းမပြုလျှင် သူ့အနေဖြင့် လှုပ်ရှား၍ မဖြစ်ပေ။

ပူကျန့်သည် ဆေးတံကိုပါးစပ်နှင့်ဘေ့ကာ ဖွာရှိုက်လိုက်သည်။

ဆေးအိုးတွင် မီးတောက်တစ်ချက် ထတောက်သွား၏။

ပုကျန့်သည် ချန်ဖဲ့ဖီအားစိုက်ကြည့်ရင်း....

'မင်းဟာ လူတော်တစ်ယောက်ဆိုတာ ငါသိပါတယ်'

ချန်ဖဲ့ဖီအ ဘာမှမပြောပါချေ။

ပုကျန့်အရိပ်အကဲကိုလာ ကြည့်နေသည်။

ပုကျန့်က ဆက်၍....

'ဒါကြောင့် ငါ့ဆေးအိုးထဲကဆေးတွေဟာ လူသတ်လက်နက်ပုန်း ဖြစ်နေတယ်ဆိုတာ မင်းသိဖို့ကောင်းတယ်'

ချန်ဖဲ့ဖီ ကောင်းစွာသိတော့ပေါက်သည်။

ပုကျန့်၏ ဆေးအိုးထဲမှဆေးသည် လက်နက်ပုန်းလက် ပို၍ကြောက်စရာကောင်းသည်မှာ အမှန်ပင်။

'ငါက မင်းကိုညှာမှာမဟုတ်ဘူး၊ မင်းလဲပညာကုန် ထုတ်သုံးပါ'

'ကျုပ်အလဲ့ ပညာကုန်ထုတ်သုံးမှာပါ'

ချန်ဖဲ့ဖီအ ပြန်ပြောသည်။

ပုကျန့်က ဆက်၍....





'ငါ မင်းလက်ချက်နဲ့သေသွားရင် ငါ့တပည့်တွေက မင်းတို့ကို အနှောင့်အယှက်ပေးမှာ မဟုတ်ပါဘူး'

'ဒါဆိုရင် သိပ်ကောင်းတာပေါ့'

ချန်ဖဲ့ဖီအ ပြန်ပြောလိုက်သည်။

'ငါ့အာရုံ နှာပစ်နိုင်တာဘောင် မင်းကို ငါအပြစ်မတင်ပါဘူး'

ဖူကျန့်က ယဲ့ယဲ့ပြုံးကာ ပြောလိုက်သည်။

ခင်ဗျားရဲ့အာရုံကိုတော့ ချန်ထားပါမယ်'

ပုကျန့်တစ်ချက်တွေသွားသည်။

ချန်ဖဲ့ဖီအ ဆက်၍....

'ဘာဖြစ်လို့လဲဆိုတော့ ခင်ဗျား၏အာရုံဟာ သိပ်မထူးလို့ပါ'

ပုကျန့်က ချန်ဖဲ့ဖီကိုစိုက်ကြည့်နေသည်။

ထို့နောက်....

'သိပ်ကောင်းတာပေါ့'

ဟု ပြောလိုက်သည်။

ထိုစကားသည် ပုကျန့်၏နောက်ဆုံးစကား ဖြစ်သည်။

သူသည် ပြောရင်းပင် လက်ထဲတွင်ကိုင်ထားသော ဆေးတံကြီးဖြင့် စတင်တိုက်ခိုက်တော့သည်။

ပုကျန့်၏ဆေးတံသည် သေနကြောဖိုတ်ရာတွင်အသုံးပြုသော လက်နက်သာဖြစ်သည်။

ပုကျန့်၏ဆေးတံကြီးသည် တစ်မူဆန်းနေသည်။

အသုံးပြုရာတွင် လှံတံနှင့်ခပ်ဆင်ဆင်တူသည်။

ထိုမျှသာမက....

တုတ်၊ ကျည်ပွေ့တိ၊ ကျောက်တုံးများကဲ့သို့လည်း အသုံးပြုနိုင်သည်။

ပုကျွန်၏အသားအိုးထဲမှ ဆေးမှုန့်တို့သည် အချိန်မရွေး လွင့်ထွက်လာနိုင်သည်။

ဆေးအိုးထဲမှထွက်လာသော မီးရောင်ကပင် တစ်ဘက်လူ၏မျက်စိကို အနှောင့်အယှက်ပေးနိုင်သည်။

ရှောက်မသည် ချန်ဖဲ့ဖိ အဘွက် ကြိုတ်၍စိုးရိမ်နေလေသည်။

ယခုဆိုလျှင် ပုကျွန်က ဆယ့်ရှစ်ကြိမ်တိုက်ကွက်ဆင်ခဲ့ပြီးဖြစ်သည်။

သို့သော်....

ချန်ဖဲ့ဖိသည် တစ်ကြိမ်ထစ်ခါမျှ လက်တုံ့ပြန်ခြင်း မပြုသေးပေ။

ဆေးတံကြီးသည် ချန်ဖဲ့ဖိအား တစ်ချက်မျှမထိသေးပါ။

ယင်းသည် ကောင်းသောလက္ခဏာ မဟုတ်ပါချေ။

ချန်ဖဲ့ဖိ၏ခါးသည် တိုက်ကွက်ဆင်ရာတွင် အထူး အားထားရသော လက်နက်ဖြစ်သည်။

သို့သော်....

တုံ့ပြန်တိုက်ခိုက်နိုင်သော အခွင့်အလမ်းမရှိနိုင်သောအခါဖြစ်နေသည်။

မကြာပါ။





'ဝုတ်'

ဆေးအိုးထဲမှဆေးမှုန့်သည် မိုး၍ရိုက်ကာလာသော ဆေးတံနှင့်အတူ ချန်ဖဲ့ဖိထံသို့လွင့်စဉ်လာသည်။

ချန်ဖဲ့ဖိ အရေးနိမ့်တော့မည့်ကိန်း ဆိုက်လာသည်။

ထိုအချိန်မှာပင်...

ချန်ဖဲ့ဖိက ပထမအကြိမ် တုံ့ပြန်တိုက်ခိုက်လိုက်လေသည်။

ဝှီး

ဝှီး...ဝှီး

ဝုန်း...

ချန်ဖဲ့ဖိ၏ ပျော့ချောင်းသောခါးသည် ကြိုးခွေပမာ တစ်ရစ်ပြီးတစ်ရစ် လည်ပတ်သွားသည်။

ဖဲပြားစကိုဆွဲ မှုတ်လိုက်သကဲ့သို့ လွန်ပင် ကြည့်၍ကောင်းသည်။ ထိုအချိန်တွင်ပင်....

မီးငြိလောင်နေသောဆေးမှုန့်များ တစ်မုဟုတ်ချင်း ပျောက်ကွယ်သွားသည်။

'ချွမ်'

ခါးသွားက ဆေးတံကိုရိုက်မိသွား၏။

ခါးသွားသည် ဆေးတံကိုရိုက်မိပြီး ချက်ချင်းပြန်ထွက်လာသည်။

ဖြောင့်တန်းစွာ ပြန်လည်ထွက်လာခြင်းဖြစ်သည်။

တစ်ဆက်တည်းမှာပင် ဆေးတံကြီးက ချန်ဖဲ့ဖိ ခေါင်းထည့်ဘည့်ပေါ် ဝဲကျလာသည်။

'ထန်း၊ ထန်း၊ ထန်း'

'ချွမ်း၊ ချွမ်း၊ ချွမ်း'

မြင်းထန်သော ဆေးတံရှိက်ချက်များကို ချန်ဖဲ့ဖိက လှည့်ပတ် ကာကွယ်ရင်း ပုကျန့်အားစစ်တွင် ဓားနှင့်တစ်ချက်လှမ်းခုတ်လိုက်သည်။

'ထန်း'

ပုကျန့်ကလည်း အလစ်ပေးသူမဟုတ်၊ ချန်ဖဲ့ဖိ၏ဓားချက်ကို ကာကွယ်ရင်း လေထဲတွင် ကျွမ်းပစ်၍ထွက်သွားသည်။

အဆင့်မြင့်သိုင်းပညာရှင်များဆုံမိလျှင် စစ်ထပ်ကြီးနှစ်သပ်ထိပ်တိုက်တွေ့ဆုံကဲ့သို့ထင်ရသည်။

တစ်ဘက်က မိမိရန်သူအား ချောင်ပိတ်မိအောင် လုပ်မည်။

ချောင်ပိတ်မည့်ဆဲဆဲတွင် ပြန်လည်ထိုးစစ်ဆင်နိုင်လျှင် ထိုသူ လက်ရည်သာပြီဟုဆိုနိုင်သည်။

ချန်ဖဲ့ဖိသည် ချောင်ပိတ်မည့်ဆဲဆဲမှာပင် ပုကျန့်ကို ပြန်လည် တိုက်ခိုက်နိုင်ခဲ့၏။

ရှောက်မာသည် ချန်ဖဲ့ဖိ၏အအင်းပါးပုံကို ကြိတ်၍ ချီးကျူးလိုက်မိ၏။

တစ်ဆက်တည်းမှာပင် ချန်ဖဲ့ဖိသည် နောက်ပိုင်းနှစ်များတွင် ဓားကောင်းတစ်လက်ရလိုက်သည့်အပြင် ဓားပညာလည်း တိုးတက်လာပါလားဟု တွေးနေမိ၏။

အဆင့်မြင့်သော သိုင်းပညာသည် ဓားပေါ်တွင်မတည်ဘဲ ဓားကိုင်သူ၏လက်ထဲတွင်သာ ကိန်းအောင်းနေတတ်သည်။





ချန်ဖဲ့ဖိသည် ခွန်အားဖြင့် တစ်ဘက်ရန်သူအား အနိုင်ယူရန် ကြိုးစားနေခြင်းမဟုတ်။

လိမ္မာပါးနပ်မှုဖြင့်သာ အနိုင်ယူရန် ကြိုးစားနေခြင်း ဖြစ်သည်။

ချန်ဖဲ့ဖိ အနိုင်ရပြီဟု ဆိုနိုင်လေပြီ။

'ဝှီ....'

ပုကျန့်မှာ ခုန်ဝင်လာပြီး တိုက်စစ်ဆင်လာပြန်၏။

ဆေးတံအိုးကြီးမှာ ချန်ဖဲ့ဖိ ဦးခေါင်းနားမှ ဖြတ်သွားသည်။

တစ်ဆက်တည်း ဓားသွားလည်း ဆေးတံကိုင်လက်ဘေးမှ ပြန်ကန့်ထွက်လာ၏။

'ဝှစ်'

ပုကျန့် လေထဲတွင် တစ်ပတ်ကျွမ်းပစ်လိုက်သည်။

သူ့အင်္ကျီမှာ လေထဲတွင် လွင့်တက်သွား၏။

ဆေးတံကြီးမှာ သူ့လက်ထဲတွင် မရှိတော့ချေ။

ပုကျန့်မှာ ဆေးတံကြီးကို မလွှဲမရှောင်သာ လွှတ်ချလိုက်ရခြင်းပင်။

ပုကျန့် ဆေးတံကြီးကို လွှတ်မချလိုက်ပါက ချန်ဖဲ့ဖိ၏ ဓားက ပုကျန့်လက်ကို ဖြတ်တောက်ပစ်လိုက်မည်ဖြစ်၏။

ပုကျန့် မြေပေါ်သို့ ပြန်လည် ခြေချမိသောအခါ သူ့မျက်နှာက ဖြူဖတ်ဖြူရော် ဖြစ်နေသည်။

စောစောက ရှိခဲ့သော ဟိတ်ဟန်များလည်း ပျောက်ကွယ်သွားခဲ့ပြီဖြစ်သည်။

ချွန်ဖဲ့ဖိန် ဓားပျော့မှာ ခါးဆီသို့ ပြန်ရောက်သွားခဲ့ပြီဖြစ်သည်။

ဓားသွားကို ဓားအိမ်ထဲ ပြန်လည်ထိုးသွင်းခဲ့ပြီး ဖြစ်လေသည်။

'ဓား ပြန်ထုတ်လိုက်ပါ'

ပုကျန့်က လေသံမာမာနှင့် ပြောလိုက်၏။

'ဘာလဲ နောက်ထပ် ပြိုင်ချင်သေးတယ်ပေါ့'

ချွန်ဖဲ့ဖိန်က ပြန်မေးလိုက်သည်။

'ဓားဆိုတာ လူသတ်ဖို့ပဲ၊ ဆက်မပြိုင်လဲ လူသတ်လို့ ရတာပဲ'

'ကျုပ် ပြောပြီးပါပြီကော၊ အချစ်ခွံကို ချန်ထားပေးမယ်လို့၊ လူက သေသွားပေမယ့် ပါးစပ်က အချစ်ခွံကိုတော့ ချန်ထားလို့ ရပါတယ်'

ပုကျန့် လက်နှစ်ဖက်ကို တင်းတင်း ဆုပ်ထားသော်လည်း သူ့လက်နှစ်ဖက်မှာ တုန်ခါနေသည်။

သူသည် ရှက်ခြင်း၊ အသက်သက် မျှားစွာ အိုစာသွားသည်ဟု ထင်မှတ်ရသည်။

ပုကျန့် အခုနှင့် နောက်ဆုတ်ရန် နည်းလမ်းသာ ရှိတော့သည်။

သူ ဓားဆွဲချင်သည့်တိုင် ဆွဲ၍ မရပါ။

အဘယ်ကြောင့်ဆိုသော်....

ချွန်ဖဲ့ဖိန်က ဓားကို မထုတ်ဘဲ ထားသောကြောင့်ပင် ဖြစ်သည်။





ဓားဆွဲချင်တိုင်း ဆွဲ၍မရသော အဖြစ်မျိုးပင်။

ပုကျန့်သည် အသက်ကြီးနေပြီဖြစ်သည်။

အသက်ရှင်ရန် အချိန် သိပ်မရှိတော့ပါ။

အိုမင်းသူ တစ်ယောက်သည် အသက်တစ်ချောင်းကို တန်ဖိုးထားတတ်သည်။

ပုကျန့်သည်လည်း သူ့အသက်ကို တန်ဖိုးထားပေ၏။

အသက်ကို တန်ဖိုးမထားသူ မည်သူရှိပါမည်နည်း။

လူတိုင်း အသက်ကို တန်ဖိုးထားတတ်သည်သာ။

## အခန်း (၃၃)

နှင်းမှုန်များ ကျဲသွားပြီဖြစ်၏။

ပုကျန့်သည်လည်း နှင်းမှုန်များကြားတွင် ဝင်ရောက်ကွယ်သွားလေပြီ။

ပုကျန့်၏ဆေးတံကြီးအ မြေ င်ကျကျန်ရစ်လျက်ရှိ၏။

ဆေးအိုးထဲမှ ဆေးများကမူ မီးသေနေလေပြီ။

'တစ်ခါတော့ ပြန်လာဝံ့တော့မှာ မဟုတ်ဘူးနဲ့ တူတယ်' နန်းနန်းက ပြောလည်။

ရှောက်မာက....

'သူတင်မကဘူး၊ သူ့တပည့်တွေလဲ လာမှာမဟုတ်တော့ဘူး'





ပုကျန့်သည် စိတ်ဓာတ်အလွန်ခိုင်မာသူဖြစ်ကြောင်း အားလုံး အကဲခတ်မိပြီးဖြစ်သည်။

ပုကျန့်သည် သူ့ကတိကို ဖျက်လိမ့်မည်မထင်ပေ။

'ခင်ဗျားတို့ တစ်ယောက်မှလျော့မသွားပေမယ့် အရက်နည်းနည်းပါးပါး ပိုသောက်နိုင်ပါတယ်'

သူတို့နားတွင် ရပ်နေသော ကုန်သည်ကြီးက ဝင်ပြော၏။

'ဘာဖြစ်လို့လဲ'

ရှောက်မာက သိလျက်နှင့် မေးလိုက်သည်။

ကုန်သည်ကြီးက မျက်နှာချို သွေးအာ....

'ဘာဖြစ်လို့လဲဆိုတော့ ဦးဆရာကြီးရဲ့ဓားပညာကို ကျုပ်တော်တော် သဘောကျလို့ပဲ'

ထိုအချိန်တွင် အခြားအသံတစ်သံ ထွက်ပေါ်လာသည်။

'ကျုပ်လဲ သဘောကျပါတယ်၊ တော်တော်ကို သဘောကျပါတယ်၊ တော်တော်ကောင်းတဲ့ ဓားပညာပါပဲ'

သူတို့တစ်ပြိုင်နက်တည်း နောက်သို့ လှည့်ကြည့်လိုက်ကြသည်။

အိမ်ထဲတွင် လူတစ်ယောက်ထိုင်နေသည်။

စာပေပညာရှင်များလို ဝတ်ဆင်ထားသော လူတစ်ယောက်ဖြစ်သည်။

လက်ထဲတွင် ခေါက်ယပ်တောင်နှစ်လက် ကိုင်ထား၏။

ထိုသူသည် သူတော်ကောင်းဝပ်ပူလေ့ဖြစ်သော ဝင်းလျံယီ ယင်တည်း။

သူတို့သည် ငြိမ်းချမ်းရေး ဧည့်ရိပ်သာထဲသို့ ဝင်ခဲ့ကြသည်။

စားသောက်ခန်းထဲတွင် ထိုင်ကြသည်။

အခြေအနေသည် အေးချမ်းငြိမ်သက်နေသယောင်ပင်။

အားလုံး ငြိမ်သက်စွာထိုင်နေကြသည်။

တစ်ယောက်ကိုတစ်ယောက် ခင်မင်လေးစားဟန်ရှိသည်။

အထူးသဖြင့် သူတော်ကောင်း ဝ ပုလွေက ပို၍ရည်မွန်နေသည်။

ရွှေကမ်မာအမူ အမျိုးနှင့်မတူပါ။

သူတော်ကောင်း ဝ ပုလွေကို တစ်ချိန်လုံး စိုက်ကြည့်နေသည်။

ရွှေကမ်မာ လက်သီးကို ကျစ်ကျစ်ပါအောင် ဆုပ်ထား၏။ အချိန်မရွေး တထိုးတော့မည့်ဟန်မျိုးပင်။

ဝင်းလျှံယီက လုံးဝအာတိမထားမိသည့်ဟန်မျိုး ဖမ်းထားသည်။

'ခင်ဗျားတို့ တစ်ညလုံး ပင်ပန်းခဲ့တယ်နဲ့တူတယ်'

ဝင်းလျှံယီက ပြုံးပြုံးရွှင်ရွှင်အသွင်ဖြင့် ပြောလိုက်၏။ ရွှေကမ်မာ နှုတ်ခမ်းမဲ့သွား၏။

'ပင်ပန်းတာတော့ ပင်ပန်းတာပေါ့၊ ဒါပေမယ့် အခုတော့ အေးအေးချမ်းချမ်း ဖြစ်သွားပါပြီ'

နန်နန်က အပြုံးမပျက် ဝင်ရောက်ပြီး ပြောသည်။

ဝင်းလျှံယီက....

'သူဌေးကြီးချီ'





ကုန်သည်ကြီးကို ခေါ်လိုက်ခြင်းပင်။

ကုန်သည်ကြီး၏အမည်မှာ ချီစိန်ယိဖြစ်သည်။

ကုန်သည်ကြီး အမောတကောရောက်လာသည်။

'ဘာအလိုရှိပါသလဲခင်ဗျာ'

ကုန်သည်ကြီးက မျက်နှာချိုသွေးကာပြောသည်။

'အမြည်းတွေ၊ ဟင်းလျာတွေပြင်လိုက်ပါ၊ အရက် လဲယူခဲ့၊ ကျသင့်သလောက် ကျုပ်စာရင်းထဲထည့်'

ဝင်းလျှံယီက ဟန်ပါပါပြောလိုက်သည်။

ချီစိန်ယိက ရှိရှိသေသေအသွင်ဖြင့်....

'ကောင်းပါပြီ၊ ကောင်းပါပြီ'

'ဒါဖြင့် အမြန်ဆုံးတင်ပြင်ပါ'

'ဟုတ်ကဲ့၊ ဟုတ်ကဲ့'

ရွှေကမ်မာက ယဲ့ယဲ့ပြုံးလိုက်ပြီး....

'ချီစိန်ယိက အလုပ်ဖြစ်သွားပြီ၊ ခင်ဗျားကတော့ ဘာအလုပ်မှ မဖြစ်သေးဘူး၊ ဘာဖြစ်လို့ ငွေကုန်ခံချင်ရတာလဲ'

မေးလိုက်သည်။

'အလုပ်အလုပ်ပဲ၊ ကျွေးမွေးတာနဲ့ မဆိုင်ပါဘူးလေ'

ဝင်းလျှံယီက ပြုံး၍ပြောသည်။

ရွှေကမ်မာက....

'အလုပ်မဖြစ်လဲ ခင်ဗျားက ကျွေးမယ်ပေါ့၊ ဟုတ်လား'

'ခင်ဗျားတို့က ရပ်ဝေးကလာတဲ့ ဧည့်သည်တွေ၊ ကျုပ်အနေနဲ့ အတတ်နိုင်ဆုံး ဧည့်ဝတ်ပြုရမှာပေါ့'

'ဒါဆိုရင် ဖန်ခွက်ကြီးကြီးယူခဲ့'

ရှောက်မာက လေသံကျယ်ကျယ်ဖြင့် ပြောလိုက်သည်။

နန်းနန်းက ရှောက်မာကို ကြည့်လိုက်ပြီး....

'ရှင် တစ်ညလုံးအိပ်ပျော်ခဲ့တယ်၊ ဗိုက်ထဲမှာ အစာလဲ မရှိဘူး၊ လျှော့သောက်တာပဲ ကောင်းပါတယ်'

'အသားရှာပါ၊ သောက်နိုင်သလောက် သောက်ရမှာပေါ့၊ သောက်လို့သေသွားလဲ ပြီးတာပဲ'

ရှောက်မာက ဘုကျကျပြော၏။

ဝင်းလျှံယိက လက်နှစ်ဘက်ဆုပ်နယ်ရင်း....

'ဟုတ်တယ်၊ သောက်နိုင်သလောက် သောက်ထားတာပဲကောင်းတယ်၊ လက်သီးမရှိရင် သောက်ရခက်နေဦးမယ်'

'ကျုပ်လက်သီးကို ခင်ဗျားက လိုချင်တယ်ပေါ့ ဟုတ်လား'

ရှောက်မာက ဝင်းလျှံယိကို စိုက်ကြည့်၍ မေးလိုက်၏။

ဝင်းလျှံယိက ဘာမှမပြော၊ ရှောက်မာကို ကြည့်ကာ ဇွတ်ထဲမြင် အသွင်နှင့်ပြုံးနေသည်။

'ဒါဆိုလဲ ယူသွား'

ပြောရင်း ရှောက်မာက ဝင်းလျှံယိကို လက်သီးနှင့် လှမ်းထိုးလိုက်သည်။

ရှောက်မာ၏လက်သီးက တိကျသည်။

မြန်ဆန်သည်။

မြင်းတစ်ကောင်ကိုပင် အလွဲထိုးနိုင်၏။

မယုံနိုင်လောက်အောင်လည်း မြန်ဆန်လှ၏။

သို့သော် ဝင်းလျှံယိက ယင်းသို့ဖြစ်လာမည်ကို ကြိုတင်တွက်ဆထားဟန်တူ၏။





ဝင်းလျှံယိက ထိုင်ခုံကိုပါ ဆွဲပြီး နောက်သို့ ဆုတ်သွား၏။ ဝင်းလျှံယိမှာ စိတ်ဆိုးပုံမရဘဲ ပြုံးနေသည်။

'မိတ်ဆွေက အရက်ကောင်းမသောက်ရသေးဘူး၊ မူးနေပြီလား'

'သူ မမူးပါဘူး'

နန်းနန်းက ရှောက်မာကိုယ်စား ဝင်ပြောလိုက်သည်။

ဝင်းလျှံယိက ဘာမှ မပြော။

ပြုံးမြဲ ပြုံးနေသည်။

အတန်ကြာတော့မှ....

'သူက လူတွေကို လက်သီးနဲ့ ထိုးတတ်တဲ့အကျင့် ရှိတယ်နဲ့ တူတယ်'

နန်းနန်းက ချိုသာစွာ ပြုံးလိုက်သည်။

'ရှင် မှားသွားပြီ'

'ဘာမှားတာလဲ'

'သူက လူတကာကို လက်သီးနဲ့ ထိုးချင်တာ မဟုတ်ဘူး၊ ရှင့်ကိုပဲ ထိုးချင်နေတာ'

နန်းနန်း၏ စကားကြောင့် ဝင်းလျှံယိ ကြောင်သွားသည်။ နန်းနန်းက ဆက်၍ ပြောသည်။

'သူတင် မကဘူး၊ ဒီမှာရှိတဲ့ လူအားလုံးကလဲ ရှင့်ကို ထိုးချင်နေတယ်'

ငါတော့ မထိုးချင်ပါဘူး

ချန်ပီယံ ဖိုက ဝင်ပြောသည်။

နန်းနန်းက....

'တအယ်မထိုးချင်တာလား'

ဟု မေးသည်။

'ငါက လက်သီးနဲ့ မထိုးချင်ဘူး၊ အရေ့ခွဲကိုပဲ နှာပစ်ချင်နေတာ'

ဝင်းလျှံယိက စိတ်မဆိုးသကဲ့သို့ ပြုံးနေလေသည်။

ပြီးတော့မှ....

'နှင့်မောင်လေး တော်တော် နေမကောင်းဘူး၊ မဟုတ်လား'

နန်းနန်းကို လှမ်းမေးလိုက်သည်။

'ဟုတ်တယ်'

'မောင်အရင်းပဲလား'

'ဟုတ်တယ်'

ဝင်းလျှံယိက ရွှေကြမ်းမားအား မေးငေါ့ပြလိုက်ပြီး....

'သူတို့လဲ မောင်နှမတော်သလား'

နန်းနန်း ခေါင်းခါပြသည်။

ဝင်းလျှံယိက....





'နှင့်မောင်လေးအသက်တစ်ချောင်းက သူ့လက်သီးလောက်တောင် တန်ဖိုးမရှိဘူးနော်'

'သူ့လက်သီး သူပဲ ပိုင်တယ်'

နန်းနန်းက ပြန်ပြောလိုက်သည်။

'မင်းပြောတာ မှန်တယ်၊ ဒါပေမယ့် ကိုယ့်ကိုယ်ကို နှိမ့်ချသလို ဖြစ်မနေဘူးလား'

'ဘာဖြစ်လို့လဲ'

'တခြားမကြည့်နဲ့လေ၊ မင်းရဲ့ လက်နက်ပုန်း ပညာဟာ တကယ်ချီးကျူးစရာ ကောင်းပါတယ်၊ ငါတစ်သက်နဲ့တစ်ကိုယ် ဒီပညာမျိုး မမြင်ဖူးဘူး'

ဝင်းလျှံယိက နန်းနန်း၏ လျှို့ဝှက်ချက်ကို ဖော်ထုတ်ပေးလိုက်၏။

သို့သော် နန်းနန်းက မျက်နှာပျက်မသွားပါ။

'ရှင် တော်တော် လျှော်အားပဲ'

'နှင့်ဘေးက ကောင်မလေး နှစ်ယောက်လဲ သိုင်းပညာ တော်တယ်၊ မင်းက တခြားလူရဲ့လက်သီး လိုချင်တယ်ဆိုရင် လွယ်လွယ်လေးပါ'

ဝင်းလျှံယိက ဆက်ပြောသည်။

'ရှင့်အက်သီး လိုချင်တယ်ဆိုရင် လွယ်လွယ်လေးပဲ မဟုတ်လား'

နန်းနန်းက ဆက်မေးလိုက်သည်။

ဝင်းလျှံယီ ပြုံးနေသော်လည်း သူ့အပြုံးက သဘာဝမကျကြောင်း ထင်ရှားလာသည်။

ဟန်ဆောင်ပြုံးမှုန်း သိသာလာသည်။

'ဒီအဘိုးဆိုရင် ဒီဘစ်ခေါက် တစ်ယောက် အလုပ်မဖြစ်တော့ဘူး ထင်တယ်'

ဝင်းလျှံယီက ပြောလိုက်သည်။

'ဟုတ်ချင် ဟုတ်မှာပေါ့'

နန်းနန်းက ပြန်ပြောလိုက်သည်။

'ဒါနဲ့ မင်းတို့ ဘယ်အချိန် ခွာသွားမှာလဲ'

'ကျွန်မတို့က ဒီမှာ တစ်သက်လုံးနေဖို့ လာတာမှ မဟုတ်ဘာတဲ၊ အနေးနဲ့အမြန် ပြန်ထွက်သွားမှာပါ'

'ကောင်းပြီ၊ ဒါဆိုရင် ကျုပ်သွားမယ်'

ပြောပြောဆိုဆို ဝင်းလျှံယီ နေရာမှ ထရပ်လိုက်တော့သည်။

ထို့နောက် ယပ်တောင်ကို ဖြန့်လျက် နေရာမှ တဖြည်းဖြည်း လှည့်ထွက်သွား၏။

'နေပါဦး'

ရှောက်မာက လှမ်းခေါ်လိုက်သည်။





တစ်ဆက်တည်း ရှောက်မာက တံခါးဝတွင် ပိတ်ရပ်လိုက်သည်။

ထိုအခါ ဝင်းလျှံယီက...

'ဘာကိစ္စရှိလို့လဲ'

'ခင်ဗျား လုပ်စရာတစ်ခု ကျန်သေးတယ်'

'ဘာများလဲ'

'ကျသင့်ငွေကို ရှင်းလိုက်ပါ'

'ဟဲ...ဟဲ...ဟဲ'

ဝင်းလျှံယီက ဘာမှ မပြောဘဲ ရယ်နေလိုက်သည်။

'ကျသင့်ငွေ မရှင်းရင်တော့ ဒီက ထွက်ဖို့ စိတ်မကူးနဲ့'

ရှောက်မာက ခပ်မာမာ ဆက်၍ပြော၏။

ဝင်းလျှံယီက ယပ်တောင်ကို ခပ်လျက် မူလနေရာသို့ ပြန်သွား၏။

ထို့နောက်...

ထိုင်ခုံတွင် ပြန်ထိုင်လိုက်ပြီး...

'ခင်ဗျား နားလည်ဖို့ကောင်းတဲ့ အချက်တွေရှိတယ်'

စကားစသည်။

ရှောက်မာက အသာငြိမ်နေလိုက်သည်။

'အဲဒါတွေသိသလား'

ရှောက်မာ ပါးစပ်ပိတ်ထား၏။

'ကျုပ်က အိပ်ရေးဝနေတဲ့လူ၊ ခင်ဗျားတို့ အိပ်ရေးပျက်ခဲ့တယ်၊ အနားယူဖို့လိုတယ်။

ကျုပ်မှာ အချိန်တွေ အများကြီးရှိသယ်၊ ခင်ဗျားတို့က ဒီတောင်ကို အမြန်ဆုံး ကျော်ရမယ်။

ဒီအတိုင်း အချိန်ဖြုန်းနေမယ်ဆိုရင် ခင်ဗျားတို့အတွက် ဘာမှ အကျိုးမရှိဘူး။

ဒီနေရာဟာ ငြိမ်းချမ်းရေး ညွှန့်ရိပ်သာ၊ အကြမ်းဖက်လို့ မရဘူး။

ခင်ဗျားတို့ စည်းကမ်းအလျှင်မဖောက်မယ်ဆိုရင် ဒီဝံပုလွေတောင်မှာ ခင်ဗျားတို့ ခြေချစရာနေရာ ရှိမှာမဟုတ်ဘူး'

မြောက်မှာ ဒေါသထွက်လွန်း၍ မျက်နှာတစ်ပြင်လုံး နီရဲလာသည်။

ဝင်းလျှံယိက မြောက်မာတို့အား သက်သက် ခြောက်လှန့်နေခြင်း မဟုတ်ပါ။

ဒါကိုသိ၍လည်း မြောက်မာ ဒေါသထွက်ခြင်းဖြစ်၏။

ဝင်းလျှံယိ စကားမှာ မှန်ကန်သောစကားဖြစ်သည်။

'ဒါဆိုရင် မင်းအတို့ကို မကျေးမွေးတော့ဘူးပေါ့'

ကျန်းလုံကျိက ဝင်ပြောသည်။

'အခုဆိုရင် ခင်ဗျားတို့က ကျုပ်ရဲ့ ညွှန်သည်မှ မဟုတ်တော့တာဘဲ၊ ဘာကျွေးစရာ လိုသေးလဲ'

ထိုအခါ ကျန်းလုံကျိက...

'ကောင်းပြီ၊ မင်းမကျွေးရင် ငါကျွေးပါ့မယ်'

'ဟား...ဟား...ဟား'





ဝင်းလျှံယိက အားပါးတရ ရယ်မောလိုက်သည်။

ထို့နောက်...

သူ့လက်ထဲမှ ယပ်တောင်ကို ဝှေ့ယမ်းလိုက်၏။

'ဝှီး...

ထွက်ပေါ်လာသော လေရှိန်ကြောင့် အားလုံး မျက်လုံး မှိတ်လာ၏။

မျက်လုံးများ ပြန်လည် ဖွင့်လိုက်မိချိန်တွင် ဝင်းလျှံယိကို မတွေ့ရတော့ပါ။

နန်နန်က ဆက်ပြင်းချလိုက်ပြီး...

'တော်တော် တော်တဲ့လူပါလား'

ချီစိန်းယိက နန်နန်ကိုကြည့်၍ ပြုံးလိုက်၏။

'မင်း လူကဲခတ် မသိုးပါဘူး၊ ဒီတောင်မှာ ဘကြီးကြူးအလွဲနှင့် ဒီလူက သိုင်းပညာ အတော်ဆုံးပဲ'

ချီစိန်းယိက ပြုံးရင်းပြောသည်။

'ရှင် ဘကြီးကြူးကို မြင်ဖူးသလား'

နန်နန်က ပြန်မေးလိုက်၏။

'မြင်ဖူးတာပေါ့'

'လူနဲ့တွေ့ချင်ရင် ဘယ်လိုတွေ့ရမလဲ'

'မင်းက သူနဲ့တွေ့ချင်လို့လား'

'သူဟာ လူတော်တစ်ယောက် အတိဘည်တယ်လို့ ကြားဖူးတယ်၊ ဒါကြောင့် ကျွန်မက တွေ့ချင်တာပေါ့'

'ဘာကိစ္စလဲ'

'တကယ်လို့ ကျွန်မ သူနဲ့တွေ့နိုင်မယ်၊ သူကတဲ့ သွားခွင့်ပြုမယ်ဆိုရင် ကျွန်မတို့ကို ဘယ်လူကမှ ဝင်ရောက် နှောင့်ယှက်ဝံ့တော့မှာ မဟုတ်ဘူး။

ဒီအဘောင်ကို ရှောရှောရှူရှူ ကျော်မယ်ဆိုရင် ဒီနည်းဟာ အကောင်းဆုံးပဲ'

'အင်း....ဒီနည်းဟာ ကောင်းပါတယ်၊ ဒါပေမယ့် တစ်ခုတော့ရှိတယ်'

ချိစိန်းယိက စကားကို မဆက်သေးဘဲ ခေတ္တ ရပ်ထား၏။

'တစ်ခုရှိတယ်ဆိုတာ ဘာလဲ'

'မင်း သူနဲ့ ဘယ်တော့မှ တွေ့ရမှာ မဟုတ်ဘူး၊ ဒီတောင်ပေါ်မှာ နေတဲ့သူတွေထဲမှာ သူနေတဲ့နေရာကို သိတဲ့သူဟာ လေးငါးယောက်ပဲရှိတယ်'

'ရှင်လဲ မသိဘူးပေါ့'

'ငါက စီးပွားရေးသမားပဲ၊ ဒါတွေ မသိဘူး'

နန်းနန်း စိတ်ပျက်လက်ပျက် ဖြစ်သွားပုံရသည်။

ချိစိန်းယိက ပြုံးနေသည်။

ဒုတိယပိုင်း စာတ်သိမ်းကို
ဆက်လက်ဖတ်ရှုပါရန်

မောင်နှင်းဆွေ